www.burmeseclassic.com

လူငယ်တွေပဲ ဖတ်ဖတ်
လူကြီးတွေပဲ ဖတ်ဖတ်
နည်းနည်းဖတ်ပြီး များများတွေးဖို့ . . .

ကြက်ရိုးဒဿန

ဦးဘုန်း (စာတု၊ မန္တလေး)

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာ
အုပ်ရေ
၁၀၀၀
ထုတ်ဝေသူ
ဦးမျိုးမြင့် (စာနဒီစာပေ)
အမှတ် ၉၃၇၊ ပျဉ်းမမြို့လမ်း၊ ၃၄ ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်း။
ပုံနှိပ်သူ
ဦးဇော်မြင့်ဝင်း (ကာလာခဲ့ပုံနှိပ်တိုက်)
အမှတ် (၁၈၄/ဘီ)၊ ခုခ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း
အုံဘွယ်ဇင်
အတွင်းသရုပ်ဖော်
ဝင်းကို
ကွန်ပျူတာစာစီ
ကြယ်စင်သစ်
အတွင်းဖလင်
ပုံရိပ်ရှင်
မျက်နှာဖုံးဖလင်
Eagle
တန်ဖိုး
၂၀၀၀ ကျပ်

ဦးချိုနိုး(စာတု)မန္တလေး ၀၁၈-၀၄
ကြက်မိုးဒဿန/ ဦးဘုန်း(စာတု) မန္တလေး - ရန်ကုန်
စာနဒီစာပေ၊ ၂၀၁၂
၁၆၂-စာ၊ ၁၂.၅ × ၁၈.၅ ဧင်ငါဝိတာ။
(၁) ကြက်မိုးဒဿန

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

စာရေးသူ၏ အမှာစာ	၉
စီစဉ်သူ၏ အမှတ်တရစကား	
၁။ အလွဲများ	၁၁
၂။ ကြိမ်ဆွေ	၁၇
၃။ ကြက်ရိုးဒဿန	၂၅
၄။ သစ်ကိုင်းကျိုး	၃၇
၅။ ထရိုင်းအဂိမ်း သိုင်းကျူး	၄၇
၆။ ချစ်သူများနေ့	၅၃
၇။ ခြင်မလေးရဲ့ လက်ခုပ်သံ	၆၃
၈။ သဉ်းလည်း	၇၁
၉။ မိုးပျံပူဖောင်း	၈၁
၁၀။ ပန်းချီးတာလောက်တော့... ရယ်တာပေါ့	၈၇
၁၁။ ဥသျှစ်သီး	၉၅
၁၂။ အလုပ်မရှိ... ဘဝမရှိ	၁၀၃
၁၃။ ခြင်းပွဲ	၁၁၁
၁၄။ စွန့်လိုက်သူ	၁၁၉
၁၅။ မသိ... မသာ	၁၂၇
၁၆။ သတော်ပင်	၁၃၅
၁၇။ ခွေးမိသားစု	၁၄၃
၁၈။ မီးရထား	၁၅၅

www.burmeseclassic.com

www.burmeseclassic.com

စာဖတ်သူများ၊ ဦးဘုန်း (ဓာတု) မန္တလေးနှင့် လင်းလွန်းခင်စာပေ

လင်းလွန်းခင်စာပေတိုက်နဲ့ ဦးဘုန်း (ဓာတု) မန္တလေးတို့ လက်တွဲပြီး စာအုပ်လေးတွေ ထုတ်ဝေလာခဲ့တာ ယခု 'ကြက်ရိုးဒဿန' စာအုပ်လေးပါ ဆိုရင် (၈)အုပ်မြောက် ဖြစ်သွားပါတယ်။ ဆရာဦးဘုန်း (ဓာတု)အနေနဲ့တော့ 'စာသင်ခန်းထဲမှ စကားများ' ဆိုတာ တစ်အုပ်ထွက်ခဲ့ဖူးသေးတော့ စုစုပေါင်း (၉)အုပ် ဖြစ်ပါလိမ့်မယ်။

ဦးဘုန်း(ဓာတု)နဲ့ ကျွန်တော်တို့ လင်းလွန်းခင်စာပေတိုက်တို့ စတင် ဆုံစည်းခဲ့တာ (၃)နှစ်လောက်တော့ ကြာခဲ့ပြီဖြစ်ပါတယ်။ ကျွန်တော်က စစ်ကိုင်းတိုင်း ရွှေဖက်စပ်လုပ်ငန်းရုံး၊ တိုင်းတာဝန်ခံကနေ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလမှာ အနားယူခဲ့ပြီး အနီးစခန်းမှာနေရင်းက ရန်ကုန်ကိုဆင်းပြီး စာအုပ်တွေ လုပ်ဖြစ်ခဲ့ပါတယ်။ ဖြန့်ချိရေးလည်း ရန်ကုန်မှာပဲအပ်ထားပြီး ကြဲမှသာ ငွေရှင်းခွင့်ရခဲ့တာမျိုးပါ။ ဝါသနာအရနဲ့ ရသစာပေကို ချစ်မြတ်နိုးလွန်းလို့သာ ကိုယ်တိုင်လည်း မြတ်နိုး၊ စာဖတ်သူများတွေလည်း နှစ်သက်စေမယ့် စာအုပ်လေးတွေကို ထုတ်ဝေဖြစ်နေတာပါ။ ဆရာ မောင်သင်းထုံ(ကျောက်မဲ)ရဲ့ 'ရွှေရောင်လွမ်းတဲ့ ပန်းခင်းစကြာ' ဆိုတဲ့ ဝတ္ထုတိုပေါင်းချုပ် တစ်အုပ်ကို အဲဒီကာလအတွင်း ထုတ်ဝေဖြစ်ခဲ့ပါတယ်။ ဆရာ မောင်သင်းထုံ (ကျောက်မဲ)နဲ့လည်း ခင်မင်ရင်းနှီး ခဲ့ရပါတယ်။

ပြင်ဦးလွင်က 'စာပန်းအိမ်' ပညာသင်ကျောင်းက ဆရာ မောင်သင်းထုံ (ကျောက်မဲ)နှင့် ဆရာဦးဘုန်း(ဓာတု)မန္တလေးတို့ စကားစပ်မိပြီး လင်းလွန်းခင်စာပေတိုက်မှ ဆရာဦးဘုန်းရဲ့ စာအုပ်လေးတွေ ထုတ်နိုင်ဖို့ စကားပြောဖြစ်ကြပါတယ်။ ဆရာဦးဘုန်းက သူ မန္တလေးမှာ ထုတ်ဝေဖြန့်ချိခဲ့ဖူးတဲ့ 'နီးနီးဝေးဝေး အတွေးလက်ဆောင်' စာအုပ်လေးကို ဖတ်ဖို့ပေးခဲ့ရင်းနဲ့ ကျွန်တော်တို့ (လင်းလွန်းခင်စာပေ)နဲ့ ဦးဘုန်း(ဓာတု) မန္တလေးတို့ရဲ့ ပထမဦးဆုံးစာအုပ် 'တွင်း' အတွေးစာစကား စာအုပ်လေး ထုတ်ဝေဖို့ အကြမ်းဖျင်း ညှိနှိုင်းခဲ့ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အနေနဲ့ ဦးဘုန်း (ဓာတု)မန္တလေးရဲ့ စာအုပ်လေးတွေ အောင်မြင် လာလိမ့်မယ်လို့ ဘယ်လိုမှ မျှော်လင့်မရခဲ့ပါဘူး။ တကယ်တမ်း ကျွန်တော် နှစ်ခြိုက်တာကလည်း ရသစာပေအစု ဝတ္ထုတို၊ ဝတ္ထုရှည်၊ လုံးချင်း စတာတွေလေ။ အတွေးလေးတွေနဲ့ ရောနေတဲ့ စာစုလေးတွေကို လူကြီး၊ လူငယ်အစ ရဟန်း ရှင်လူ အဆုံး နှစ်သက်သဘောကျ ကျေနပ်ကြမယ်လို့ ထင်မထားခဲ့မိပါဘူး။

'တွင်း' (အတွေးစာစကား) စထွက်တော့ ရန်ကုန် City Star Hotel မှာ ရွှေမန္တလေးဂျာနယ်မှာ ရေးသားနေတဲ့ ဦးဘုန်း (ဓာတု)ကို ရန်ကုန် ပရိသတ်နဲ့ စတင် မိတ်ဆက်ပေးခဲ့ပါတယ်။ 'နီးနီးဝေးဝေး အတွေးလက်ဆောင်'ကို ဒုတိယ အကြိမ် ရိုက်နှိပ်ထုတ်ဝေ ပြီးတဲ့နောက် ဦးဘုန်း (ဓာတု)ရဲ့ စင်ကာပူ၊ မလေးရှား ခရီးသွား အတွေးရသစာစုလေးတွေ စုစည်းပြီး 'ငှက်တစ်ကောင်၏ အတွေး ရနံ့' စာအုပ်လေးကို ထုတ်ဖြစ်၊ စာအုပ်မိတ်ဆက်ဖြစ်တဲ့အခါမှာတော့ စာပေ အသိုင်းအဝိုင်းကလည်း လက်ခံ၊ စာဖတ်ပရိသတ်လည်း နှစ်သက်တဲ့ စာအုပ်လေးတွေ ဖြစ်လာပါတော့တယ်။ ကြိုက်နှစ်သက်တဲ့သူ များသလို မနှစ်ခြိုက်တဲ့ သူတွေလည်း ရှိမှာပါ။ ကျွန်တော့်အနေနဲ့လည်း ကောင်းလှ ချေရဲ့လို့ ညွှန်းချင်တာ မဟုတ် ပေမယ့် စာအုပ်ရောင်းရတဲ့ အတိုင်းအတာကို ကြည့်ရင် လူကြိုက် ဘယ်လောက် များလာလဲ ဆိုတာ သိနေရပါတော့တယ်။

ဒါနဲ့ပဲ ကျွန်တော်တို့ လင်းလွန်းခင်စာပေတိုက်နဲ့ ဆရာဦးဘုန်း (ဓာတု) မန္တလေးတို့ ဆက်ပြီး 'သုည'အတွေးရသစာစု၊ 'အဖေ့အိမ်'၊ 'အတွေးလက်ဆောင် ဒိုင်ယာရီ(၁)၊ (၂)'၊ 'သံစဉ်များနဲ့ကမ္ဘာ' စာအုပ်တွေ ဆက်ပြီး ထုတ်ဝေလာခဲ့တာ အခုတော့ 'ကြက်ရိုးဒဿန အတွေးရသစာစုများ'စာအုပ်ကို ပရိသတ်လက်ထဲ ပို့ဆောင်နိုင်ခဲ့ပါပြီ။

လင်းလွန်းခင်စာပေတိုက်က ထုတ်ဝေခဲ့ပြီးတဲ့ ဦးဘုန်း (ဓာတု) မန္တလေး ရဲ့စာအုပ်တွေကို ဝယ်ယူအားပေးကြတဲ့ စာဖတ်သူများရဲ့ မေတ္တာ၊ စေတနာနဲ့ လင်းလွန်းခင် စာအုပ်တိုက်ကို ချစ်ခင်စေတနာထားတဲ့ ဦးဘုန်း (ဓာတု) မန္တလေး ရဲ့ မေတ္တာကိုလည်း တန်ဖိုးထား ဂုဏ်ယူလျက် ရှိပါကြောင်း တင်ပြရင်းဖြင့် စာဖတ်ပရိသတ်အပေါင်း ကောင်းကျိုးလိုရာဆန္ဒ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

သိန်းလွင် (ကျောက်ပုတ်ဦး)

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ၏ အမှာစာ

ယခု 'ကြက်ရိုးဒဿန' စာအုပ်သည် (၉)အုပ်မြောက် ဖြစ်ပါသည်။

ထုတ်ဝေပြီးသမျှ စာအုပ်များကို လက်ခံအားပေးကြသည့်အတွက် ဓမ်းသာကြည်နူးပီတိ ဖြစ်မိသည်ကတော့ အမှန်ပါ။ ယခုစာအုပ်သည်လည်း ကျွန်တော် တတ်စွမ်းသမျှ တွေးတောရေးသားထားခြင်းများထဲမှ ကောင်းနိုးရာရာများကို စုစည်းထားခြင်း ဖြစ်ပါသည်။

ယခုကာလတွင် စာပေဟောပြောပွဲများ သွားနေရပါသည်။ သို့အတွက် စာရေးချိန် နည်းပါးလာပါသည်။ စာပေဟောပြောပွဲအတွက် သုတရသစာပေများ စာဖတ်ချိန်ကတော့ ပိုများလာပါသည်။ စာတွေ များများဖတ်လေလေ စာတွေ ကောင်းမှန်း သိလာလေလေဖြစ်လာပြီး စာတွေကို ပို၍ ပို၍ ဖတ်ချင်လေလေ ဖြစ်လာရပါသည်။ ကျွန်တော်တို့၏ ရှေ့က စာပေကြွယ်ပွင့်များ အလွန်တော်ကြပါသည်။ သူတို့၏ အတွေးအခေါ် အရေးအသားနှင့် စိတ်အာရုံကျက်စားမှုကို သူတို့၏စာပေများတွင် တွေ့ရပါသည်။ သူတို့ကို မီဖို့ မလွယ်ပါ။

ကျွန်တော်တို့ နိုင်ငံတွင် ရသပဲ ရေးရေး၊ သုတပဲ ရေးရေး၊ သုတရသပဲ ရေးရေး၊ သုတရသ အတွေးအမြင်ပဲ ရေးရေး၊ ဘာသာပြန်ပဲ ရေးရေး၊ တက်ကျမ်းပဲ ရေးရေး၊ နိုင်ငံရေးစာပေပဲ ရေးရေး··· စာရေးဆရာ အားလုံး၏ ပရဟိတစိတ်ကို ကျွန်တော် မြင်နေမိသည်။ ချစ်နေမိသည်။ မြန်မာနိုင်ငံတွင်

www.burmeseclassic.com

www.burmeseclassic.com

စာရေးခြင်းဖြင့် ချမ်းသာသူ မရှိသလောက် ရှားပါသည်။ သို့သော် စာရေးဆရာ အလွန်များပြားလှပါသည်။ ဒါကို ကြည့်ခြင်းဖြင့် စာပေသမားတို့၏ တာဝန် ကျေပွန်မှုနှင့် သတ္တိကို အလေးအမြတ် ပြုမိနေသည်။

ထို့အတူ စာအုပ်ထုတ်ဝေပေးနေသူများ၏ စာပေအပေါ် ထားရှိသည့် သဒ္ဓါစိတ်ကိုလည်း မှတ်တမ်းတင်မိပါသည်။

♥♥♥

ကျွန်တော်၏စာများသည် မထူးပါ။ သို့သော် ဆန်းသည်ဟု ပြောကြသည်။

ကျွန်တော်၏ အရေးအသားများသည် ရိုး၏။ သို့သော် ရှင်းသည်ဟု ပြောကြသည်။

ကျွန်တော်၏ အတွေးစာများသည် မမြင့်လွန်းပါ။ သို့သော် မြင်တတ် လိုက်တာဟု ပြောကြသည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော် ကျေနပ်ကြည်နူးရပါသည်။

ရဟန်းသံဃာတော်တွေပဲ ဖတ်ဖတ်၊ လူကြီးတွေပဲ ဖတ်ဖတ်။

လူငယ်တွေပဲ ဖတ်ဖတ်၊ ကျောင်းသားတွေပဲ ဖတ်ဖတ်။

အိမ်ထောင်ရှင်တွေပဲ ဖတ်ဖတ်၊ မီးဖိုချောင်ထဲက အိမ်ရှင်မတွေပဲ ဖတ်ဖတ်။

နည်းနည်းဖတ်ပြီး များများတွေးစရာ ပါသည်များကို ရေးဖွဲ့ထားပါ သည်။

နှစ်သက်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

မေတ္တာအင်အားဖြင့်-

ဦးဘုန်း (ဓာတု) မန္တလေး
၈-၈-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"ဂန္ဓိရုမဂ္ဂင်းထဲမှာပါတဲ့ အစီအမံတွေ အကုန်လုပ်တယ်ကွ။
ငွေများများရဖို့အတွက် ရေတံခွန်ပါတဲ့ ပန်းချီကားတွေ ချိတ်ရမယ်။
ရေပါတဲ့ ပိုစတာတွေ ကပ်ရမယ်လို့ မဂ္ဂင်းထဲက ရေးရင်
အဲဒီအစီအမံအတိုင်း လိုက်ပြီး လုပ်ကြတော့တာပဲကွ။
မင်း ဘာသိလို့လဲ။
သူတို့ဆေးရုံ လူစည်ဖို့၊
သူတို့စိုက်ထုတ်ရင်းနှီးထားရတဲ့
ငွေကြေးတွေ အမြန်ပေါ်ဖို့၊ အရင်းကျဖို့
ဝေဒင်ဆရာဆီလည်း သွားလိုက်တာပဲ။
ယတြာဆိုလည်း လုပ်လိုက်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com

အလွဲများ

ကျွန်တော်ကလည်း ကျွန်တော်ပဲ။

ကတ်သီးကတ်သတ်ကိုမှ ရှာရှာဖွေဖွေ မြင်တတ်တယ်။ မြင်တွေ့နေကျ ဆိုတော့ ဘာမှ မဟုတ်သလိုပါပဲ။ သေချာတွေးကြည့်တော့ ရယ်စရာလည်း ကောင်းတယ်။ မဖြစ်သင့်ဘူးဆိုတာလည်း တွေးမိတယ်။

တစ်နေ့ဆီတုန်းက၊

လမ်းသောမှာ ဆိုင်းဘုတ်တစ်ခုကို တွေ့တယ်။ အဖြူရောင်အောက်ခံပေါ်မှာ အနီရောင်နဲ့ ရေးထားတာ။ ရေးထားတဲ့စာသားကလည်း ကြည့်ပါဦး။

"မိဘမေတ္တာ အပေါင်ဆိုင်" တဲ့။

မိဘမေတ္တာ ဆန်စက်တို့၊ မိဘမေတ္တာ မိတ္တူ၊ မိဘမေတ္တာ ထမင်းဆိုင်၊ မိဘမေတ္တာ သစ်ဆိုင်၊ မိဘမေတ္တာ ကားအသင်း၊ မိဘမေတ္တာ ဆေးဆိုင်၊ မိဘမေတ္တာ စက်ချုပ်ဆိုင် တို့ဆိုရင် အဓိပ္ပာယ်ရှိတယ်။ ကိုယ့်လုပ်ငန်းမှာ မိဘကို ဦးထိပ်ထားတဲ့ သဘောဖြစ်တဲ့အတွက် သဘောကျဖို့ ကောင်းပါတယ်။ လိုက်လည်း လိုက်ဖက်တယ်။ အခုတော့... ကြည့်ပါဦးဗျာ။

"မိဘမေတ္တာ အပေါင်ဆိုင်" တဲ့။

မိဘမေတ္တာကိုတောင် အပေါင်ခံတဲ့သဘော ဖြစ်မနေပေဘူးလား။ မြန်မာစာ အသုံးအနှုန်း လွဲနေတယ်။ အဲဒီအပေါင်ဆိုင်ပိုင်ရှင်ဟာ မြန်မာကော ဟုတ်ရဲ့လား မသိဘူး။ လာသမျှကို အပေါင်ခံတဲ့ သဘောရှိတယ်။ မိဘမေတ္တာကိုတော့ အပေါင်ဆိုင် ဆိုတဲ့ စကားလုံးနဲ့ တွဲပြီး မသုံးသင့်ဘူး။

ကျွန်တော်တို့တစ်တွေ မြင်တွေ့နေကျ လေထိုးကျွတ်ဖာဆိုင်တွေမှာ ရေးတတ်တာတွေ ရှိသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com

"အရဟံ- လေ" တဲ့။

တော်တော်ကို ကမောက်ကမနိုင်တဲ့ အရေးအသားပဲဗျ။ 'အရဟံ' ဆိုတဲ့ မြင့်မြတ်တဲ့ စကားလုံးကို 'လေ' ဆိုတဲ့ စကားလုံးနဲ့ တွဲလိုက်တော့ စိတ်ထဲမှာ အရိုအသေတန်နေတယ်လို့ ခံစားရတယ်။

ဒီထက်ဆိုးတာက ရှိသေးတယ်။ အမှန်ကြိတ်စက်က ရေးထားတဲ့ လုပ်ငန်းဆိုင်းဘုတ်ပါ။ အမှန်ကြိတ်စက်ဆိုတော့ ပဲလည်း ကြိတ်တာပဲ။ ဆန်လည်း ကြိတ်တာပဲ။ ဆေးလည်း ကြိတ်တာပဲ။ အမှန်ကြိတ်စက်နားရောက်ရင် အဝေးကနေ ပြီးတော့ 'ပရဆေး' အနံ့တွေ ရနေတတ်တယ်။ ရေးထားတဲ့ ဆိုင်းဘုတ်ကလည်း ကြည့်ပါဦး။

"ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ- အမှန်ကြိတ်သည်" တဲ့။

ရေးထားတဲ့ ဆိုင်းဘုတ်ကို ဖတ်လိုက်ရတော့ ကျွန်တော့်မှာ ကြက်သီးများ တောင် ဖြန်းဖြန်းထမိတယ်။

ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံကိုတောင် အမှန်ကြိတ်မယ်တဲ့ဗျာ။ မဖြစ်သင့်ဘူး။

တောင်သာ-မြင်းခြံ သွားတုန်းကလည်း ဒီအတိုင်းပါပဲ။ 'ထန်းရည်ဆိုင်' ဖြစ်ကြောင်းကို ဖော်ပြထားတဲ့ လမ်းညွှန်ဆိုင်းဘုတ် ကြော်ငြာပါ။ ပျဉ်းပြားကြီးကြီး ပေါ်မှာ မြေဖြူခဲကို ရေဆွတ်ပြီးတော့ ရေးထားတာ။

"ပဥ္စ ဂုဏ အဟံဝန္ဒာမိ - ထန်းရည်ဆိုင်"

ဒီစာသားကိုမြင်တော့... ပြုံးမိတယ်။ တွေးရင်းနဲ့ ကြောက်လာတယ်။ ဗုဒ္ဓဘာသာဝင်တွေဆိုတော့ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာကို ဦးထိပ်ထားတာ ကောင်းပါတယ်။ လုပ်ငန်းတော်တော်များများမှာလည်း ဒီလိုရေးထားတာ တွေ့ဖူးပါတယ်။ အခုတော့ဗျာ။ သေရည်သေရက်ဆိုင်ကလည်း မတွဲသင့်တဲ့ ဝေါဟာရကို တွဲပြီး ရေးထားတယ်။ အလွဲတွေ... အလွဲတွေ။

မြင်းခြံမြို့က အရက်ဖြူဆိုင်မှာ ရေးထားတာ ကြည့်ဦး။

"ဝိမုတ္တိရသ- အရက်ဖြူဆိုင်" တဲ့။

သူများတွေတော့ မသိဘူး။ ဖတ်မိတဲ့ ကျွန်တော့်မှာ ငိုရမလို၊ ရယ်ရမလို ဖြစ်သွားတာတော့ အမှန်ပဲ။

ဒီထက်လွဲတာ ရှိသေးတယ်ဗျ။

ကျွန်တော့်သူငယ်ချင်းရဲ့ ဆေးခန်းမှာ ရွှေလာငွေလာ ဂမုန်းပင်တွေ

www.burmeseclassic.com

စိုက်ထားတာ အများကြီးပဲ။ သူ့ဆေးခန်းမှာ လူနာတွေ အလာများဖို့ ဂမုန်းပင်ကို စိုက်ထားတာတဲ့။ အဲဒီဂမုန်းပင်မှာ ရွှေတောင် ချထားလိုက်သေးတယ်။ ဘယ်လို ပြောရမှန်း မသိပါဘူး။ သူဝင်ငွေ ကောင်းဖို့အတွက် တစ်ရပ်ကွက်လုံးက ဗျားနာပေးရ မလို ဖြစ်နေတော့တယ်။ တုပ်ကွေးရာသီကလည်း ရောက်ခါနီးပြီဆိုတော့ ကျွန်တော့် သူငယ်ချင်းက ဆေးတွေဝယ်ပြီး စုနေတယ်တဲ့။ အဲဒီအကြောင်းကို ပြောပြတော့ ကျွန်တော့်သူငယ်ချင်း ဆရာဝန်က ရယ်တယ်ဗျ။ ပြီးတော့ ဒီလိုပြောတယ်။

"ငါ့ထက်ဆိုးတာတွေ ရှိသေးတယ်ကွ"

"ဘာများလဲ"

"ကလေးအထူးကု ဆရာဝန်မကြီးတစ်ယောက် ဆေးခန်းမှာ ဇီးကွက် ရုပ်ကြွေးနှစ်ရုပ် ချထားတယ်။ ကလေးလူနာတွေ များများလာအောင်တဲ့။ ရယ်ရ တယ်နော်"

"မင်းကသာ ရယ်ရတယ်ပြောနေ။ တော်တော်လွဲတယ်ကွ"

"ဒီထက်ဆိုးတာ ရှိသေးတယ်။ မင်းသတိမထားမိလို့။ အထူးကုဆေးခန်း တွေ ရောက်ဖူးတယ် မဟုတ်လား"

"အေး ရောက်ဖူးတယ်လေ"

"အဲဒီမှာလည်း ရွှေလာငွေလာ ဂမုန်းပင်တွေ စိုက်ထားတာ မင်း မတွေ့မိဘူးလား"

"ငါတော့... သတိမထားမိပေါင်ကွာ"

"အဲဒီ အထူးကုဆေးခန်းတွေရဲ့ ကောင်တာပေါ်မှာ မင်း ဘာမြင်သလဲ ပြောစမ်း"

"ငါတော့ ထူးထူးထွေထွေ မမြင်မိပါဘူးကွာ"

"မင်းက ငါ့ကိုသာ ကဲ့ရဲ့နေတာ။ အထူးကုဆေးခန်းတွေက ငါ့ထက် ဆိုးတယ်ဗျ။ သူတို့တစ်တွေက လူနာတွေ များများလာဖို့ ဘာလုပ်ထားတယ် ထင်သလဲ"

"ငါဘယ်သိမှာလဲ။ မင်းတို့က အချင်းချင်းတွေပဲဆိုတော့ သိမှာပေါ့"

"ဂမ္ဗီရမဂ္ဂဇင်းထဲမှာပါတဲ့ အစီအမံတွေ အကုန်လုပ်တယ်ကွ။ ငွေများများ ရဖို့အတွက် ရေတံခွန်ပါတဲ့ ပန်းချီကားတွေ ချိတ်ရမယ်၊ ရေပါတဲ့ ပိုစတာတွေ ကပ်ရမယ်လို့ မဂ္ဂဇင်းထဲက ရေးရင် အဲဒီအစီအမံအတိုင်း လိုက်ပြီး လုပ်ကြတော့

www.burmeseclassic.com

www.burmeseclassic.com

တာပဲကွ။ မင်း ဘာသိလို့လဲ၊ သူတို့ဆေးရုံ လူစည်ဖို့၊ သူတို့စိုက်ထုတ်ရင်းနှီးထားရတဲ့ ငွေကြေးတွေ အမြန်ပေါ်ဖို့၊ အရင်းကျဖို့ ဗေဒင်ဆရာဆီလည်း သွားလိုက်တာပဲ။ ယတြာဆိုလည်း လုပ်လိုက်တာပဲ"

"အေး... ဟုတ်လား။ ကျန်တဲ့စီးပွားရေးလုပ်ငန်းဆိုရင်တော့... ငါ ဘာမှ မပြောလိုဘူး။ ဆေးရုံဆေးခန်းတွေက အဲဒီလို လုပ်တာဆိုတော့ ရယ်ရမလို ငိုရမလိုပဲ။ ဟုတ်ကော ဟုတ်ရဲ့လားကွာ"

"မင်းမယုံရင် အထူးကုဆေးခန်းကြီးတွေရဲ့ ဧည့်ခန်းဆောင်မှာ မင်း လေ့လာကြည့်လိုက်။ အထူးကုဆိုတဲ့အတိုင်းပဲ ထူးတဲ့သူမှ ကုသနိုင်တဲ့ ဆေးခန်းကြီး တွေ များလာလေလေ... မထူးထူးအောင် ဓာတ်တွေ၊ ယတြာတွေကလည်း စုံမှစုံပဲ သူငယ်ချင်းရ"

"မျှတတဲ့ အသက်မွေးမှု ဟုတ်,မဟုတ် စဉ်းစားစရာပဲ"

"မင်းသတိထားမိရဲ့လား မသိဘူး။ 'ဝင်လာမစဲ တသဲသဲ'ဆိုပြီး ဇီးကွက် ရုပ်နဲ့ ပလတ်စတစ်ကတ်တွေလေ။ အဲဒီလို အစီအမံတွေကလည်း အထူးကု ဆေးခန်းတိုင်းလိုလိုမှာ ရှိတယ်ကွ"

"မင်းဆေးခန်း အဝင်ဝမှာလည်း ငါမြင်မိသလိုပဲ"

"အေး... ဟုတ်တယ်ကွ"

"ရှက်စရာကောင်းလိုက်တာ"

"ဒီမယ်... သူငယ်ချင်း။ ငါ့ထက်ဆိုးတာ ရှိသေးတယ်။ အထူးကု ဆေးခန်းကြီးတွေမှာ ကြောင်ရုပ်တွေ... မင်း တွေ့ဖူးလား"

"ဘာကြောင်ရုပ်လဲကွ"

"ရွှေရောင် ကြောင်ရုပ်လေးတွေလေ။ လက်တစ်ဖက်က မြွောက်ထား တယ်။ ဓာတ်ခဲထည့်လိုက်မှ မြွောက်ထားတဲ့လက်ကလေး လှုပ်တယ်။ လှုပ်တဲ့ သဘောကလည်း ဖောက်သည်တွေလာကြ... လာကြ... လာကြ... ဆိုတဲ့ သဘောပေါ့ကွာ။ ကြောင်ရုပ်ကလေးက သူ့လက်တွေကို မနားတမ်း လှုပ်လေလေ လူနာတွေ လာလေလေ ဖြစ်အောင်ပေါ့ကွာ"

"ဟေ..."

ရတနာပုံနေ့စဉ်သတင်းစာ

■

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

... ငါ မခေါ်ချင်တဲ့
'နာမည်ပြောင်'တော့ ရှိတယ်။
မင်းတို့ ငယ်ငယ်တုန်းက
စာရိတ္တပျက်တဲ့ကောင်တွေ၊
သူများပစ္စည်း ခိုးတဲ့ကောင်တွေ၊
လိမ်ပြောတတ်တဲ့ကောင်တွေ၊
ကူလီကူမာလုပ်တတ်တဲ့ ကောင်တွေ၊
ပလီပလာပြောတတ်တဲ့ကောင်တွေကို
ကြိမ်နဲ့ ရိုက်တယ်၊ ဆော်တယ်။
အဲဒီလို အရိုက်ခံရတဲ့ကောင်တွေကို
'ကြိမ်ခွေ'လို့ ငါက ခေါ်တယ်။
မင်း... မှတ်မိသေးလား။

www.burmeseclassic.com

www.burmeseclassic.com

ကြိမ်ခွေ

တစ်နေ့ဆီတုန်းက...

'မင်းသီဟ' လက်ဖက်ရည်ဆိုင်ကို မနက် (၇)နာရီလောက် ရောက်သွားတယ်။ စာသင်စရာကလည်း မရှိဘူး။ အားနေတယ်။ ဒါကြောင့် လက်ဖက်ရည်ဆိုင်မှာ အေးအေးဆေးဆေး ထိုင်မယ်လို့ စိတ်ကူးလိုက်တယ်။ လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတုန်း လမ်းလျှောက်ပြန်လာတဲ့ ကျွန်တော့်ရဲ့ ငယ်ဆရာနဲ့ ဆရာမ ဇနီးမောင်နှံကို တွေ့လိုက်တယ်။ သူတို့ကလည်း လက်ဖက်ရည်ဆိုင်ထဲကို ဝင်လာတယ်။ ကျွန်တော်က ကိုယ့်ရဲ့ ဆရာနဲ့ ဆရာမဆိုတော့ သူတို့ထိုင်နေတဲ့ စားပွဲဝိုင်းကို ရွှေ့ပြီး ထိုင်လိုက်တယ်။

"ဆရာနဲ့ ဆရာမ ကျွန်တော့်ကို မှတ်မိလား"

သူတို့ နှစ်ယောက်စလုံးက ကျွန်တော့်ကို မမှတ်မိကြပါ။

"စိတ်တော့ မဆိုးနဲ့ကွ။ ငါတို့က တပည့်တွေအများကြီးနဲ့ ကြုံခဲ့၊ ဆုံခဲ့ရတာဆိုတော့ မမှတ်မိဘူး။ မင်းက ဘယ်သူလဲ"

"ကျွန်တော်က 'အာဗီး' လေ။ ဆရာမက ရူပဗေဒ သင်တယ်လေ။ ဆရာမ စာသင်တဲ့ အခြိန်မှာပေါ့၊ ကျွန်တော်က အိမ်သာ သွားချင်တယ်၊ ဆရာမကို ခွင့်တောင်းတယ်၊ ဆရာမက သွားခွင့်မပြုဘူး။ ကျွန်တော်ကလည်း ဝမ်းလျှောနေတယ်၊ အဲဒါနဲ့ အတန်းထဲမှာ ကျွန်တော်က အီးအီးတွေ ပါချပါလေရော။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com

အချိန်ကစပြီး ဆရာမက ကျွန်တော့်ကို အီးပါ… 'အာပီး' ဆိုပြီး နာမည်ပေးခဲ့တာလေ။ ဒါဆိုရင် ဆရာမ မှတ်မိပြီပေါ့''

''ဟယ်… နင်က 'အာပီး' လား''

ဆရာမရဲ့မျက်နှာ တစ်ခါတည်းကို ဝင်းပသွားပါတော့တယ်။

''အေး… ငါမှတ်မိပြီ။ နင်က 'အာပီး' ကိုး။ ဆံပင်လည်း မကောက်တော့ဘူး။ နင် နဖူး နည်းနည်းပြောင်လာတယ်နော်''

''ဟုတ်တယ်… ဆရာမရဲ့။ ကျွန်တော်က အခု 'ဦးဘုန်း၊ ဓာတု၊' ဆိုတဲ့ နာမည်နဲ့ စာပြတယ်၊ စာရေးတယ်''

''ဩော်… 'ဦးဘုန်း' ဆိုတာ 'အာပီး' ကိုး။ နင်က ငယ်ငယ်ကတည်းက 'စာတိုင်ညို' သိပ်လုပ်တဲ့ကောင်''

ကျွန်တော်က အဲဒီလိုလည်း မိတ်ဆက်လိုက်ရော ဆရာနဲ့ဆရာမတို့ ဇနီးမောင်နှံရဲ့ မျက်နှာမှာ ငယ်မူငယ်သွေးတွေ ကြွလာပါတော့တယ်။

ကျွန်တော်တို့မှာ ကျောင်းသားဘဝတုန်းက 'အပြောင်အလှောင်နာမည်' တွေ ကိုယ်စီရှိကြတယ်။ 'ပိုးဟပ်ဖြူ'၊ 'ဆင်ပေါက်'၊ 'ကျဲကြီး'၊ 'နွားမ'၊ 'ဂျိန်းစဘွန်း'၊ 'မျောက်ညို'၊ 'စိတ်တို'၊ 'ဝေသာ'၊ 'ရခိုင်ကြီး'။

အဲဒီ နာမည်တချို့ကို ဆရာ၊ ဆရာမတွေက ပေးတယ်။ တချို့ကိုတော့ သူငယ်ချင်းတွေက ကင်ပွန်းတပ်ပေးကြတာ။

ဆရာက ပြောတယ်။

''ဒါနဲ့ နေပါဦးကွ၊ 'ကျီးငို' ကြီးတစ်ယောက်ကော''

'ကျီးငို' ဆိုတာ ကျွန်တော့်သူငယ်ချင်းပါ။ ဒီကောင်က အသားမည်းတယ်၊ အလွန်မည်းတယ်။ ဘယ်လောက်ထိများ မည်းသလဲဆိုရင် ကျီးမည်းကတောင် ငိုယူရလောက်အောင်ကို မည်းတာ။ ကျွန်တော့်သူငယ်ချင်းကို ကျွန်တော်တို့က ချစ်စနိုးနဲ့ 'ကျီးငို' လို့ခေါ်တယ်။

''ကျီးငိုကြီးက အခု (က.ည.န)ရုံးမှာ အရာရှိကြီး ဖြစ်နေပြီ။ မတွေ့တာကြာပါပြီ ဆရာရယ်''

''ဟုတ်လားကွ၊ နေပါဦး၊ ဟိုကောင်လေ၊ 'ပွိုင့်ဖိုက်' ကွာ။ သူကော အခု ဘယ်မှာတုံး''

'ပွိုင့်ဖိုက်' ဆိုတာလည်း ကျွန်တော့်သူငယ်ချင်းပါ။ သူက အခြောက်ဗူး

www.burmeseclassic.com

www.burmeseclassic.com

ယောကျ်ားစိတ်လည်း ရှိတယ်။ မိန်းမစိတ်လည်း ရှိတယ်။ စကားပြောရင်လည်း ကနွဲ့ကလျနဲ့ ပြောတတ်တယ်။ ဒီတော့ သူ့ကို ကျွန်တော်တို့က 'အခြောက်'လို့ ခေါ်ရင် စိတ်ဆိုးတယ်။ နှစ်ပိုင်းတစ်ပိုင်းလို့ခေါ်ရင်လည်း စိတ်ဆိုးတယ်။ ဒီတော့ ကျွန်တော်တို့က 'ပွိုင့်ဖိုက်'လို့ ခေါ်လိုက်ကြတယ်။

"ပွိုင့်ဖိုက်က အခု ဈေးချိုထဲမှာ အထည်ရောင်းနေတယ် ဆရာ။ မိန်းမလည်း ရပြီ။ ငယ်ငယ်တုန်းကသာ 'ပွိုင့်ဖိုက်'ဖြစ်တာ ဆရာရဲ့။ အခုတော့ သားနဲ့ သမီးနဲ့ ဖြစ်နေပြီ၊ ကြီးပွားနေပြီ"

ဆရာက သူမှာထားတဲ့ လက်ဖက်ရည်ကို သောက်လိုက်တယ်။ ပြီးတော့ သူ သိချင်တာတွေ ဆက်ပြီးမေးတယ်။

"ငါ မေးရဦးမယ်ကွ၊ 'မေရဲ့'ဆိုတဲ့ တပည့်မကော၊ ဘယ်ရောက်နေတုံး၊ ဘာလုပ်နေတုံး"

'မေရဲ့'ဆိုတာ ဒီလိုဗျ။ ကျွန်တော့်သူငယ်ချင်း 'သန်းသန်းစိန်'ပဲ။ ကျွန်တော်တို့က 'အရမ်းအရမ်းပိန်တဲ့ သန်းသန်းစိန်'လို့ ခေါ်ရင် စိတ်ဆိုးတယ်။ ဒီကောင်မက အသားက မည်းမည်း၊ အရပ်က ရှည်ရှည်၊ လူကောင်က ခပ်ပိန်ပိန်။ ဒီတော့ ကျွန်တော်တို့က အသားမည်းပြီး အရပ်ရှည်တဲ့ သန်းသန်းစိန်ကို မည်းပြီး ရှည်လို့ 'မည်းရှည်' 'မေရဲ့'လို့ ခေါ်တာ။ ဒီကောင်မက 'မေရဲ့'လို့ ခေါ်ရင်တော့ စိတ်မဆိုးဘူးဗျ။ နာမည်ကလေးက ဘိုဆန်တယ်ဆိုပဲ။

"မေရဲ့ကတော့ အခု ကျောင်းအုပ်ဆရာမကြီး ဖြစ်နေပြီ။ အပျိုကြီးပဲဗျ။ တောင်ပိုင်းရှမ်းပြည်နယ်မှာလို့ ပြောတယ်၊ ဘယ်မြို့မှန်းတော့ မသိပါဘူး၊ မတွေ့ဖြစ်ပါဘူး ဆရာရယ်"

"အေးကွ၊ ငါတို့လည်း အသက်တွေ ကြီးလာတော့... ကိုယ့်တပည့်တွေကို မမှတ်မိတော့ဘူး။ ရှင်းရှင်းပြောရရင် နာမည်ပြောင်တွေကိုပဲ မှတ်မိတော့တယ်။ ဒါနဲ့နေပါဦး၊ 'လေလာလဲ' တစ်ယောက်ကော၊ ဘယ်ရောက်နေတုံး"

ဆရာက 'လေလာလဲ'လို့ ပြောလိုက်တော့ မျက်စိထဲမှာ 'ဆွေဆွေအောင်'ကို ပြေးပြီး မြင်လိုက်မိတယ်။ ဒီကောင်မက ပိန်လိုက်တာမှ အရိုးပေါ် အရေတင်ရယ်၊ တအားပိန်တာ၊ ပိန်ကပ်နေတဲ့ကောင်မ။ သူ့ကို 'ဂျပိန်မ'လို့ ခေါ်လို့ ကျွန်တော်တို့ အရိုက်ခံရဖူးတယ်။ ကျွန်တော်တို့က သူ့ကို တရုတ်နာမည် ပေးထားတာလေ။ လေလာရင်တောင် လဲမတတ်ပိန်လို့ 'လေလာလဲ'လို့ ခေါ်တာ။

www.burmeseclassic.com

www.burmeseclassic.com

"လေလာလဲ အကြောင်းတော့ ကျွန်တော် မသိဘူး ဆရာရဲ့။ ဆယ်တန်း အောင်ပြီးကတည်းက ဝေးသွားကြတာ။ ဆရာ၊ 'ကြက်ဖင်'ကို မှတ်မိသေးလား ဆရာ"

"အသားမည်းမည်း၊ မျက်နှာပြားကြီးကြီး၊ နှုတ်ခမ်းပြဲပြဲ ရဲရဲနဲ့မို့ ငါက 'ကြက်ဖင်'လို့ ပေးထားတဲ့ကောင်လား"

"ဟုတ်တယ် ဆရာ... ဒီကောင်ကြီးက အခု ညွှန်ချုပ်ကြီးဖြစ်နေပြီဗျ။ ဆရာမက နာမည်ပေးထားတာ မှတ်မိသေးလား၊ 'ကိုးလ'ဆိုတဲ့ အကောင်လေ"

"အေး... မှတ်မိတာပေါ့ဟာ၊ ဒီကောင်က ဆယ်တန်းကျောင်းသား ဖြစ်ပေမယ့် ဗိုက်က တော်တော်ပူတာ၊ ဒီတော့ ဒီကောင်ကို ငါက 'ကိုးလ'လို့ နာမည်ပေးထားတာ"

"ဟုတ်တယ် ဆရာမ၊ ဒီကောင်လည်း အရာရှိကြီး ဖြစ်နေပါပြီ၊ ဆောက်လုပ်ရေးဘက်မှာလို့တော့ ပြောတာပဲ"

"နေပါဦး မောင်ဘုန်းရ၊ ဟိုကောင်ကွာ၊ 'စံရွှေမြင့်'ကွာ၊ ဘယ်ရောက် နေတုံး"

'စံရွှေမြင့်'ဆိုတာက ဒီလို။ အဲဒီအချိန်တုန်းက 'စံရွှေမြင့်'ကာတွန်းက အလွန်ခေတ်စားတယ်။ စာသင်ခန်းထဲမှာ 'စံရွှေမြင့်'ကာတွန်း ခိုးခိုးဖတ်လို့ ခဏ ခဏ အဆူခံရတဲ့ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကို မေးတာ။

"စံရွှေမြင့်က အခု လွတ်တော်ကိုယ်စားလှယ်ကြီး ဖြစ်နေပြီဆရာရဲ့။ လွတ်တော်ကိုယ်စားလှယ်ထဲမှာ ကျွန်တော့်သူငယ်ချင်းတွေ သုံးလေးယောက်လောက် ပါတယ်။ ဆရာ့တပည့်တွေပေါ့"

"ဘယ်သူတွေတုံးကွ"

"နာမည်အရင်းအတိုင်းပြောရင် ဆရာသိမှာ မဟုတ်ပါဘူး။ 'ရွှေသွား' ရယ်။ 'ကောက်ကောက်'ရယ်။ 'မှန်ကြောင်'ရယ်"

ဆရာမက ပြုံးပြုံးလေး နားထောင်နေရင်း စကား ဝင်ပြောတယ်။

"အေးပေါ့ကွယ်၊ အခုဆိုရင် ဆရာမတို့တပည့်တွေလည်း တိုင်းပြည် အတွက် အားကိုးရတဲ့ လူကြီးတွေ ဖြစ်ကုန်ကြပြီပေါ့။ ဝမ်းသာချင်တယ်၊ ဂုဏ်လည်း ယူချင်တယ်။ မင်းနဲ့တွေ့ရတာ ဆရာမတို့လင်မယား အသက်ပြန်ပြီး ငယ်သွားသလိုပဲ။ ဟိုတုန်းကတော့ ဆရာ၊ ဆရာမဖြစ်ရတာ သိမ်ငယ်သလို ခံစားမိတာတော့ အမှန်ပဲ။

www.burmeseclassic.com

www.burmeseclassic.com

အခုကျတော့ ကိုယ့်တပည့်တွေက အရာရှိကြီးတွေ၊ အတတ်ပညာရှင်ကြီးတွေ၊ လုပ်ငန်းရှင်ကြီးတွေ ဖြစ်နေကြတော့ ဆရာ၊ ဆရာမဖြစ်ခဲ့ရတာကို ဂုဏ်ယူမိပြန်တယ်''

အဲဒီအချိန်မှာ လက်ဖက်ရည်သောက်နေတဲ့ ဆရာက ကျွန်တော့်ကို ပြုံးပြတယ်။

''ဒီမယ် ငါ့တပည့်၊ ငါက ဒီအချိန်မှာ မင်းတို့ကို တွေ့ရင်... ငယ်ငယ်တုန်းက 'နာမည်ပြောင်'တွေ ခေါ်သလို ခေါ်လိုက်ရတာ... အရသာရှိသကွ။ ဒါပေမဲ့... ငါ... မခေါ်ချင်တဲ့ 'နာမည်ပြောင်'တော့ ရှိတယ်။ မင်းတို့ ငယ်ငယ်တုန်းက စာရိတ္တပျက်တဲ့ကောင်တွေ၊ သူများပစ္စည်း ခိုးတဲ့ကောင်တွေ၊ လိမ်ပြောတတ်တဲ့ ကောင်တွေ၊ ကူလီကူမာလုပ်တတ်တဲ့ ကောင်တွေ၊ ပလီပလာ ပြောတတ်တဲ့ ကောင်တွေကို ကြိမ်နဲ့ရိုက်တယ်၊ ဆော်တယ်။ အဲဒီလို အရိုက်ခံရတဲ့ ကောင်တွေကို 'ကြိမ်ခွေ'လို့ ငါက ခေါ်တယ်။ မင်း... မှတ်မိသေးလား''

''မှတ်မိပါတယ် ဆရာ''

ဆရာက ကျွန်တော့်မျက်နှာကို ကြည့်ပြီး စကားကို ပြောတော့တယ်။

''ဘာလို့ 'ကြိမ်ခွေ'လို့ ခေါ်တာလဲ၊ မင်း သိလား''

''ကြိမ်နဲ့အရိုက်ခံရလို့ 'ကြိမ်ခွေ'လို့ ခေါ်တာမဟုတ်ဘူးလား ဆရာ''

''မဟုတ်ဘူးကွ၊ ငါ့အဓိပ္ပာယ်နဲ့ ငါ ခေါ်တာ''

''ဘယ်လို အဓိပ္ပာယ်များ ရှိသေးလို့လဲ ဆရာရယ်''

''လေးနက်တဲ့ အဓိပ္ပာယ် ရှိတယ်ကွ။ အခုလည်း ငါတပည့်တွေကို တွေ့ရင် 'ကြိမ်ခွေ'လို့ မခေါ်ချင်ဘူး။ အဲဒီလို အခေါ်ခံရရင် စိတ်ဆိုးသင့်တယ်၊ စိတ်ဆိုးရမယ်''

''ဒါဖြင့်ရင် ဆရာခေါ်တဲ့ 'ကြိမ်ခွေ'ဆိုတာ ဘယ်လို အဓိပ္ပာယ်လဲ ဆရာရဲ့''

''မင်း... ကြိမ်တွေကို တွေ့ဖူးလား''

''တွေ့ဖူးတယ် ဆရာ''

''ဘယ်မှာ တွေ့ဖူးတာလဲ''

''ထိုင်ခုံတွေမှာ ကြိမ်ကို သုံးတယ်လေ ဆရာရဲ့''

''ဟုတ်ပါပြီ၊ ဒါပေမဲ့ ငါပြောတဲ့ 'ကြိမ်ခွေ'ဆိုတာ မြစ်တွေ၊ ချောင်းတွေ

www.burmeseclassic.com

www.burmeseclassic.com

ထဲမှာ သစ်တွေ၊ ဝါးတွေကို ချည်တဲ့အခါ၊ စည်းနှောင်တဲ့အခါ သုံးတဲ့ 'ကြိမ်ခွေ'ကို ပြောတာ''

''အဲဒီတော့ ဘာဖြစ်လဲ ဆရာ''

''ဒီနေ့ခေတ်မှာ ငါ့တပည့်တွေက နေရာအသီးသီးမှာ နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြတဲ့ ဆရာဝန်ကြီးတွေ၊ စစ်ဗိုလ်ကြီးတွေ၊ အင်ဂျင်နီယာကြီးတွေ၊ အရာရှိကြီးတွေ ဖြစ်နေကြပြီ။ တချို့များဆို လွတ်တော် ကိုယ်စားလှယ်ကြီးတွေတောင် ဖြစ်နေပြီတဲ့။ တိုင်းပြည်အတွက် အရေးကြီးတဲ့နေရာက လူတွေ ဖြစ်နေကြပြီ၊ 'ကြိမ်ခွေ' မဖြစ်စေချင်ဘူး''

''ဘာလို့လဲ ဆရာ''

''မင်းကလည်း ...အ,ပါ့ကွာ။ 'ကြိမ်ခွေ'ဆိုတာ သစ်တွေ၊ ဝါးတွေကို မြစ်ထဲမှာ စည်းတဲ့ နှောင်တဲ့နေရာမှာ သုံးတယ်လို့ ငါပြောပြီးပြီလေ။ ဒီတော့ 'ကြိမ်ခွေ'ဆိုတာ ဖောင်ကို ကွပ်တဲ့နေရာမှာ သုံးတယ်၊ ဖောင်ကွပ်တဲ့ပစ္စည်းပေါ့။ 'ကြိမ်ခွေ'ဆိုတာ 'ဖောင်ကွပ်'တာပဲ။ 'ကြိမ်ခွေ'လို့ ခေါ်လိုက်ရင် 'ဖောင်ကွပ်'လို့ နားလည်၊ 'ဖောင်ကွပ်'ဆိုတော့ 'ဖွတ်ကောင်'လို့ ပြောတာပေါ့ကွ''

''ဗျာ... ဖောင်ကွပ်''

''အေး... ဟုတ်တယ်၊ 'ကြိမ်ခွေ'ဆိုတာ 'ဖောင်ကွပ်'၊ 'ဖောင်ကွပ်'ဆိုတော့ ဖွတ်ကောင်''

ဆရာ့စကားကိုကြားပြီး ကျွန်တော် ကြက်သီးများတောင် ထသွားမိတော့တယ်။

''အေး- ငါ့တပည့်၊ မင်းလည်း 'ဖောင်ကွပ်'မဖြစ်စေနဲ့။ ကျန်တဲ့ ငါ့တပည့်တွေကိုလည်း မင်းတွေ့ရင် ပြောလိုက်။ 'ဖောင်ကွပ်' မဖြစ်စေနဲ့လို့၊ ကြားလား။ မင်းတို့တစ်တွေ 'ကြိမ်ခွေ'စိတ်ဓာတ်တွေ ရှိနေလို့ကတော့ ငါတို့တိုင်းပြည် အနာဂတ် မတွေးရဲဘူးဟေ့''

ရွှေမန္တလေးကျာနယ်

■

www.burmeseclassic.com

www.burmeseclassic.com

ကြက်ရိုးဒဿန



www.burmeseclassic.com

www.burmeseclassic.com

♥ ခေါင်းဆောင်ကောင်းဆိုတာ
ငွေကြေးချမ်းသာဖို့ထက်
ဂုဏ်သိက္ခာချမ်းသာဖို့က
ပိုပြီး အရေးကြီးတယ်။
♥ ခေါင်းဆောင်ကောင်းဆိုတာ
အုတ်ရိုးနဲ့ တည်ဆောက်ထားတဲ့
နန်းတော်ကြီး ပိုင်ဆိုင်ဖို့ထက်
ပြည်သူ့နှလုံးသားနဲ့ တည်ဆောက်ထားတဲ့
မေတ္တာနန်းတော်ကြီး ပိုင်ဆိုင်ဖို့
ပိုပြီး အရေးကြီးတယ်။
♥ ခေါင်းဆောင်ကောင်းဆိုတာ
စိန်တွေ၊ ရွှေတွေ စီခြယ်ထားတဲ့
သရဖူကို ဦးခေါင်းမှာ ဆင်မြန်းဖို့ထက်
အကျင့်သီလသန့်စင်ခြင်းဆိုတဲ့
ခေါင်းပေါင်းကိုသာ ဦးခေါင်းမှာ ဆင်မြန်းဖို့
ပိုပြီး အရေးကြီးတယ်။
♥ ခေါင်းဆောင်ကောင်းဆိုတာ
ကိုယ်မွေးထားတဲ့ သားသမီးတွေက
ကိုယ့်ကို ချစ်ဖို့ထက် တိုင်းသူပြည်သားတွေက
ကိုယ့်ကိုချစ်ဖို့
ပိုပြီး အရေးကြီးတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြက်ရိုးဒဿန

နွေရာသီ။

အိမ်မှာ လူစုံသည်။ မောင်နှမတွေ ပြန်ဆုံဖြစ်ကြသည်။ အားလုံးက အိမ်ထောင်ရှင်တွေ ဖြစ်နေကြတော့ သူတို့မှာလည်း သားတွေ သမီးတွေနဲ့။ တစ်အိမ်လုံး ကလေးကစားကွင်း ဖြစ်နေသည်။ အမေကတော့ သူမြေးတွေကို ကြည့်ပြီး ပျော်နေသည်။ သူသားသမီးတွေကို ကြည့်ပြီး ကြည်နူးသည်။ သားတွေ၊ သမီးတွေ၊ မြေးတွေအတွက် ထမင်းဟင်း ချက်ကျွေးရသည်ကိုပင် မမောနိုင်ပါ။ ပို၍တောင် ကျန်းမာနေလိုက်သေးသည်။

အမေ၏ မြေးများသည် အသက် သိပ်မကွာကြ။ တစ်ယောက်နှင့် တစ်ယောက် ကြီးလှ ငယ်လှမှ တစ်နှစ်သာသာပေါ့။ ဒီတော့ ဆော့ရင်း စကား များကြသည်။ ရန်ဖြစ်ကြသည်။ ငိုကြသည်။ ပြန်ခေါ်ကြသည်။ ထို့ကြောင့် နွေရာသီ သည် ကျွန်တော်တို့ မိသားစုအတွက် အလွန်ပျော်စရာ ကောင်းပါသည်။

အမေက ညရောက်လျှင် သူ၏မြေးများကို ပုံပြင်ပြောပြလေ့ ရှိသည်။ အမေ၏ပုံပြင်များသည် ခေတ်မမီတော့ပါ။ သို့သော် အမေက ပြောသည်။ မြေးငယ်များက တစ်ယောက်တစ်ပေါက် မေးသည်။

အမေက ယုန်နှင့်လိပ်ပုံပြင်ကို ပြောသည်။

"ဘွားဘွားကြီး၊ ယုန်က အဆိပ်ကြီးတာကို ဘွားဘွားကြီး ဘယ်လိုလုပ် သိတုံး"

www.burmeseclassic.com

www.burmeseclassic.com

"ပုံပြင်ထဲမှာ ပါတာပဲကွဲ့"

"သားသားထင်တာကတော့ ယုန်က အအိပ်ကြီးလို့ ရှုံးတာ မဖြစ်နိုင်ဘူး၊ လိပ်ယောင် ဆောင်ထားတဲ့ ယုန်တစ်ကောင်က ဝင်ပြီး ပြိုင်လို့ နေမှာပေါ့။ ဘွားဘွားကြီး ဘာသိလို့လဲ၊ အဲဒီလို လိမ်ပြီး အနိုင်ယူတာတွေ အများကြီးပဲ ဘွားဘွားရဲ့"

ပုရွက်ဆိတ်နှင့် နဲကောင်ပုံပြင်ကို ပြောပြန်လေသည်။

"နဲကောင်တို့၊ ပုရွက်ဆိတ်တို့မှာ လူလို အသိဉာဏ်ရှိလို့လား ဘွားဘွားရဲ့"

"ရှိတာပေါ့ သားရဲ့၊ နဲကောင်မှာလည်း နဲကောင်ဉာဏ်၊ ပုရွက်ဆိတ်မှာလည်း ပုရွက်ဆိတ်ဉာဏ်ပေါ့"

"ဒါဆိုရင် သားက ပုရွက်ဆိတ်ကို မုန်းတယ်"

"ဘာလို့လဲ သားရဲ့၊ ပုရွက်ဆိတ်က ဝိရိယ ရှိတယ်လေ"

"ဟုတ်ဖူး ဘွားဘွားရဲ့၊ ပုရွက်ဆိတ်က သူခိုးပဲ။ လူတွေရဲ့ဆန်တွေ၊ အစားအစာတွေကို ခွင့်မပြုဘဲ ယူတယ်၊ ခိုးတယ်။ နဲကောင်က မခိုးဘူး၊ မယူဘူး။ ဘွားဘွားက သူခိုးပုရွက်ဆိတ်ကို သဘောကျတယ်ပေါ့၊ သားသားကတော့ သူခိုး ပုရွက်ဆိတ်ကို မကြိုက်ဘူး"

အမေ၏ မြေးများက အဲဒီလို ပေါက်ပေါက်ရှာရှာ ပြောတတ်ကြသည်။ ဒီနေ့ခေတ် လူငယ်တွေကိုး။ တချို့ကလေးများက အတွေးကောင်းသည်။ တချို့က အတွေးရဲသည်။ ဖြန့်ထွက်တွေးတတ်သည်။ ဖောက်ထွက်တွေးတတ်သည်။

ရွှေလမှာ ယုန်ဝပ်လို့ ဆန်ဖွပ်တဲ့အဘိုးအို ပုံပြင်ကို ပြောပြန်လေသည်။

"ဘွားဘွားကြီး၊ ဆန်ဖွပ်တဲ့အဘိုးအိုက ဘာလူမျိုးလဲ"

"ဘွားလည်း ဘယ်သိမလဲ မြေးရဲ့"

"ဘာလူမျိုးမှန်းလည်း မသိဘဲနဲ့ ဘွားဘွားက ဘယ်လိုလုပ်ပြီး သူစကား နားလည်တာတုံး"

ဘွားဘွားကြီးက သူမြေးတွေ မေးသမျှကို မဖြေနိုင်။ သူမြေးတွေက ရေဒီယို၊ ကက်ဆက်ဖြင့် ကြီးပြင်းခဲ့သူများ မဟုတ်။ တီဗွီဂိမ်းဖြင့် ကြီးပြင်းနေသူများ၊ လက်တော့ပ်ဖြင့် ယဉ်ပါးနေသူများ၊ အိုင်ပက်ပ်ဖြင့် ဆော့ကစားနေသူများ ဖြစ်သည်။ ခေတ်ချင်းမတူ။ အမြင်ချင်းလည်း မတူကြ။ သို့သော် ကျွန်တော့်အမေ၊ သူကို

www.burmeseclassic.com

www.burmeseclassic.com

ဘွားဘွားကြီးက သူ၏မြေးများနှင့် စကားပြောနေရသည်ကို ကျေနပ်နေရှာသည်။

တစ်ယောက်က မေးသည်။

"လပေါ်မှာ လေမရှိဘဲ အဲဒီအဘိုးအိုက ဘယ်လိုလုပ်ပြီး အသက်ရှင်လဲ ဘွားဘွား"

နောက်တစ်ယောက်က မေးသည်။

"လပေါ်က အဘိုးအိုက ဆန်ဖွပ်တယ်ဆိုတာ မဖြစ်နိုင်ဘူး။ ဘာကြောင့်လဲ ဆိုတော့ လပေါ်မှာ ရေမှ မရှိဘဲ။ ဆန်တကယ်ဖွပ်တယ်ဆိုရင် လပေါ်မှာ ရေရှိလို့လား ဘွားဘွား။ ဆည်တွေ၊ မြစ်တွေ၊ ချောင်းတွေကော ရှိလို့လား ဘွားဘွား"

ဘွားဘွားကြီးက သူမြေးတွေပြောသမျှကို စိတ်မဆိုးတမ်း သူနားလည်သလို ဖြေပေးရှာသည်။

"လပေါ်ရောက်နေတဲ့ အဘိုးအိုက ဇည့်စာရင်း တိုင်ရသလား ဘွားဘွား ရယ်၊ သားတို့ အခု လာပြီးလည်တာ ဇည့်စာရင်း တိုင်ရတယ်လေ"

အဲဒီလို တောက်တီးတောက်တဲ့ မေးတတ်တဲ့မြေးလည်း ပါသည်။

"ဘွားဘွားကြီးရယ်၊ ယုန်က ဆန်ကိုလည်း မစားဘဲနဲ့၊ ဆန်ဖွပ်တဲ့ အဘိုးအိုနားမှာ ဘာဖြစ်လို့ ငုတ်တုတ်ထိုင်နေရတာလဲ။ ခါကျက်ဥတို့၊ မုန်လာဥတို့ ဆိုရင် ဟုတ်ဦးမယ်။ ဘွားဘွားပုံပြင်ကြီးက မဖြစ်နိုင်ပါဘူး"

အမေတို့ မြေးအဘွား ပျော်ရွှင်နေတာကိုကြည့်ပြီး ကျွန်တော့် စိတ်ထဲတွင် ကြည်နူးနေမိသည်။

တစ်နေ့က သူ၏မြေးများကို ရာဇဝင်အကြောင်း ပြောနေပြန်သည်။

"သီပေါမင်းဆိုတာကို မြေးတို့ ကြားဖူးလား။ သူက ငါတို့ရဲ့ နောက်ဆုံး ဘုရင်ဟဲ့။ သူက စာမဖတ်ဘူး။ ဗဟုသုတ နည်းတယ်။ အသက်ငယ်ငယ်နဲ့ ဘုရင်ဖြစ်တော့ ဆုံးဖြတ်ချက် မှားတယ်"

"ဘုရင်ဆိုတာ ဘာလဲ ဘွားဘွား"

"ဘုရင်ဆိုတာ ဘုရင်ပေါ့ကွယ်။ လူတွေရဲ့ ခေါင်းဆောင်ပေါ့။ သူ့စကားကို နားထောင်ရတယ်"

တစ်ယောက်က မေးသည်။

"ဘွားဘွားရယ်၊ ခေါင်းဆောင်ဆိုတာ လူတွေရဲ့စကားကို နားထောင်

www.burmeseclassic.com

www.burmeseclassic.com

ရတာလား၊ လူတွေက သူ့စကားကို နားထောင်ရတာလား''

သူမြေး၏ မေးခွန်းကို ဘွားဘွားကြီး ဘာမှ ပြန်မဖြေပါ။

တစ်ယောက်က မေးပြန်သည်။

''ဘုရင်ဆိုတာ လူတွေရဲ့ ခေါင်းဆောင်ဆိုရင် သူရဲကောင်းတွေ၊ အာဇာနည်တွေကကော လူတွေရဲ့ ခေါင်းဆောင်လား ဘွားဘွား''

ဒီနေ့ခေတ် ကလေးများသည် တွေးရဲသည်။ မေးရဲသည်။ ရဲဝံ့သည်။ ရင်ထဲရှိတာကို ပြောရဲသည်။

နောက်တစ်ယောက်က မေးပြန်လေသည်။

''ဘုရင်ဆိုတာ သူရဲကောင်းလား ဘွားဘွား''

''ဘုရင်တိုင်းကတော့ သူရဲကောင်း မဟုတ်ဘူးကွဲ့။ တချို့ဘုရင်တွေကတော့ သူရဲကောင်းပေါ့''

''ဒါဆိုရင် သီပေါမင်းက ဘုရင်ဆိုတော့ သူရဲကောင်းဘုရင်လား ဘွားဘွား''

''သူရဲကောင်းလည်း မဖြစ်ခဲ့ဘူး၊ အာဇာနည်လည်း မဖြစ်ခဲ့ဘူး''

ထိုအချိန်တွင် ကိုးတန်းတက်မည့် မြေးအကြီးကောင်က ဝင်ပြီး ပြောလေသည်။

''ဘွားဘွားကြီး၊ သားတို့ကျောင်းသင်ခန်းစာမှာ သီပေါမင်းအကြောင်း ပါတယ်၊ သီပေါမင်းက သတ္တိမရှိဘူး ဘွားဘွားရဲ့။ သူ့ကို လာပြီးဖမ်းတဲ့ 'ကာနယ်စလေဒင်'ဆိုတဲ့ အင်္ဂလိပ်စစ်ဗိုလ်ကို သားသားဆိုရင် ဓားနဲ့ ခုတ်ပစ်မှာ''

တစ်ယောက်က ဝင်ပြီးပြောသည်။

''ဟိတ်ကောင်၊ မင်းက ဓားနဲ့ခုတ်ရင် သူက သေနတ်နဲ့ ပစ်မှာပေါ့ကွ''

''ဟာ... မင်းကလည်း၊ သီပေါမင်းက 'ကာနယ်စလေဒင်'ကို ဓားနဲ့ခုတ်လို့ 'ကာနယ်စလေဒင်' သေသွားခဲ့ရင် သီပေါမင်းက ငါတို့ရဲ့ သူရဲကောင်း ဖြစ်ပြီကွ။ အဲဒီလို မဟုတ်ဘဲ 'ကာနယ်စလေဒင်'က သီပေါမင်းကို သေနတ်နဲ့ ပစ်လို့ သီပေါမင်း သေသွားခဲ့ရင်လည်း သီပေါမင်းဟာ ငါတို့ရဲ့ အာဇာနည်ကွ''

အမေတို့ မြေးအဘွားတစ်သိုက် သီပေါမင်းအကြောင်း ပြောနေသည်ကို အဝေးမှကြည့်ရင်း နားထောင်နေပြီး ကျွန်ုပ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

"အေးကွဲ့၊ မြေးပြောသလိုဆိုရင် သီပေါမင်းက သူရဲကောင်း ဖြစ်ခွင့်လည်း ကြုံတယ်၊ အာဇာနည်ဖြစ်ခွင့်လည်း ကြုံတယ်၊ သူ မသိခဲ့ဘူး၊ သူ အသုံးမချခဲ့ဘူး"

"သူရဲကောင်းဆိုတာ ဘာလဲ ဘွားဘွား"

"သူရဲကောင်းဆိုတာ လူအများအတွက် ရဲဝံ့သူ၊ လူအများ ကောင်းစားရေးအတွက် အလုပ်၊ လုပ်သူကို ခေါ်တယ်ကွဲ့"

"ဒါဆိုရင် သီပေါမင်းက ကျွန်တော်တို့ ကောင်းစားရေးအတွက် ရဲရဲဝံ့ဝံ့ အလုပ် မလုပ်ခဲ့ဘူးပေါ့"

မြေးငယ်တစ်ယောက်က မေးပြန်သည်။

"ဒါဖြင့်ရင် အာဇာနည်ဆိုတာ ဘာလဲ ဘွားဘွားကြီး"

"အာဇာနည်ဆိုတာ အများအတွက် ကိုယ်ကျိုးမဖက်ဘဲ အသက်စွန့်ဝံ့တဲ့သူကို ခေါ်တာ"

"သီပေါမင်းက ဘာဖြစ်လို့ အများအတွက် အသက်မစွန့်ဝံ့တာလဲ ဘွားဘွား"

ဘွားဘွားကြီးက မဖြေ။ မြေးအကြီးကောင်တစ်ယောက်က ဖြေသည်။

"ဟိတ်ကောင်ရ၊ မင်းမှတ်ထား၊ အများအတွက် မစဉ်းစားလို့ပေါ့ကွ။ ကိုယ့်အတွက် စဉ်းစားတဲ့သူတွေက အသေမခံရဲဘူး၊ အများအတွက် စဉ်းစားတဲ့သူတွေက အသေခံရဲတယ်"

သူမြေးအကြီးကောင်၏ အဖြေကို သူအဘွားက တအံ့တသြဖြင့် နားထောင်နေရှာသည်။

"ဘွားဘွားကြီး၊ သီပေါမင်း ပါတော်မူတယ်ဆိုတာ ဘာလဲဗျ"

"ပါတော်မူတယ်ဆိုတာ အပေါ့အပါးသွားတာ မဟုတ်ဘူး။ အိမ်သာတက်တာ မဟုတ်ဘူး၊ အင်္ဂလိပ် ဖမ်းသွားတာကို ပြောတာ"

"ဘယ်လမ်းက ဖမ်းသွားတာလဲ ဘွားဘွားရဲ့"

"၃၅ လမ်းပေါ့ဟယ်၊ ဟိုးအနောက် ဂေါဝိန်မြစ်ဆိပ်ကို ဖမ်းသွားတာ"

"ဘာလို့ မန္တလေးသူ၊ မန္တလေးသားတွေက ဘုရင်ကို ပြန်ပြီး မလုတာလဲ"

ရန်ကုန်မှာမွေးတဲ့ ရန်ကုန်သား မြေးငယ်တစ်ယောက်က ဝင်ပြီးပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

"မန္တလေးသားတွေက ငကြောက်တွေကွ၊ ဝင်ပြီးလုရင် ရရက်သားနဲ့ အလကား ကြောက်နေကြတယ်"

"မြေးရဲ့၊ အဲဒီလို မပြောရဘူး။ မန္တလေးသူ၊ မန္တလေးသားတွေက သတ္တိရှိတယ်၊ မြန်မာပဲဟယ်... သတ္တိ ဘယ်နည်းမလဲ"

ရန်ကုန်သား မြေးငယ်တစ်ယောက်က ဝင်ပြောပြန်သည်။

"မန္တလေးသားတွေ သတ္တိနည်းရင် နည်းတယ်ပေါ့ ဘွားဘွားရယ်"

"ဒီလို မပြောရဘူး၊ ဒီလို မတွေးရဘူး မြေးရဲ့။ အဲဒီ အချိန်တုန်းက သီပေါကိုယ်တော်လေးရဲ့ လုပ်ရပ်တွေကြောင့် တိုင်းသူပြည်သားတွေက ဘုရင်ကို အလိုမကျဘူး၊ မုန်းနေကြတယ်။ ဘုရင်က မောင်နှမတွေကို သတ်တယ်လို့ နန်းတော်အပြင်မှာ လူအများက ပြောနေကြတယ်။ သတ်လိုက်တာလည်း အများကြီးပဲ။ မင်းတုန်းမင်းကြီးမှာ သားသမီးတွေ အများကြီးရှိတာကိုး။ အဲဒါတွေ အားလုံးကို သတ်ပစ်တာတဲ့။ တချို့လည်း ကြောက်လို့ ထွက်ပြေးတယ်တဲ့။ ညီအစ်ကို အချင်းချင်း သတ်ကြတာ။ တကယ် ရက်စက်တယ်။ အဲဒီလို ရက်စက်တဲ့ဘုရင်ကို လူတွေက မချစ်ကြဘူး။ ပြည်သူလူထုအကျိုးကို မကြည့်ဘဲ ကိုယ်ဘုရင်ဖြစ်ရေးကိုသာ ရှေ့တန်းတင်တဲ့အတွက် သီပေါကိုယ်တော်လေးကို မန္တလေးသူ၊ မန္တလေးသားတွေက မနှစ်မြို့ကြဘူး။ အင်္ဂလိပ်တွေ ဝင်လာတော့ ဒီတိုင်းပဲ ကြည့်နေကြတယ်။ အင်္ဂလိပ်တွေကလည်း ဘင်သံတွေတီးပြီး အေးအေးဆေးဆေးပဲ ဝင်လာတာ။ ပြီးတော့ အေးအေးဆေးဆေးပဲ။ ကြက်ကလေး၊ ငှက်ကလေး ဖမ်းရတာမှ ခက်ဦးမယ်။ သီပေါမင်း ပါသွားရော။ ဒီတော့ မြေးရယ်၊ ကိုယ်မချစ်တဲ့ဘုရင်၊ ကိုယ်မုန်းတဲ့ ခေါင်းဆောင်၊ ကိုယ်မနှစ်သက်တဲ့လူကို ဖမ်းသွားတော့ မန္တလေးသူ၊ မန္တလေးသားတွေက အေးအေးဆေးဆေးပဲ ကြည့်နေလိုက်ကြတယ်လို့ ဘွားဘွားထင်တယ်။ သီပေါကိုယ်တော်လေးနေရာမှာ ညောင်ရမ်းကိုယ်တော်တို့၊ ညောင်အုပ်ကိုယ်တော်တို့ဆိုရင်တော့ ဘယ်ပြောကောင်းမလဲကွယ်။ သူတို့ကို ပြည်သူတွေက ချစ်တယ်။ မန္တလေးသူ၊ မန္တလေးသားတွေက ချစ်တယ်၊ အားကိုးတယ်။ သူတို့ဆိုရင်တော့ အသက်ပေးပြီးကို လုမှာ သေချာတယ်။

ပြည်သူပြည်သားဆိုတာ ကိုယ်ချစ်တဲ့ ခေါင်းဆောင်အတွက် အသက်ပေးဖို့လည်း ဝန်မလေးကြဘူး။ ကိုယ်လိုလားတဲ့ ခေါင်းဆောင်အတွက် ဘာလုပ်

www.burmeseclassic.com

www.burmeseclassic.com

ပေးရ၊ပေးရဆိုတဲ့ စိတ်ဓာတ်လည်း ရှိကြတယ်။ လူဆိုတာ ကိုယ်မနှစ်သက်တဲ့၊ ကိုယ်မကြည်ဖြူတဲ့၊ ကိုယ်မလိုလားတဲ့ ခေါင်းဆောင်တွေဆိုရင် သူတို့နဲ့ မပူးပေါင်းဘူး။ သူတို့ခိုင်းသမျှကို စိတ်မပါဘဲ ဝတ်ကျေတမ်းကျေ လုပ်တယ်။ အရွဲ့တိုက်တယ်။ ဒီဖြစ်ရပ်ကို ကြည့်လေ၊ မန္တလေးသူ၊ မန္တလေးသားတွေ အရွဲ့တိုက်လိုက်ကြတာမှ ကျွန်ကို ဖြစ်သွားရော''

အမေက အဲဒီလို စကားကြောရှည်နေတော့ မြေးတွေက အိပ်ပစ်လိုက်ကြသည်။

သူမြေးတွေကို ခြင်ကိုက်မှာစိုး၍ ယပ်တောင် တဖျပ်ဖျပ် ခပ်နေရှာတဲ့ အမေ့ကိုကြည့်ပြီး ကျွန်တော့်စိတ်ထဲတွင် ပို၍ ချစ်လာနေမိသည်။

တစ်နေ့ မနက်မှာတော့...

အမေ၏မြေးတစ်သိုက် ထမင်းစားရင်း စကားများကြသည်။

''ဘွားဘွားကြီးက မတရားဘူး၊ အငယ်မ 'ချစ်ပေါက်'ကိုတော့ ကြက်သားဟင်းကို ရင်အုပ်ထည့်ပေးတယ်။ 'ချစ်တိုး'ကိုကျတော့ ပေါင်သားကျွေးတယ်။ 'မီးသား'ကိုကျတော့ ကြက်မြစ်ကြက်သည်း ကျွေးတယ်။ သားသားကိုကျတော့ ဖင်ပိုင်းနားက အသားကိုပဲ ကျွေးတယ်''

''ဟေ့ကောင်၊ မင်းက တော်သေးတယ်၊ ငါ့ကျတော့ ရင်အုပ်နားက အရိုးပဲကျွေးတာ။ ဘွားဘွားကြီးက မျက်နှာလိုက်တယ်''

အမေက စိတ်မဆိုးဘဲ သူမြေးများ၏ပြဿနာကို ပြေလည်အောင် ရှင်းပေးနေရှာသည်။ ထိုနေ့က နေ့လယ်စာကို 'ကြက်သားရေကျိုချက်' အမေက ချက်သည်။ အဝေ မတည့်ကြ။

အမေက သူမြေးများကို အသားကျွေးသည်။ ကောင်းပေ့ ညွှန့်ပေ့ဆိုတာတွေကို ကျွေးသည်။ အမေကတော့ ကြက်ခြေထောက်ရိုးကိုသာ စားသည်။ အမေ့တွင် သွားကောင်းကောင်း မရှိတော့။ သို့သော် ကြက်ခြေထောက်ရိုးကိုသာ ပျော်ပျော်ကြီး စားသည်။

နေ့ခင်းဘက်တွင် သူ၏မြေးများ တစ်ရေးတစ်မော အိပ်ကြသည်။ အမေနှင့် ကျွန်တော် စကားပြောဖြစ်သည်။

''အမေရယ်၊ အသက်လည်း ကြီးပါပြီ။ ကြက်သားဟင်းချက်တာပဲ၊

www.burmeseclassic.com

www.burmeseclassic.com

ရင်အုပ်လေး၊ ပေါင်လေးစားပါ အမေရဲ့၊ အားရှိအောင်လို့"

အမေက ဘာမှ ပြန်မဖြေဘဲ ပြုံး၍ နေရှာသည်။

"ကျွန်တော် မှတ်မိသလောက်တော့ အမေရယ်၊ ကြက်သားဟင်း ချက်တိုင်း အသားစားတာ မတွေ့ဖူးဘူး၊ လည်ပင်းရိုးပဲ စားတယ်။ တောင်ပံရိုးပဲ စားတယ်။ ခြေထောက်ရိုးပဲ စားတယ်။ အရိုးနားကပ်နေတဲ့ အသားက ပိုပြီး ချိုတယ်ဆိုလို့ ကျွန်တော်လည်း စားကြည့်ပါတယ် အမေရယ်။ ချိုဖို့နေနေသာသာ ဘာအသားမှ ကိုက်လို့၊ စားလို့ မရပါဘူး အမေရဲ့"

အမေက ကျွန်တော့်ဦးခေါင်းကို ပုတ်လိုက်လေသည်။

"ဒီမယ်သားရဲ့၊ အမေက လူကြီးလေ။ ဒီအိမ်မှာ အကြီးဆုံးလေ။ အိမ်ရဲ့ခေါင်းဆောင်လေ။ ခေါင်းဆောင်ဆိုတာ အနှစ်နာခံရတယ်ကွဲ့"

အမေက စကားပြောရင်း အိမ်နံရံတွင် ချိတ်ထားသော ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံကို လှမ်းပြီး ကြည့်လိုက်သည်။

"သား စဉ်းစားမိရဲ့လား။ ဗိုလ်ချုပ်အောင်ဆန်းကို အမေတို့ ဘာဖြစ်လို့ ချစ်တာလဲ၊ အနှစ်နာခံလို့ မဟုတ်ဘူးလား သားရဲ့။ ဘယ်လောက်အထိမျှား အနှစ်နာခံခဲ့သလဲဆိုရင် လွတ်လပ်ရေးရဖို့ တရုတ်ပြည်လည်း သွားခဲ့တယ်၊ ဂျပန်ပြည်လည်း သွားခဲ့တယ်။ ပြန်လာတော့လည်း စစ်တိုက်ရတယ်။ ပြီးတော့ လွတ်လပ်ရေးအတွက် အင်္ဂလိပ်အစိုးရနဲ့ အချေအတင် စကားတွေ ပြောရတယ်။ အဝတ်အစားတောင် သုံးလေးထည်ပဲ ရှိတယ်လို့ အမေတို့ သိရတယ်။ တိုင်းပြည် ခေါင်းဆောင်သာ ပြောတာပါကွယ်၊ အိမ်ကောင်းကောင်း၊ ကားကောင်းကောင်း၊ အစားအသောက်ကောင်းကောင်း သူမှာ နေမသွားရ၊ စီးမသွားရ၊ စားမသွားရရှာပါဘူး။ အခုဆိုရင် ဗိုလ်ချုပ်အောင်ဆန်းရဲ့အကြောင်း စာအုပ်တွေ အပြင်မှာ ဖတ်လို့ ရနေပြီပဲ၊ သားလည်းသိမှာပါ"

အမေက စိတ်ပါလက်ပါဖြင့် ကျွန်တော့်ကို ပြောနေရှာသည်။ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို ကျွန်တော် လက်လှမ်းမီသလောက် ဖတ်ရှုဖူးပါသည်။ ဗိုလ်ချုပ်၏ရိုးသားမှု၊ တည်ကြည်မှု၊ ပြတ်သားမှု၊ ရဲရင့်မှုတို့ကို ကျွန်တော် နှစ်သက်သည်၊ သဘောကျသည်။

"ဒီမယ် သားရဲ့၊ ဗိုလ်ချုပ်အောင်ဆန်းက ကျဆုံးသွားတယ်။ သူကျဆုံး

www.burmeseclassic.com

www.burmeseclassic.com

သွားတဲ့အချိန်မှာ သူမိသားစုအတွက် မြေတစ်ကွက် မထားခဲ့နိုင်ဘူး။ မိသားစုနောင်ရေးအတွက် ဘာလုပ်ငန်းမှလည်း ထူထောင်မပေးခဲ့ဘူး။ မြန်မာနိုင်ငံရဲ့ မြေစာရင်းဌာနမှာ ဗိုလ်ချုပ်အောင်ဆန်းနာမည်နဲ့ မြေဂရန် မရှိဘူး။ တိုက်တွေ၊ အိမ်တွေ၊ နန်းတော်တွေ၊ စိန်တွေ၊ ရွှေတွေဆိုတာ ဝေးရော။ ဗိုလ်ချုပ် ကျဆုံးသွားတော့ သူတို့မိသားစုက ပန်းစိုက်ပြီး အသက်မွေးခဲ့တယ်လို့ အမေ ဖတ်ဖူးတယ်။ ဗိုလ်ချုပ်က တိုင်းပြည်အတွက် တကယ်အနစ်နာခံခဲ့တဲ့ ပုဂ္ဂိုလ်ကွဲ့။ အဲဒီလို အနစ်နာခံခဲ့လို့ သူ့ကို ဒီကနေ့အထိ လွမ်းပြီး ချစ်နေကြတာလေ။ ကြက်သားဟင်းလိုပြောရင် တို့ဗိုလ်ချုပ်ဟာ ရင်အုပ်တွေ၊ ပေါင်တွေ စားဖို့နေနေသာသာ ခြေထောက်ရိုး၊ တောင်ပံရိုးတောင် စားခွင့် ရမသွားရှာပါဘူး သားရယ်”

အမေက ဆွေးဆွေးမြည့်မြည့်ကြီး ပြောနေရှာသည်။

“မိခင် ဖခင်ဆိုတာ အိမ်ရဲ့ခေါင်းဆောင်။ ခေါင်းဆောင်ကောင်းဆိုတာ အနစ်နာခံရတယ်။ အခွင့်အရေးရရင်တောင် မယူရဘူး။ ကိုယ်ချင်းစာတရား ထားရတယ်။ မေတ္တာနဲ့ လောကကြီးကို ဆက်ဆံရတယ်။

ဒီလိုပဲ ငါ့သား... ခေါင်းဆောင်ကောင်းဆိုတာ...

ငွေကြေးချမ်းသာဖို့ထက် ဂုဏ်သိက္ခာချမ်းသာဖို့က ပိုပြီး အရေးကြီးတယ်။

ခေါင်းဆောင်ကောင်းဆိုတာ အုတ်ရိုးနဲ့တည်ဆောက်ထားတဲ့ နန်းတော်ကြီး ပိုင်ဆိုင်ဖို့ထက် ပြည်သူနှလုံးသားနဲ့ တည်ဆောက်ထားတဲ့ မေတ္တာနန်းတော်ကြီး ပိုင်ဆိုင်ဖို့ ပိုပြီး အရေးကြီးတယ်။

ခေါင်းဆောင်ကောင်းဆိုတာ စိန်တွေ၊ ရွှေတွေ စီခြယ်ထားတဲ့ သရဖူကို ဦးခေါင်းမှာ ဆင်မြန်းဖို့ထက် အကျင့်သီလ သန့်စင်ခြင်းဆိုတဲ့ ခေါင်းပေါင်းကိုသာ ဦးခေါင်းမှာ ဆင်မြန်းဖို့ ပိုပြီး အရေးကြီးတယ်။

ခေါင်းဆောင်ကောင်းဆိုတာ ကိုယ်မွေးထားတဲ့ သားသမီးတွေက ကိုယ့်ကိုချစ်ဖို့ထက် တိုင်းသူ ပြည်သားတွေက ကိုယ့်ကိုချစ်ဖို့ ပိုပြီး အရေးကြီးတယ်။

ဒီတော့ သားရယ်...

ခေါင်းဆောင်ကောင်းဆိုတာ စားရက်ကြဲခဲ့ရင်လည်း အရိုးအရင်းပဲ စားရတယ်ကွဲ့။ ရင်အုပ်တွေ၊ ပေါင်တွေစားနေပြီး ခေါင်းဆောင်ကောင်းဖြစ်ချင်လို့ ဘယ်ရမလဲကွယ်၊ သားပဲ စဉ်းစားကြည့်ပါ”

www.burmeseclassic.com

www.burmeseclassic.com

အမေက အိပ်မောကျနေသော သူ၏မြေးများကို ယပ်တောင်ခတ်ပေး နေရှာသည်။ ထိုနေ့က မီးမလာပါ။

အမေပြောသည့် 'ကြက်ရိုးဒဿန' သည် တကယ်တော့ ရိုးရိုးလေးပါ။

အရိုးစားတိုင်း အရိုးမစူးကြပါ။

အသားစားပြီး အရိုးစူးနေကြတဲ့သူတွေ ကျွန်တော်တို့ခေတ်သမိုင်းမှာ အများကြီးပါလားလို့ တွေးနေမိသည်။

ဩော်...

ခေါင်းဆောင်ကောင်းဆိုတာ အရိုးစားပေမယ့် အရိုးမစူးကြပါလားဗျာ။

မဟေသီမဂ္ဂဇင်း

■

www.burmeseclassic.com

www.burmeseclassic.com

သစ်ကိုင်းကျိုး



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သစ်ကိုင်းကျိုး

တစ်ပတ်မှာ (၃)ရက် လမ်းလျှောက်ဖြစ်တယ်။

တနလင်္ဂာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့ မနက်တိုင်း စာမသင်ဘူး။ မနက် (၄)နာရီ ထတယ်။ (၅) နာရီကျော်ကျော်ဆိုရင် လမ်းလျှောက်ဖြစ်တယ်။

ကျွန်တော်က လမ်းလျှောက်ရင်းနဲ့ သီချင်းဆိုတတ်တယ်။ ဘုရားစာတွေ ဘာတွေ ရွတ်လေ့ရွတ်ထ မရှိပါဘူး။ ရေဒီယိုလည်း နားမထောင်တတ်ဘူး။ ကျွန်တော်နဲ့အတူတူ လမ်းလျှောက်ဖော် လမ်းလျှောက်ဖက်လည်း မရှိပါဘူး။

ဘာကြောင့်လဲဆိုတော့ မနက်အစောကြီးမှာ အာရုံမနောက်ချင်လို့ပါ။ လူတွေနဲ့ စကားပြောရင် တစ်ခုမဟုတ် တစ်ခု နားအဆိပ်သင့်တယ်။

မနက်မနက်မှာ လမ်းလျှောက်ကြတဲ့သူ တော်တော်များများဟာ ဘုရားစာ ရွတ်လေ့ရွတ်ထ ရှိတယ်။ (၂၄)ပစ္စည်း ပဋ္ဌာန်းတော်ကို ရွတ်ဖတ်ကြတယ်။ မင်္ဂလသုတ်တော်ကို ရွတ်ဖတ်ကြတယ်။ မေတ္တသုတ်တော်ကို ရွတ်ဖတ်ကြတယ်။ ဘချို့များကျတော့ ရေဒီယို နားထောင်ကြတယ်။

ကျွန်တော်ကတော့ သီချင်းဆိုတယ်။ သီချင်းညည်းတယ်။ လူတွေက ကျွန်တော့်ကိုတော့ ဘုရားစာတစ်ခုခုကို ရွတ်ဆို နေတယ်လို့ ထင်ကြမှာပဲ။

လင်းလွန်းခင်တငေ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် လမ်းလျှောက်နေကျ နေရာကတော့ (၆၈)လမ်းနဲ့ သိပ္ပံလမ်း တစ်လျှောက်ပါပဲ။

တစ်ခါတလေကျတော့ ကျွန်တော်က ဖြည်းဖြည်းနှေးနှေး ပြေးကြည့်တယ်။ မောရင် ရပ်လိုက်တယ်။ အမောပြေရင် ဆက်ပြေးတယ်။ မောရင် နားတယ်။

ဒီလိုနဲ့ ပုံမှန်လမ်းလျှောက်တာ (၄)လလောက် ရှိခဲ့ပြီ။ လမ်းလျှောက်တော့ ချွေး ထွက်တယ်။ သွေးနွေးတယ်။ ဝိတ်ကျတယ်။ မှန်ထဲမှာ ကိုယ့်ရုပ်ကို ကိုယ်ပြန်ကြည့်ရတာ ကျက်သရေ နည်းနည်း ရှိလာတယ်။

လမ်းလျှောက်ရင်းနဲ့ အဆီအငေါ်မတည့်တဲ့ အကြောင်းတွေကို မြင်ခဲ့၊ တွေ့ခဲ့ရတယ်။

လမ်းလျှောက်ကြတဲ့သူ အများစုဟာ အသက် (၄၀)ကျော်တွေ များပါတယ်။ ယောကျ်ားတွေလည်း ပါတယ်။ မိန်းမတွေလည်း ပါတယ်။ တရုတ်လူမျိုးတွေကတော့ အုပ်စုဖွဲ့ပြီး လမ်းလျှောက်ကြတာ များတယ်။ ကက်ဆက်ဖွင့်ပြီး ကကြတယ်။ ကိုယ့်အာရုံနဲ့ ကိုယ်မို့ ဘယ်သူ ဘယ်ဝါဆိုတာ မသိကြပါဘူး။

ကျွန်တော်က လမ်းလျှောက်ရင် အားကစားဘောင်းဘီအပွကို ဝတ်တယ်။ အင်္ကျီက လည်း ခပ်ပွပွကို ဝတ်တယ်။ ဖိနပ်ကတော့ ခပ်ပါးပါးပဲ စီးတယ်။

ကျွန်တော်က လမ်းပေါ်က ခွေးလေခွေးလွှဲတွေ ကိုက်မှာကိုတော့ ကြောက်တယ်ဗျ။ ဒါကြောင့် လက်ထဲမှာ တုတ်တစ်ချောင်းကို ကျွန်တော် ကိုင်ထားတတ်တယ်။

(၆၈)လမ်းက အသစ်ဖောက်ထားတာဆိုတော့ သန့်ရှင်းနေတယ်။ ဖြောင့်စင်းနေတယ်။ (၆၈)လမ်း ပေါ် ရောက်ပြီဆိုရင် လူတွေက အရှေ့ဘက်ကို လှည့်တယ်။ ခြေဖျားထောက်ပြီး အသက်ကို ရှူသွင်းတယ်။ ရှူထုတ်တယ်။ ကုန်းလိုက်ကွလိုက် လုပ်တယ်။

• အဲဒီအထဲမှာ ကျွန်တော်လည်း ပါတယ်။ အဲဒီအနား ရောက်ရင်တော့ တစ်ယောက်ကို တစ်ယောက် မသိမသာနဲ့ အကဲခတ်မိကြတယ်။

မင်း ဘယ်သူလဲ။ ငါ ဘယ်သူလဲပေါ့။

ပြောရဦးမယ်ဗျ။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်စာသင်ခန်းထဲက ကလေးတွေက ကျွန်တော့်ကို မေးတတ်ကြတယ်။ မေတ္တာပို့တယ်ဆိုတာ တကယ်ထိရောက်သလားတဲ့။

ကျွန်တော်ကလည်း ကိုယ်မသိတဲ့ကိစ္စကို ရှိုးရှိုးရှင်းရှင်း မလုပ်ချင်ဘူး။ ကိုယ်သိသလောက်ပဲ ပြောတတ်တယ်။

"ဒီလိုတော့ ရှိတယ်ကွ။ မေတ္တာပို့နည်း (၃)နည်း ရှိတယ်။ လူတွေ မနက်တိုင်း ရွတ်ဆိုနေတဲ့ မေတ္တာပို့နည်းက ဝစီကံမေတ္တာပို့နည်းလို့ ခေါ်တယ်။ အဓိပ္ပာယ်ကတော့ကွာ နှုတ်နဲ့ မေတ္တာပို့တာပေါ့။ တချို့ကျတော့ မနောကံနဲ့ မေတ္တာပို့တယ်။ အဓိပ္ပာယ်ကတော့ စိတ်နဲ့ မေတ္တာပို့တာပေါ့။

အဲဒီ (၂)ခုကိုတော့ ဆရာက ကောင်းကောင်း မရှင်းတတ်ဘူး။ ဆရာ့အယူအဆနဲ့ပြောရရင် ကာယက် မေတ္တာပို့နည်းကို ကြိုက်တယ်။ အဓိပ္ပာယ်ကတော့ကွာ။ လက်တွေ့ ကူညီတာပေါ့။

ဥပမာကွာ... ဒုက္ခရောက်နေတဲ့သူတွေကို တကယ်ကူညီတာဟာ ကာယက်မေတ္တာ ပေါ့။ 'နာဂစ်'ဖြစ်တုန်းက တို့တစ်တွေ ပြုမူခဲ့တာ၊ လှူခဲ့တာ၊ ပေးခဲ့တာတွေဟာ ကာယက် မေတ္တာပေါ့။

ဥပမာ ထပ်ပေးရဦးမယ်။ ရေနစ်နေတဲ့ လူတစ်ယောက်ကို ဒီမှာ လူတစ်ယောက် ရေနစ်နေတယ်။ ကယ်ပေးကြပါ၊ ဆယ်ပေးကြပါလို့ တိုက်တွန်းနှိုးဆော်ပေးတဲ့သူဟာ ဝစီကံ မေတ္တာပေါ့။ ရေထဲကို ဆင်းပြီး ကယ်တဲ့ သူကတော့ ကာယက် မေတ္တာပေါ့ကွာ။

ဒါဆိုရင် မင်းတို့ကို ငါ မေးမယ်။ ဝစီကံ မေတ္တာရယ်၊ မနောကံ မေတ္တာရယ်၊ ကာယက် မေတ္တာရယ်... ဘယ်အပြုအမူက ပိုကောင်းသလဲ၊ စဉ်းစားကြ"

လူငယ်တွေဆိုတော့ ကတ်သီးကတ်သတ် မေးတတ်တယ်။ တွေးတတ်တယ်။

ဒီလိုနဲ့...။

မနေ့ညတုန်းက (၁)နာရီကျော်ကျော်လောက် လေပြင်းတွေ တိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

မိုးတွေ ကျတယ်။ ရွာတယ်။ လေပြင်းတွေ တိုက်တယ်ဆိုတော့ သစ်ကိုင်းတွေ၊ သစ်ပင်တွေ ကျိုးကုန်ကြတာပေါ့။

အဲဒီနေ့ မနက် လမ်းလျှောက်ထွက်တော့ လမ်း ပေါ်မှာ သစ်ကိုင်း အကျိုးအပဲ့တွေ အများကြီးပဲ။ လမ်းလျှောက်ထွက်တဲ့သူတွေက အဲဒီ ကျိုးပဲ့နေတဲ့သစ်ကိုင်းတွေကို ရှောင်ကွင်းပြီး လမ်းလျှောက်နေကြတယ်။ ကျော်ခွပြီး သွားကြတယ်။

အမြင်မတော်တဲ့ သစ်ကိုင်းကျိုးတွေ၊ အမှိုက်တွေကို ကျွန်တော်က ရှင်းချင်တယ်။ ဒီတော့ အိမ်ကို ပြန်လာခဲ့တယ်။ စာသင်ခန်းထဲက ကျောင်းသား၊ ကျောင်းသူတွေကို ခေါ်တယ်။ လမ်းပေါ်မှာ ကျနေတဲ့ သစ်ကိုင်း အကျိုးတွေကို ကလေးတွေနဲ့အတူတူ ဖယ်တယ်။ ရှင်းတယ်။

သစ်ကိုင်းအကျိုးတွေကို ဖယ်နေရင်းနဲ့ ကလေးတွေက ကျွန်တော့်ကို စကားပြောကြတယ်၊ မေးကြတယ်။

"ဆရာ... အဲဒီ လမ်းလျှောက်နေကြတဲ့ လူတွေက ဘယ်သူတွေတုံး"

"ငါလည်း ဘယ်သိမလဲ"

"သူတို့က ဒီလမ်းပေါ်မှာ ဒီနေ့ မနက်မှ စပြီး လမ်းလျှောက်ကြတဲ့ သူတွေလား"

"မဟုတ်ဘူးကွ၊ မနက်တိုင်း ဒီလမ်းပေါ်မှာ လျှောက်ကြတာ"

"ဒါဆိုရင် ဒီလမ်းက သူတို့လမ်းပေါ့"

"အေး... ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"သူတို့က သူဌေးတွေလား"

"ငါ ဘယ်သိမလဲ"

တစ်ယောက်က မေးတယ်။

"သူတို့က ဘာလူမျိုးတွေလဲ၊ အသားဖြူဖြူ၊ နှာခေါင်းပြားပြားနဲ့"

"ဘယ်သိမလဲကွ"

နောက်တစ်ယောက်က မေးပြန်တယ်။

"အရာရှိတွေလား"

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလုပ်ပြီး သိမှာလဲကွ"

အဲဒီအချိန်မှာ ကျောင်းသူတစ်ယောက်က ကျွန်တော့်ကို ကတ်သီး ကတ်သတ် မေးပြန်တယ်။

"ဆရာ... လမ်းလျှောက်တဲ့သူတွေရဲ့ပါးစပ်က ပွစိပွစိနဲ့ ဘာတွေ ရွတ်နေကြတာလဲ"

"ငါလည်း ဘယ်သိမလဲ။ သီချင်းတွေ ဆိုနေကြတာ နေမှာပေါ့"

"မဖြစ်နိုင်ဘူး ဆရာ။ ဘုရားစာတွေ ရွတ်နေကြတာ နေမှာ"

"ဒါဆိုရင် သိရက်သားနဲ့၊ ဘာဖြစ်လို့ လာလာမေးနေကြတာလဲ"

"သူတို့ရွတ်တဲ့ ဘုရားစာက ဘာတွေလဲ ဆရာ"

"ဘုရားစာဆိုတော့ တရားစာ နေမှာပေါ့"

"တရားစာဆိုတာ ဘာလဲ ဆရာ"

ကလေးတွေဆိုတော့ စကားစ, လိုက်တာနဲ့ မေးစရာတွေက တသီတတန်း ကြီး ထွက်လာလေတော့တယ်။

"တရားစာဆိုတာ မတရားတဲ့စာ မဟုတ်ဘူးပေါ့"

"မတရားတဲ့စာဆိုတာ ဘာလဲ ဆရာ"

"မတရားတဲ့စာဆိုတာ မကောင်းတဲ့စာပေါ့"

"ကောင်းတဲ့စာဆိုတာ ဘာလဲ ဆရာ"

"အများအတွက် အကျိုးရှိတဲ့ အလုပ်တွေလုပ်ဖို့ရေးထားတဲ့စာပေါ့"

"ဒါဆိုရင် ဆရာရယ်၊ သမီးတို့နဲ့အတူတူ သူတို့က ဘာဖြစ်လို့ ဒီသစ် ကိုင်းကျိုးတွေကို ကူပြီး ဖယ်မပေးကြတာလဲ"

"ဒါတော့ ငါလည်း မသိဘူး"

အဲဒီအချိန်မှာ ကျောင်းသားတစ်ယောက်က သစ်ကိုင်းကျိုးတွေကို ဖယ်ရင်း၊ မ,ရင်းနဲ့ ကျွန်တော့်ကို အမေးအမြန်း ထူပြန်တယ်။

"သူတို့က သူတို့ရွတ်နေတဲ့ စာတွေကို နားလည်ရဲ့လား မသိပါဘူး... ဆရာရယ်"

"အေး... မင်းတို့ စာကျက်သလိုမျိုးပေါ့၊ ကျက်တော့ ကျက်နေတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com

ရွှတ်တော့ ရွှတ်နေတာပဲ၊ ဘာမှ နားမလည်သလိုပေါ့''

ကျွန်တော်က အကွက်ကျကျ ဖြေပေးလိုက်တယ်။

''ဟာဗျာ... ဆရာကလည်း၊ ကျွန်တော်တို့က ကျွန်တော်တို့ ကျက်တဲ့စာ နည်းနည်းလောက်တော့ နားလည်ပါတယ်ဗျ''

''ဒါဆိုလည်း ပြီးတာပဲ၊ ဟိုဘက်နားက သစ်ကိုင်းကျိုးတွေ မ, ကြမ်း''

တော်တော်ကြီးသည့် သစ်ကိုင်းကျိုးကြီးတစ်ခုကို ဝိုင်းပြီး မ, ကြတယ်။

ထိုအချိန်တွင် အရွယ်ခပ်ကြီးကြီး ကျောင်းသားတစ်ယောက်က သစ်ကိုင်း ကျိုးကို မ,ရင်းပြောတယ်။

''ပါးစပ်ကနေ မေတ္တာပို့နေမယ့်အစား ကျွန်တော်တို့နဲ့အတူတူ လာပြီး ဒီသစ်ကိုင်းကျိုးတွေကို ဖယ်ပေးရင် ကောင်းမှာပဲနော်''

''မင်း သွားပြောလေ''

''သွားပြောမှ သိရမှာလား ဆရာရဲ့၊ သူတို့က လူကြီးတွေလေ။ ဒီလမ်းက သူတို့လျှောက်နေကျလမ်းပဲ။ သူတို့မှာလည်း ဒီသစ်ကိုင်းကျိုးတွေကို ဖယ်ရှားပေးဖို့ စိတ်ထားရှိရမှာပေါ့၊ တာဝန်သိရမှာပေါ့''

''မင်းပြောတာတော့ ဟုတ်တယ်။ ပြောမှ သိတယ်၊ ခိုင်းမှ လုပ်တတ်တယ် ဆိုတာ လူမဟုတ်ဘူး။ ဒီမယ် ငါ့တပည့်ရဲ့၊ လူဆိုတာ ကိုယ့်အတွေးနဲ့ကိုယ် ကျေနပ် နေတတ်ကြတာ၊ ကိုယ့်အာရုံနဲ့ကိုယ် ပျော်မွေ့နေတတ်ကြတာ''

''လူတွေက တစ်မျိုးပဲနော် ဆရာ''

''အေး- အဲဒါ မင်းတို့ ငါ့ကို မေးမေးနေတဲ့ ဝစီကံနဲ့ မနောကံ မေတ္တာပဲဟေ့''

''ဒါဆိုရင် ကျွန်တော်တို့ အခုလို လုပ်နေကြတာ ကာယကံ မေတ္တာ ပေါ့နော်''

''ဟုတ်တယ်ကွ၊ လူတွေကိုတော့ သွားပြီး မပြောနဲ့၊ သူတို့က အဲဒီလို မေတ္တာပို့နည်းနဲ့ ကျေနပ်နေကြတာ။ ဆရာကတော့ မင်းတို့တစ်တွေကို ဝစီကံနဲ့ လည်း မေတ္တာပို့သူ ဖြစ်စေချင်တယ်၊ မနောကံနဲ့လည်း မေတ္တာပို့သူ ဖြစ်စေချင် တယ်၊ လိုအပ်ရင် ကာယကံ မေတ္တာပိုင်ရှင်တွေ ဖြစ်စေချင်တယ်''

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသူတစ်ယောက်က အမျိုက်တွေကို ရှင်းရင်း စကားတစ်ခွန်း ဝင်ပြောတယ်။

"ဆရာ၊ သမီးက မသိလို့ မေးတာပါ ဆရာရယ်၊ အမေးအမြန်း ထူတယ် လို့တော့ မထင်ပါနဲ့။ သမီးအဘိုးဆိုရင် မနက်တိုင်း မေတ္တာပို့တယ်၊ ဒါပေမဲ့ သူ မကြည်ဖြူတဲ့ ယောကျ်ားကို ယူသွားတဲ့ သူသမီးကိုကျတော့ အိမ်ရိပ် မနင်းစေနဲ့တဲ့"

နောက်ထပ် ကျောင်းသူတစ်ယောက်ပြောတာ ပိုပြီး ရယ်ရတယ်ဗျ။

"နားထောင်ကြပေ့၊ ငါ့အဘွားက ဘုရားကန်တော့ရင် တစ်နာရီခွဲ လောက်ကြာတယ်။ အရပ်ရှစ်မျက်နှာ၊ ဆယ်မျက်နှာကို မေတ္တာပို့တယ်၊ အမျှဝေ တယ်။ လက်ထဲမှာ ဘာကိုင်ထားလဲ သိလား"

သူစကားကိုရပ်ပြီး သူငယ်ချင်းတွေကို မေးလိုက်တယ်၊ မေးပြီးတော့ အဖြေကို မစောင့်။

"မှတ်ထားပေ့၊ ငါ့အဘွားက ပါးစပ်ကနေပြီး မေတ္တာပို့တယ်၊ ဇက်ထဲမှာတော့ ခြင်ရိုက်တဲ့ လျှပ်စစ်ဘက်တံကို ကိုင်ထားတယ်ဟ"

အားလုံး ရယ်ရယ်မောမော ဖြစ်ကုန်ကြတယ်။

"နင်ပြောလို့ ငါလည်း ပြောရဦးမယ်။ ငါတို့အိမ်မှာ ဆွမ်းကျွေးတယ်။ ငါ့အဘွားရယ်လေ၊ ဘုန်းကြီးတွေရှေ့မှာတော့ တကယ့်မေတ္တာရှင်ကြီးပဲ၊ သူလောက် စိတ်ကောင်းရှိတဲ့သူ လောကမှာ မရှိသလောက် သရုပ်ဆောင်ပြတယ်။ အဲဒီ ဆွမ်းကျွေးတဲ့နေ့က အရှေ့ဘက်အိမ်က ခွေးကိုမြင်တော့ ရေနွေးပူနဲ့ ပက်တယ်။ သူတောင်းစားကလေးလေးတွေ လာပြီးမျှော်တော့ မောင်းထုတ်တယ်။ ရယ်ရ တယ်နော်"

ကလေးတွေဆိုတော့ သူတို့မြင်တာ တွေ့တာတွေကို လွတ်လွတ်လပ်လပ် ပြောရင်း မမောနိုင်မပန်းနိုင် အလုပ်လုပ်နေကြတော့တယ်။ တချို့ကလေးတွေက သီချင်းတွေ အကျယ်ကြီးဆိုပြီး သစ်ကိုင်းတွေကို မ,ကြ၊ ဖယ်ကြတယ်။ တချို့က စကားပြောရင်း အလုပ်လုပ်နေကြတယ်။ သူတို့ အားလုံး ပျော်နေကြတယ်။

အဲဒီနေ့မနက်က ကျွန်တော်တို့ရဲ့ လုပ်အားကြောင့် လမ်းပေါ်မှာ သစ်ကိုင်း ကျိုးတွေ မရှိတော့ပါ။ လမ်းလျှောက်သူတွေကတော့ လျှောက်မြဲ လျှောက်လျက်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com

သူတို့မှာလည်း သူတို့အာရုံနဲ့ သူတို့၊ သူတို့ယုံကြည်မှုနဲ့သူတို့ ရှိကြမှာပေါ့လေ။

ဩော်...

လူတွေ... လူတွေ... လူတွေ။

ရွှေမန္တလေးဂျာနယ်

■

www.burmeseclassic.com

www.burmeseclassic.com

ဟိုင်းအိမ်းသိုင်းကျိုင်



www.burmeseclassic.com

www.burmeseclassic.com

သူတို့အားလုံးဟာ
သန္ဓာရှိတဲ့၊ ဣန္ဒြေရှိတဲ့
မိန်းကလေးတွေပါ။
ဘဝကို ရဲရဲရင့်ရင့်ကြီး
ဖြတ်သန်းမယ်ဆိုတဲ့ သတ္တိတွေနဲ့
ကျွန်တော့်ကို လာပြီး ရင်ဖွင့်နေကြတာပါ။
သူတို့ကိုယ်တိုင် 'အထိအတွေ့'ကို
အချစ်လို့ထင်နေခဲ့ကြတာ။
ချစ်တဲ့သူကို တွေ့အောင်မရှာဘဲ
တွေ့တဲ့သူကို ချစ်ခဲ့ကြတာ
သူတို့ကိုယ် သူတို့မသိရှာကြဘူး။
မိန်းမတွေဟာကိုယ့်ယောကျ်ားဆီက
အချစ်တွေ အများကြီး
ရကောင်း ရနိုင်ပါတယ်။
ဒါပေမဲ့....
ကိုယ့်ယောကျ်ားဆီက
သန္ဓာတရား ရဖို့ကတော့ မလွယ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com

ထရိုင်းအဂိမ်း၊ သိုင်းကျူး
"Try Again, Thank You"

ဒိုအားထက် ရယ်အားသန်ရတဲ့ နေ့လေး တစ်နေ့ပါ။

ကျွန်တော့်မွေးနေ့မှာ တပည့်ဟောင်းတွေ အိမ်ကို လာလည်ကြတယ်။ ကျွန်တော်က မွေးနေ့ပွဲကို ဘယ်သူ့ကိုမှ မဖိတ်ဘူး။ ကိုယ့်အသိစိတ်နဲ့ကိုယ် လာစေချင်တယ်။ ဒါမှသာ ကိုယ့်ကို ဘယ်လောက်အထိ အမှတ်တရ ရှိနေတယ် ဆိုတာ သိနိုင်မယ်လေ။ အဲဒီနေ့က အိမ်က မွေးနေ့အထိမ်းအမှတ်အဖြစ် ကြာဆံဟင်းခါး ကျွေးတယ်။ တစ်နေ့လုံး လူစည်ကားတဲ့ နေ့လေး တစ်နေ့ပေါ့။

လာတဲ့တပည့်တွေထဲမှာ လွန်ခဲ့တဲ့ (၁၀)နှစ် (၁၅)နှစ်က တပည့်တွေလည်း ပါတယ်။ အဲဒီတပည့်တွေထဲမှာ အိမ်ထောင်ကျပြီး အိမ်ထောင်ရေး အဆင်မပြေကြတဲ့ တပည့်မတွေနဲ့ သူတို့ရဲ့ ဘဝအကြောင်းကို ကျွန်တော် ကြားခဲ့ရတယ်။ ရယ်ရမလား၊ ငိုရမလားတောင် မသိပါဘူး။

တစ်ယောက်က ၁၉၉၇ သင်တန်းဆင်း တပည့်မလေးပါ။ သူက မူလတန်းပြ ကျောင်းဆရာမ လုပ်နေတယ်တဲ့။ သူက သူချစ်တဲ့သူနဲ့ အိမ်ထောင်ကျထားတဲ့သူပါ။ သူ့အမျိုးသားက ကျောက်ပွဲစားလုပ်တယ်တဲ့။

"ဆရာရယ်၊ ကျွန်မ အမျိုးသားက သစ္စာမရှိပါဘူး။ သိလား၊ ပတ်ချဲနပ်ချဲနဲ့ ကျွန်မ လုပ်စာကိုပဲ ထိုင်ပြီး စားနေတာ။ မနက်ဆို နေမြင့်မှ ထတယ်၊

www.burmeseclassic.com

www.burmeseclassic.com

လက်ဖက်ရည်ဖိုး တောင်းတယ်၊ လက်ဖက်ရည်ဆိုင် ထွက်သွားတယ်။ အလုပ်က ကျောက်ပွဲစားလို့ပြောပြီး ဘယ်တော့မှ အဆင်ပြေတယ် မရှိပါဘူး''

''နင်ကလည်း အဆင်မပြေဘူးလို့သာ ပြောတယ်၊ ကလေး (၂)ယောက်နဲ့။ အဲဒါ အဆင်မပြေတာလား''

''အဲဒီ ကိစ္စတော့ အဆင်ပြေပါတယ် ဆရာရဲ့။ အဆင်မပြေတာက စီးပွားရေးပဲ။ အကြီးကောင်က (၂)တန်း။ အငယ်ကောင်က နောင်နှစ်ဆို ကျောင်းနေရတော့မယ်။ ကျွန်မ လုပ်စာ တစ်ခုတည်းနဲ့... ဘယ်လွယ်မလဲ ဆရာရယ်။ ဒီတော့... သူက ဖားကန့်မော်ထဲကို ထွက်သွားတယ် ဆရာ။ (၂)နှစ်ရှိပြီ။ အခု သူ့သတင်း ကြားရတယ်၊ မော်ထဲမှာ နောက်မိန်းမ ယူထားတယ်တဲ့''

ပြောရင်းနဲ့ ငိုပါလေရော့ဗျာ။ ကျွန်တော်လည်း ဘယ်လို အားပေးရမှန်း မသိဘူး။

သူငိုနေတဲ့အချိန်မှာ နောက်တစ်ယောက်က သူ့အကြောင်းကို ရင်ဖွင့်ပြန်တယ်။

''ညည်းယောကျ်ားက တော်ပါသေးတယ်အေ။ ငါ့ယောကျ်ားက ပိုဆိုးတယ်ဟဲ့။ ငါက ဆယ်တန်း မအောင်ဘူး၊ ဒီတော့... ယောကျ်ားလုပ်စာကို မှီခိုပြီး စားနေရတာ။ ငါက ငါ့ယောကျ်ားကို ကြောက်ရတယ်။ ငါ့ယောကျ်ားက နှစ်လုံး၊ သုံးလုံး 'လက်ခွဲဒိုင်'လုပ်တယ်၊ ငွေရွှင်တယ်ပေါ့အေ။ သူက ငွေပေါတော့ ညနေညနေဆိုရင် 'ကာရာအိုကေ'သွားတယ်။ အဲဒီကောင်မတွေကျတော့ ပန်းကုံး ၃၊ ၄ သောင်းဖိုး ဖွပ်တယ်။ ငါက ဈေးဖိုး (၃)ထောင်လောက် တောင်းရင် မပေးချင်ဘူး။ ဈေးဖိုးတောင်းရတာ မျက်နှာငယ်တယ်အေ၊ ကျားပါးစပ်ထဲက အစာကိုသာ လက်နဲ့ နှိုက်ယူလိုက်ချင်တယ်။ အခုလည်း စင်တင်တေးဂီတက ကောင်မလေးတစ်ယောက်နဲ့ တွဲနေပြန်တယ်၊ အိမ်ပြန် မအိပ်ဘူး။ နင်ပဲ စဉ်းစားကြည့်၊ တစ်ခါတည်း နောက်မိန်းမ ယူသွားတာက တော်သေးတယ်။ အခုဟာက သူသာ 'ဟိုရောဂါ... ဒီရောဂါ' ဖြစ်နေရင် ငါ့လည်းကူးမှာ၊ ငါ သိပ်စိတ်ညစ်တာပဲအေ။ သူ့မျက်နှာကို မကြည့်ချင်ဘူး၊ ရွံတယ်''

သူကလည်း ပြောရင်းနဲ့ ငိုပါလေရော့။ သူတို့ဘဝနဲ့ သူတို့ဆိုတော့ ကျွန်တော်လည်း ဘာမှ မကူညီနိုင်ဘူး။

အဲဒီအချိန်မှာ နောက်တစ်ယောက်က သူ့ခံစားချက်ကို ဒီလိုပြောပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ငါ့ယောကျ်ားကတော့ တော်တော်ဆိုးတယ်အေ့။ ငါတို့ အိမ်ထောင်ကျစကတော့ သူ့အမေပေးတဲ့ ပစ္စည်းတွေနဲ့ ငါတို့မှာ အဆင်ကိုပြေလို့။ အဲဒီပစ္စည်းတွေလည်း ကုန်သွားရော သူက ဘာမှ မလုပ်တတ်ဘူးတဲ့။ ဒါနဲ့ ငါက သူ့ကို လုပ်ကျွေးနေရတယ်။ ငါက စတိုးဆိုင်မှာ အရောင်းစာရေးမ လုပ်ရင်းနဲ့ သူနဲ့တွေ့ခဲ့တာ။ သူဌေးသားဆိုပြီး ငါက အပိုင်တွက်ထားတာ။ သူဌေးသားတော့ ဟုတ်ပါတယ်အေ၊ အလကား... ငပျင်း၊ နှာဘူး"

ကျွန်တော်က သူတို့ရဲ့စကားသံတွေကို ထိုင်နေရင်းနဲ့ ကြားနေရတယ်။

"ဟဲ့... ကိုယ့်ယောကျ်ားကို ဒီလို မပြောရဘူးလေ"

"ပြောရမယ် ဆရာရဲ့၊ အခု သူနဲ့ကျွန်မ ကွဲသွားပြီ"

ပြောရင်းနဲ့ မျက်ရည်လည်လာတယ်။ သူ့သူငယ်ချင်းတွေဘက်ကို ကြည့်ပြီး သူ့စကားကို ဆက်ပြောတယ်။

"ဘာလို့ ကွဲတာလဲ သိကြလား။ သူက တစ်ညလုံး ဘောလုံးပွဲ ကြည့်တယ်။ ဘောလုံးပွဲ လောင်းတယ်။ ညတိုင်း အရက်သောက်တယ်။ ငါက တစ်နေကုန် ဈေးရောင်းရတယ်။ ဈေးရောင်းလို့ရတဲ့ ငွေကို သူက ငါမသိအောင် ယူသေးတာ၊ ခိုးသေးတာ။ ပြီးတော့ မိုးချုပ်မှ အိမ်ပြန်လာတယ်။ ငါ စိတ်ညစ်ပါတယ်အေ၊ ယောကျ်ားတွေက ကောင်းကို မကောင်းဘူးဟဲ့... သိလား။ ပြီးခဲ့တဲ့ လတုန်းက သူ ညတိုင်း ဘောလုံးပွဲ ကြည့်နေကျ လက်ဖက်ရည်ဆိုင်ရဲ့ရှေ့က ကွမ်းယာရောင်းတဲ့ ကောင်မလေးနဲ့ သူနဲ့ငြိနေတာကို ငါသိရတယ်။ ငါ့ဝိုက်ဆံတွေကို ခိုး၊ခိုးပြီး သူ့ကောင်မကို သူက ပေးနေတာဟဲ့။ ငါကလည်း ဒီကိစ္စကို ဘယ်သည်းခံနိုင်မလဲ။ တစ်ယောက်နဲ့တစ်ယောက် ရိုက်ကြတယ်၊ နှက်ကြတယ်။ ဒီလိုနဲ့ ငါက သူ့ကို ကွဲဖို့ ပြောတယ်။ သူက မငြင်းဘူးတော့... သိလား။ ချက်ချင်း လက်မှတ်ထိုးပေးတယ်။ နောက်တစ်ပတ်လောက်လည်းနေရော ဟိုကောင်မနဲ့ ယူတယ်အေ၊ သူ့အမေကလည်း သူ့သားကို အိမ်ပေါ်ခေါ်တင်ပြီး ကျွေးထားတယ်တဲ့အေ၊ အဲ့သြပါ့"

သူကတော့ မငိုဘူး၊ မျက်ရည်ပဲ လည်နေတာ။ ဒါပေမဲ့... ဒေါသသံကြီးနဲ့ သူ့သူငယ်ချင်းတွေကို မငိုဖို့ ပြောနေသလိုပါပဲ။ ကျွန်တော်ကတော့ သူတို့ စကားကို နားထောင်ရုံကလွဲပြီး ဘာမှ မတတ်နိုင်ပါဘူး။ သူတို့ချစ်လို့ သူတို့ ယူထားခဲ့ကြတာပဲ။ စိတ်အလိုကို လိုက်ခဲ့ကြတာပဲ။ သူတို့ အားလုံးမှာ ကလေးကိုယ်စီနဲ့

www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ ဒီကလေးတွေရဲ့ အနာဂတ်အရေးကိုတွေးပြီး ရင်လေးနေမိတယ်။

သူတို့အားလုံးဟာ သစ္စာရှိတဲ့၊ ဣန္ဒြေရှိတဲ့ မိန်းကလေးတွေပါ။ ဘဝကို ရဲရဲရင့်ရင့်ကြီး ဖြတ်သန်းမယ်ဆိုတဲ့ သတ္တိတွေနဲ့ ကျွန်တော့်ကို လာပြီး ရင်ဖွင့်နေကြတာပါ။ သူတို့ကိုယ်တိုင် 'အထိအတွေ့'ကို အချစ်လို့ ထင်နေခဲ့ကြတာ။

ချစ်တဲ့သူကို တွေ့အောင်မရှာဘဲ တွေ့တဲ့သူကို ချစ်ခဲ့ကြတာ သူတို့ကိုယ် သူတို့ မသိရှာကြဘူး။

မိန်းမတွေဟာ ကိုယ့်ယောကျ်ားဆီက အချစ်တွေ အများကြီး ရကောင်း ရနိုင်ပါတယ်။ ဒါပေမဲ့... ကိုယ့်ယောကျ်ားဆီက သစ္စာတရား ရဖို့ကတော့ မလွယ်ဘူး။

အဲဒီအချိန်မှာ နောက်တစ်ယောက်က ဝင်ပြီးပြောတယ်။

"ယောကျ်ားယူတယ်ဆိုတာ ကံစမ်းမဲ နှိုက်ရသလိုပါပဲအေ၊ ကံစမ်းမဲက ပြောတယ် ဗလာမပါဘူးတဲ့။ ငါတို့ကလည်း ယုံတယ်၊ ကံစမ်းမဲကို နှိုက်တယ်။ သူတို့ပြောတာလည်း မှန်တော့ မှန်သားဟဲ့၊ ဗလာတော့ မပါဘူး၊ စာတစ်ခုတော့ အမြဲပါတယ်။ ငါတို့ကလည်း အကောင်းဆုံးကို ရမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ယောကျ်ားကို ရွေးခဲ့ကြတယ်၊ ယူခဲ့ကြတယ်၊ ကံစမ်းမဲ နှိုက်ခဲ့ကြတယ်"

သူ့စကားကိုကြားတော့ ကျွန်တော် ထိုင်နေရင်း ပြုံးလိုက်မိတယ်။

"နင်တို့ပဲ စဉ်းစားကြည့်လေ၊ ကံစမ်းမဲကို နှိုက်လိုက်တယ်ဟာ၊ ကံစမ်းမဲတော်တော်များများမှာ ရေးထားတဲ့ စာတစ်ခု ရှိတယ်။ နင်တို့ သိလား"

သူက သူ့စကားကို မေးပြောလေး ပြောလိုက်တယ်။

နားထောင်သူ သူငယ်ချင်းအားလုံးက တညီတညွတ်တည်း မေးလိုက်တယ်။ သူ့အဖြေက-

"ငါတို့ မိန်းမသားတွေ ပေါက်နေကျ ပေါက်မဲက Try Again နဲ့ Thank You ပါပဲအေ"

မန္တလေးတိုင်းမ်သတင်းစာ

■

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ရဲ့ ချစ်သူရည်းစားကလည်း ချစ်သူပါပဲ။
ကိုယ့်ရဲ့ အဖေ၊ အမေကလည်း ချစ်သူပါပဲ။
ကိုယ့်ရဲ့ သူငယ်ချင်းကလည်း ချစ်သူပါပဲ။
ကိုယ့်ရဲ့ သားသမီးကလည်း ချစ်သူပါပဲ။
ကိုယ့်ရဲ့ ဆရာတွေကလည်း ချစ်သူပါပဲ။
ကိုယ်ယုံကြည်ကိုးကွယ်တဲ့
ဘာသာတရားကလည်း ချစ်သူပါပဲကွယ်။
ကိုယ့်ရဲ့ ချစ်သူရည်းစားကိုမှ
ချစ်သူလို့ မထင်စေချင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူများနေ့

ချစ်သူ…
ဖေဖော်ဝါရီ (၁၄)ရက်ရောက်တိုင်း ချစ်သူတွေ ရင်ခုန်ကြရတယ်။
ကမ္ဘာပေါ်မှာ ချစ်သူမရှိဘဲလူသား တစ်ယောက်မှ မရှိပါ။
ကိုယ့်ရဲ့ ချစ်သူရည်းစားကလည်း ချစ်သူပါပဲ။
ကိုယ့်ရဲ့ အဖေ၊ အမေကလည်း ချစ်သူပါပဲ။
ကိုယ့်ရဲ့ သူငယ်ချင်းကလည်း ချစ်သူပါပဲ။
ကိုယ့်ရဲ့ သားသမီးကလည်း ချစ်သူပါပဲ။
ကိုယ့်ရဲ့ ဆရာတွေကလည်း ချစ်သူပါပဲ။
ကိုယ်ယုံကြည်ကိုးကွယ်တဲ့ ဘာသာတရားကလည်း ချစ်သူပါပဲကွယ်။
ကိုယ့်ရဲ့ ချစ်သူရည်းစားကိုမှ ချစ်သူလို့ မထင်စေချင်ဘူး။
ဒါကြောင့် ကမ္ဘာပေါ်မှာ ရှိတဲ့လူသားတိုင်းဟာ
တစ်ဦးတစ်ယောက်ယောက်ကိုတော့ ချစ်မိနေတတ်ကြတယ်။
ချစ်တတ်ခြင်းဆိုတာ လူရဲ့အမှတ်တံဆိပ်ပါပဲကွယ်။
ချစ်သူမရှိဘူးဆိုပြီး ဘာ့ကြောင့် အားငယ်နေရမှာလဲ။
မင်းမှာလည်း ချစ်သူရှိတယ်လေ။ တွေးကြည့်ပေါ့။
ချစ်သူ…

လင်းလွန်းခင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူများနေ့မှာ
ချစ်သူအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းလေးတွေ
အပြန်အလှန်ပေးကြ၊ ကြည်နူးကြ၊ ပျော်ရွှင်ကြနဲ့...။
ဒီနေ့ကို ရောက်တိုင်း ရင်ခုန်ရတယ်နော်။
ချစ်သူတွေကြားထဲမှာ 'ချစ်သူများနေ့'သာ မရှိခဲ့ရင် တစ်ခုခုလိုနေသလို ခံစားရမှာပဲ။
ခုတော့ ဖေဖော်ဝါရီဆိုတာ ချစ်သူတွေအတွက် ရင်ခုန်စရာကောင်းပြီး အဓိပ္ပာယ်ရှိတဲ့ လ၊လေး တစ်လပေါ့ကွယ်။
'ချစ်သူများနေ့'မှာ... ကိုယ့်ချစ်သူကို ဘာလက်ဆောင် ပေးရရင် ကောင်းမလဲ။
'ချစ်သူများနေ့'မှာ... ကိုယ့်ချစ်သူကို ဘယ်လိုစကားတွေ ပြောရမလဲ။
'ချစ်သူများနေ့'မှာ... ကိုယ့်ချစ်သူကို ဘယ်လိုသီချင်းတွေ ဆိုပြရမလဲ။
'ချစ်သူများနေ့'မှာ... ကိုယ့်ချစ်သူနဲ့ ဘယ်လိုကဗျာတွေ အတူတူ ရွတ်ဆိုကြရမလဲ။
တွေးကြည့်ရင် ပျော်စရာကြီးနော်။

♥♥♥

ချစ်သူ...
အင်တာနက်ထဲမှာ 'ချစ်သူများနေ့' ပေါ်ပေါက်လာတဲ့အကြောင်း ဖတ်ဖူးတယ်။
ဒီလိုပါ ချစ်သူရယ်...။
ခရစ်နှစ် သုံးရာစုလောက်က၊ လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၇၀၀) လောက်က ပေါ့။
ရောမအင်ပါယာမှာ Cladius II ဆိုတဲ့ ဘုရင်တစ်ပါး အုပ်ချုပ်သတဲ့။
အဲဒီဘုရင်ကြီးက တိုင်းပြည်နဲ့ ပြည်သူပြည်သားတွေကို သိပ်ချစ်တာပဲ။
သူ့ရဲ့ နိုင်ငံနယ်နိမိတ် အမြဲတည်တဲ့ဖို့ သူ့နိုင်ငံမှာ စစ်သည်တော်တွေ အများကြီးကို နေ့တိုင်း လေ့ကျင့်ပေးသတဲ့။
အဲဒီတုန်းက တိုင်းပြည်ဆိုတာ ဒီနေ့ခေတ်လို မြေပုံတွေ၊ နယ်နိမိတ်တွေနဲ့ တိတိကျကျရှိတာ မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com

အမြဲတမ်း စစ်တိုက်ပြီး ကာကွယ်နေရတဲ့ အချိန်ပေါ့။

ကိုယ့်အင်ပါယာ တည်မြဲဖို့နဲ့ ကိုယ့်လူမျိုးအရှည်တည်တံ့ဖို့ စစ်တိုက်ကြရတယ်။

Cladius II ဘုရင်ကြီးမှာ စစ်ရေးအတွေ့အကြုံတွေ အများကြီးရှိတယ်။

စစ်တိုက်ကြတဲ့ စစ်သည်တော်တွေဟာ အိမ်ထောင်ရှိသူတွေ၊ ချစ်သူရည်းစားရှိတဲ့သူတွေ ဖြစ်ခဲ့ရင်…

စစ်မှုထမ်းတဲ့အခါမှာ ချစ်သူကိုပဲ အမြဲတမ်းတနေတတ်ကြလို့…

စစ်တိုက်တဲ့နေရာမှာ တိုက်ခိုက်စွမ်းရည်ကျတာကို သူ သတိပြုမိတယ်။

ဒါကြောင့် စစ်မှုထမ်းကြရမယ့် စစ်သည်တော်တွေဟာ လူပျိုလူလွတ်တွေပဲ ဖြစ်ရမယ်။

တိုင်းပြည်ကို ချစ်တဲ့အချစ်နဲ့ လူသားကို ချစ်တဲ့ အချစ် ယှဉ်လာရင် တိုင်းပြည်ကို ပိုပြီး ချစ်ရမယ်လို့…

Cladius II က ခံယူတယ်။

အဲဒီ ဘုရင်ကြီးက လူတွေရဲ့နှလုံးသားကို တန်ဖိုးမထားဘူးနော်။

အဲဒီ ဘုရင်ကြီးက သူ့အင်ပါယာကြီး… ကြီးသထက် ကြီးလာဖို့အတွက် လူ့နှလုံးသားနဲ့ လူ့အခွင့်အရေးတွေကို တန်ဖိုးမထားတဲ့သူပဲနော်။

စဉ်းစားကြည့်လေ။

လူဆိုတာ ချစ်သူရည်းစားကိုမှ ချစ်တတ်ကြတာ မဟုတ်ဘူး။

လူတွေမှာ ချစ်စရာတွေ တစ်ပုံကြီးပဲ။

ဆရာနဲ့မိဘတွေကိုလည်း ချစ်တယ်။ မိတ်ဆွေသူငယ်ချင်းတွေကိုလည်း ချစ်တယ်။

ပန်းပွင့်တွေ၊ သစ်ပင်တွေနဲ့ သဘာဝတရားတွေကိုလည်း ချစ်တယ်။

တိရစ္ဆာန်ကလေးတွေကိုတောင် ချစ်တတ်ကြသေးတာပဲ။

ချစ်သူ…

အဲဒီခေတ် စစ်တိုက်ကြတယ်ဆိုတာ… ရောမရှုပ်ရှင်ကားတွေထဲက လိုမျိုးပေါ့။

ဟိုတက် ဒီဘက်မှာ စစ်သည်တော်တွေက ဓားတွေ၊ လှံတွေ၊ လေးမြားတွေ ကိုယ်စီကိုင်ပြီး…

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာချင်းဆိုင် တိုက်ခိုက်ကြရတယ်။ တကယ့် 'ယောကျ်ားကောင်း' တွေပါ။

စစ်ပွဲတစ်ပွဲဖြစ်ပြီဆိုရင်လည်း နှစ်ဖက်စလုံးမှာ ဆုံးရှုံးကြရတဲ့အသက်တွေ မနည်းဘူးလေ။

စစ်ထွက်သွားမယ့် စစ်သည်တော်တိုင်းဟာ 'နှလုံးသား' ရှိသူတွေဆိုတော့ ချစ်သူကိုယ်စီ ရှိကြတာပေါ့။

ကိုယ့်ချစ်သူနဲ့ မဆုံစည်းလိုက်ရမှာကို စိုးရိမ်တဲ့စိတ်ကြောင့် စစ်မထွက်မီမှာ ကိုယ်သိပ်ချစ်တဲ့ ချစ်သူနဲ့ တွေ့ဆုံလိုကြတယ်။

အဲဒီအခါ ချစ်သူတွေအကြား ဆုံစည်းဖို့ ကူညီသူတစ်ယောက် ရှိလာခဲ့တယ်။

အာဏာရှင်ဘုရင်ကြီး မသိအောင် ကူညီရတာပေါ့။

သူ့နာမည်ကတော့ ဒီကနေ့ထိ လူသိများပြီး ကျော်ကြားတဲ့ St. Valentine ဆိုတဲ့ ဘုန်းတော်ကြီးတစ်ပါးပါပဲ။

♥♥♥

ချစ်သူ…

St. Valentine အကြောင်း ပြောရဦးမယ်။

သူက… ချစ်တဲ့သူတွေ တစ်ယောက်ကို တစ်ယောက် ချစ်ခွင့်ရကြဖို့၊ ချစ်တဲ့သူတွေရဲ့ ယုံကြည်မျှော်လင့်ချက်တွေ ရှင်သန်စေဖို့ သူ့အသက်ကို စွန့်ပြီး ကူညီခဲ့သူ ဖြစ်တယ်။

သူရဲ့ အချစ်ဒဿနတွေ ပြောပြမယ်နော်။

♥ 'အချစ်ဆိုတာ'… သဘာဝကပေးတဲ့

ဘုရားသခင်ရဲ့ အနှုံးညှုံဆုံး လက်ဆောင် ဖြစ်တယ်တဲ့ကွယ်။

♥ 'အချစ်ဆိုတာ'… မျက်လုံးများကို ပိတ်ထား၊

နားများကို ပိတ်ထားပေမယ့်…

နှလုံးသားများကို ပိတ်ပင်ထားလို့ မရတဲ့

'ကမ္ဘာဦးအလှနတ်တစ်ပါး'ဖြစ်တယ်တဲ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com

♥ 'အချစ်ဆိုတာ'... အရွယ်မရွေး ဖြစ်တတ်သလို...
အချစ်မှာ လူတန်းစားတွေ၊ အလွှာတွေ၊ ဆင်းရဲချမ်းသာတွေ မရှိဘူးတဲ့ကွယ်။

♥ 'အချစ်ဆိုတာ'... ဘုရားသခင်ရဲ့ စကားကိုတောင်...
လွန်ဆန်ဝံ့တဲ့ သတ္တိတွေ မွေးဖွားစေနိုင်တယ်တဲ့။

♥ 'အချစ်ဆိုတာ'... ကိုယ်က သူ့ကို ချစ်နေဖို့ပဲ ဖြစ်တယ်တဲ့။
'အချစ်ဆိုတာ'... သူက ကိုယ့်ကို ပြန်ချစ်ဖို့ထက် သူ့ကို ကိုယ်က ချစ်နေရုံနဲ့ ပြည့်စုံပါတယ်တဲ့။

♥ အချစ်မရှိတဲ့နေရာ ကမ္ဘာပေါ်မှာ မရှိ။
အချစ်မရှိတဲ့အချိန် ကမ္ဘာပေါ်မှာ မရှိ။
အချစ်မရှိတဲ့လူသား ကမ္ဘာပေါ်မှာ မရှိ။
နေရာတိုင်းမှာ အချစ်ရှိတယ်။
အချိန်တိုင်းမှာ အချစ်ရှိတယ်။
လူသားတိုင်းမှာ အချစ်ရှိတယ်။

ဒါကြောင့် 'အချစ်'ဆိုတာ 'လောကသဘာဝမှ' အမျိုးအစားတစ်ခုသာ ဖြစ်တယ်တဲ့။

♥ 'အချစ်'ကို သိရှိနားလည်သွားခြင်းသည်...
ယဉ်ကျေးတဲ့ လူအဖွဲ့အစည်းကို ဖန်တီးခြင်း ဖြစ်တယ်တဲ့။

♥ 'အချစ်'ကို ပိုင်ဆိုင်ရခြင်းသည်...
ကမ္ဘာကြီးကို ပိုင်စိုးရတဲ့ ဘုရင်ကြီးရဲ့ စည်းစိမ်ထက် သာလွန်တယ်တဲ့ကွယ်။

♥ 'ချစ်သူ'အကြောင်း တွေးတောနေခြင်းသည်...
ငြိမ်းချမ်းရေးကို ဖန်တီးနေခြင်း ဖြစ်တယ်တဲ့။

♥ 'အချစ်ဆိုတာ'... ကမ္ဘာကြီးနဲ့ အတူ မွေးဖွားလာပြီး
ကမ္ဘာကြီးပျက်သွားမယ့် နောက်ဆုံးအချိန်ထိ
လူသားတွေနဲ့ အတူတူရှိနေမယ့် မိတ်ဆွေ ဖြစ်တယ်တဲ့။

♥ 'အချစ်ဆိုတာ'... နှုးညံ့စွာ စွဲလမ်းနေတဲ့ စိတ်တစ်ခု ဖြစ်တယ်ဆိုရင်
'အမုန်းဆိုတာ'လည်း အချစ်ရဲ့အဓိပ္ပာယ်တစ်ခုပါပဲကွယ်။
ဘာကြောင့်လဲဆိုတော့

လင်းလွန်းခင်တငေ

www.burmeseclassic.com

www.burmeseclassic.com

မုန်းနေတဲ့စိတ် ဆိုတာကလည်း
မေ့မရတဲ့စိတ်၊ စွဲလမ်းနေတဲ့စိတ်ပဲလေ။
အချစ်ကို ချစ်တတ်တဲ့သူဟာ အမုန်းကိုလည်း ချစ်တတ်ရမယ်တဲ့။
ချစ်သူ . . .
St. Valentine က ချစ်သူတွေ မဝေးကြဖို့...
စစ်မထွက်မီမှာ တိတ်တဆိတ် တွေ့ဆုံပေးတဲ့ အပြစ်ကို ကျူးလွန်တော့တယ်။
ဒီအပြစ်နဲ့ပဲ St. Valentine ဟာ ဖေဖော်ဝါရီ (၁၄)မှာ အဆုံးစီရင်ခံခဲ့ရတယ်။
အဲဒီနေ့ကို အစွဲပြုပြီး 'ချစ်သူများနေ့' ဆိုတာ ဖြစ်ခဲ့ရတာပါပဲကွယ်။
ချစ်သူ...
ဖေဖော်ဝါရီ (၁၄) ရောက်တိုင်း St. Valentine ကို အမှတ်တရ လွမ်းဆွတ်ပွဲတွေ ကျင်းပလာခဲ့ကြတယ်။
ဒီလိုနဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀၀) လောက်က စပြီး အနောက်ကမ္ဘာမှာ...
Valentine Day ရယ်လို့ အမှတ်တရနေ့လေးတစ်နေ့ ဖြစ်ပေါ်လာပါတော့တယ်။
ဒီနေ့ခေတ်မှာ IT နည်းပညာတွေ၊ အင်တာနက်တွေ၊ အီးမေးလ်တွေ ရှိနေတော့...
Valentine Day ဆိုတာ ကမ္ဘာပေါ်မှာရှိတဲ့ ချစ်သူတွေရဲ့ကြားမှာ အမှတ်တရ နေ့လေးတစ်နေ့ ဖြစ်လာတော့တာပါပဲ။

♥♥♥

ချစ်သူ...
တကယ်တော့ 'ချစ်သူများနေ့' ဆိုတာ...
ကိုယ်ချစ်ရတဲ့ ချစ်သူရည်းစားကိုသာ ကိုယ်စားပြုတဲ့ နေ့လေးတစ်နေ့ မဟုတ်ဘူးနော်။
'ချစ်သူများနေ့' ဆိုတာ...
ကိုယ်ချစ်ရတဲ့သူအားလုံး...

လင်းလွန်းဆင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ပန်းပွင့်တွေ၊ သစ်ပင်တွေ၊ အိမ်မွေးတိရစ္ဆာန်လေးတွေကအစ
မိတ်ဆွေသူငယ်ချင်း၊ ဆရာ၊ မိဘ အပါအဝင်
ဆွေမျိုးမောင်နှမ၊ သားသမီးအားလုံးကို ကိုယ်စားပြုပါတယ်ကွယ်။
'အချစ်' ကို 'အချစ်' လို့ နားလည်ပေးတဲ့ နေ့လေး တစ်နေ့ပါကွယ်။
'အချစ်' ဆိုတာ... တန်ဖိုးကြီးမားလှတဲ့ စိတ်ရဲ့ တန်ခိုးတစ်ခုပါပဲကွယ်။
'အချစ်' ဆိုတာ... အလွဲသုံးစား မလုပ်မိစေချင်ဘူး။
'ချစ်သူများနေ့' မှာ 'အချစ်' ကို တန်ဖိုးထားပါ။
အမုန်းနေရာမှာ အချစ်နဲ့ အစားထိုးပါ။
အာဃာတနေရာမှာ အချစ်နဲ့ အစားထိုးပါ။
မနာလိုခြင်း၊ ဝန်တိုခြင်းနေရာမှာ အချစ်နဲ့ အစားထိုးပါ။
လွမ်းဆွတ်ခြင်း၊ တမ်းတခြင်း၊ ကြေကွဲဝမ်းနည်းခြင်းများကို အချစ်နဲ့ ကုစားပါ။

သိစေချင်တယ်.... ချစ်သူရယ်။

'ချစ်သူများနေ့' ဆိုတာ သွေးသားအလိုဆန္ဒကို ရှေ့တန်းတင်ဖို့ ဖြစ်လာတာ မဟုတ်ဘူး။

လူသားတွေအားလုံး ချစ်ခြင်းတရားအပေါ် အပြန်အလှန်သစ္စာရှိကြဖို့...
လူသားတွေအားလုံး ချစ်ခြင်းတရားအပေါ် တန်ဖိုးထားကြဖို့...
လူသားတွေအားလုံး ချစ်ခြင်းတရားအပေါ် နားလည်ပေးကြဖို့...
လူသားတွေအားလုံး ချစ်ခြင်းတရားအပေါ် ယုံကြည်ကြဖို့...
လူသားတွေအားလုံး ချစ်ခြင်းတရားအပေါ် မြတ်နိုးကြဖို့...
လူသားတွေအားလုံး ချစ်ခြင်းတရားအပေါ် ကတိပြုကြရတဲ့ နေ့လေး တစ်နေ့ပါကွယ်။
အချစ်ကို စိုက်ပျိုးပြီး၊ အချစ်ကို ပြုစုပြီး
ပွင့်လန်းလာတဲ့ အချစ်ပန်းလှလှလေးတွေကို
တန်ဖိုးထားရတဲ့ နေ့လေး တစ်နေ့ပါကွယ်။
မှတ်ထားပေးနော်...။

♥♥♥

လင်းလွန်းခင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

♥ ချစ်သူရယ်...
'ချစ်သူများနေ့'ကစပြီး
တို့လူသားတွေအားလုံး
ကြည်နူးတဲ့စိတ်နဲ့
ကမ္ဘာဦးရင်ခုန်သံကို
နားစွင့်ကြရအောင်နော်...။

♥ ချစ်သူရယ်...
'ချစ်သူများနေ့'က စပြီး
အမုန်းတရားနေရာမှာ
ချစ်ခြင်းတရားတွေ အစားထိုးလို့
ချစ်တတ်သူ၊ မုန်းတတ်သူတွေနဲ့
အတူတူ လက်တွဲပြီး
ပြုံးပြုံးရွှင်ရွှင်နဲ့
ကမ္ဘာဦးရင်ခုန်သံကို
နားစွင့်ကြရအောင်နော်...။

မင်းရဲ့ ထာဝရ
'ချစ်သူ'

အိုင်ကွန်မဂ္ဂဇင်း

■

www.burmeseclassic.com

www.burmeseclassic.com

ခြင်္သေ့လေးရဲ့ပုတ်ခုံသံ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ခြင်မလေးရဲ့လက်ခုပ်သံ

အင်္ဂလိပ်စကားပြော သင်တန်းဆင်းပွဲတစ်ခုတွင် ဖြစ်သည်။

အင်္ဂလိပ်စကားပြောသင်တန်း တက်ကြတယ်ဆိုတော့ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူတွေ၊ လက်ရှိတက္ကသိုလ်အသီးသီးမှာ တက်နေသူတွေ များပါသည်။ အသက်အရွယ်က (၁၆) (၁၇) (၁၈)။ တကယ့်ကို လှတပတ နုနုနယ်နယ်လေးတွေပါ။

အဲဒီ သင်တန်းဆင်းပွဲမှာ သင်တန်းအုပ်ချုပ်သူ ဆရာက ကလေးတွေအတွက် ကျန်းမာရေး ပညာပေးဖို့ ဆရာဝန်တစ်ယောက်ကို ဖိတ်ထားသည်။ ပြီးတော့ ကျွန်တော့်ကိုလည်း စကားပြောစေချင်သည်တဲ့။

နားထောင်တဲ့ ကျောင်းသား၊ ကျောင်းသူပေါင်း (၁၀၀)နီးပါးလောက် ရှိမည်။ ထိုင်နေကြတာကလည်း ကြည့်ဦး။ ယောကျ်ားလေး သတ်သတ်၊ မိန်းကလေး သတ်သတ် မဟုတ်။ ထိုင်ချင်သလို ထိုင်ခွင့်ရှိသည်။ အများအားဖြင့်တော့ ကိုယ့်စုံတွဲနှင့် ကိုယ် ထိုင်နေကြတဲ့ပုံပဲ။ စကားပြောခန်းမကလည်း အံယားကွဲနီး ဖွင့်ပေးထားသည်။ ထင်သလောက်ကြီး မအေးပါ။

ဦးစွာပထမ သင်တန်းအုပ်ချုပ်သူ စကားပြောသည်။ ပြီးနောက် ဆရာဝန်က HIV, AIDS အကြောင်း၊ အသည်းရောင်အသား၀ါ (B)ပိုး၊ (C)ပိုးအကြောင်း ပြောလေတော့သည်။

"အခုဆိုရင် ကူးစက်ရောဂါဆိုတာ ကိုယ်ဆင်ခြင်တတ်ရင် ကြောက်စရာ မလိုဘူး။ မင်းတို့ ပညာတတ်တွေပဲ၊ နားလည်မှာပါ"

လင်းလွန်းဆင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်က HIV ရောဂါအကြောင်းကို အကျယ်တဝင့် ရှင်းပြလေတော့သည်။ ဆေးထိုးအပ်က ကူးတယ်၊ သွေးက ကူးတယ်၊ သုက်ပိုးက ကူးတယ်၊ ကွန်ဒုံး အစရှိသဖြင့်ပေါ့ဗျာ။

နားထောင်နေကြတဲ့ ကလေးတွေက စိတ်မဝင်စားဘူးဗျ။ ဆရာဝန်က အပြောမကောင်းလို့ မဟုတ်ဘူးနော်။ ဆရာဝန်က တော်တော် အပြောကောင်းသည်။ ဒါပေမဲ့ သူတို့က သိပြီးသားပါ၊ ဒါလေးများဆိုတဲ့ အမူအရာနဲ့ နားထောင်နေကြသည်။ ကောင်မလေးတစ်ယောက်ကဆိုရင် နေကြာစေ့ကို အခွံနွာပြီး သူ့ကောင်လေးကို ခွံ့ကျွေးနေသည်။ ကောင်လေးတစ်ယောက်ကဆိုရင် သူ့ကောင်မလေးအတွက် ပီကေကို အခွံနွာပေးနေသည်။ ကောင်မလေးတစ်ယောက်ကဆိုရင် သူ့ရဲ့ လက်သည်းလှလှလေးတွေပေါ်က ဒီဇိုင်းလှလှလေးတွေကို သူ့ကောင်လေးအား ပြနေသည်။ နောက်ထပ်ကောင်လေးတစ်ယောက်က လိမ္မော်သီးကို အခွံနွာသည်။ အပေါ်ယံရှိ အမျှင်အဖြူလေးများကို ဖယ်သည်။ ပြီးနောက် လိမ္မော်သီးကို နွာသည်။ အစေ့ထုတ်သည်။ ပြီးမှ သူ့ကောင်မလေးကို ကျွေးသည်။ ကျွန်တော့် မျက်စိထဲတွင် အမြင်မတော်။ စိတ်ထဲမှာလည်း တော်တော် ခံစားနေရသည်။

ညာဘက်ထောင့်ရှိ ကျောင်းသူတစ်စုက Mp3 ကို နားကြပ်တပ်ပြီး သီချင်း နားထောင်နေကြသည်။ ကောင်လေးတချို့က ကွမ်းစားနေရင်း ထထပြီး ကွမ်းထွေးလေသည်။ တချို့ကောင်လေးတွေက ပါလာသည့်စာအုပ်ကို ထုတ်ပြီး ဖတ်နေကြသည်။

ထိုသို့ စိတ်ထဲတွင် ခံစားနေရသည့်အထဲ ခြင်တစ်ကောင်က ကျွန်တော်၏ ခြေဖမိုးကို လာ၍ ကိုက်သည်။ အဲယားကွန်းအခန်းဖြစ်ပြီး ခြင်ရှိရတယ်လို့ဗျာ။ ခြင်ကိုက်တယ်ဆိုတော့ ခြေဖမိုးက ယားတော့တာပေါ့။ ကုန်းကုန်းကွကွဖြင့် လူရှေ့သူရှေ့တွင် ကျွန်တော်က ကုတ်လိုက်သည်။

ကျွန်တော့်မျက်လုံးက ရှေ့ဆုံးခုံတန်းသို့ ရောက်သွားပြန်သည်။ ရှေ့ဆုံးခုံတွင် ထိုင်နေသောစုံတွဲက အဆိုးဆုံး ဖြစ်သည်။ သူ့ကောင်မလေးရဲ့ ဆံပင်ကို ကောင်လေးက လက်ဖြင့် သပ်ပေးနေသည်။ ကောင်မလေးကလည်း ကောင်လေးရဲ့ ပခုံးကို မှီထားသည်။ မျက်လုံးကို မှိတ်ထားသည်။

စကားပြောနေသော ဆရာဝန်က တက်တက်ကြွကြွပြောသည်။ ဆေးပညာ ရှုထောင့်မှ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဆရာ ပြောဦးမယ်၊ ဒါကတော့ မှတ်တမ်းအရ ပြောတာနော်၊ ဘယ်သူ ဘယ်ဝါရယ်လို့ မဆိုလိုဘူး။ ဆရာတို့ဆီကို သွေးလာစစ်တဲ့ လူတွေထဲက ကျောင်းသား လူငယ်တွေရဲ့ သွေးကို ဆရာစစ်ကြည့်တယ်။ သူတို့က သွေးအမျိုးအစားကို လာပြီး စစ်ဆေးတာ။ ဆရာက HIV ပိုး ရှိ,မရှိ သိချင်လို့ ကိုယ့်ကုန်ကျစရိတ်နဲ့ကိုယ် စစ်ကြည့်တာ။ ကျောင်းသား၊ ကျောင်းသူ အယောက် (၅၀)မှာ (၁)ယောက်လောက် HIV Positive ဖြစ်နေတာ တွေ့ရတယ်။ ဒါဟာ စိုးရိမ်စရာ အခြေအနေပဲ။ အပေါ်ယံကြည့်ရုံနဲ့ ပိုး ရှိ,မရှိ မသိနိုင်ဘူး"

ဟောနေပြောနေသူက တာဝန်ကျေသည်။ နားထောင်နေသူတွေက ဂရုမစိုက်ကြ။

ဆရာဝန်ကတော့ သူပြောစရာရှိတာကို တာဝန်ကျေကျေ ပြောပြီးသွားပြီ။ ကျွန်တော့် အလှည့်။

နာရီကို ငုံ့ကြည့်လိုက်တော့ (၁၁)နာရီထိုးပြီ။ နားထောင်နေသူများက ပြန်ချင်သည့် မျက်လုံးများဖြင့် ကျွန်တော့်ကို ကြည့်ကြသည်။ ကျွန်တော်က (၁၅)မိနစ်ခန့်သာ ပြောမည်ဟု ဆုံးဖြတ်လိုက်သည်။

"ဆရာကတော့ ထူးထူးခြားခြား မပြောလိုဘူး။ လိုရင်းပဲ ပြောမယ်။ ဒီနေ့ခေတ်ကို IT ခေတ်လို့ ဆိုကြတယ်။ Information Technology ပေါ့။ မင်းတို့သိပါတယ်၊ အင်တာနက်တို့၊ ဖေ့ဘုတ်တို့ဆိုတာ မင်းတို့ ကျွမ်းကျင်ပြီးသားပါ။ Chatting ဆိုတဲ့ အာလာပသလ္လာပအလုပ်မျိုးကတော့ မင်းတို့ နေ့စဉ် လုပ်နေတာပါ။ မင်းတို့အရွယ်က လှတယ်၊ ချစ်စရာကောင်းတယ်၊ ပျော်စရာလည်း ကောင်းတယ်"

စကားပြောရင်း အကဲခတ်လိုက်သည်။ မည်သူမျှ ကျွန်တော့်ကို စိတ်မဝင်စားကြပါ။ ထိုအချိန်တွင် ကျွန်တော့်ကို လာပြီးကိုက်သော ခြင်ကောင်ကို သတိရပြီး ခြင်ကောင်ပေါ် အခြေခံသည့် ပုံပြင်တစ်ပုဒ် ချက်ချင်းဖန်တီးလိုက်သည်။

"ပုံပြင်တော့ မဟုတ်ဘူးကွ၊ ပုံပြင်ဆန်ဆန် ဇာတ်လမ်းလေးတစ်ပုဒ် ပြောပြမယ်"

ပုံပြင်ဆိုလို့ အားလုံး ခေါင်းထောင်လာကြသည်။

"တစ်ခါတုန်းက ပိုးလောက်လမ်းလေးတစ်ကောင် ရှိတယ်။ အရွယ် ရောက်လာတော့ ခြင်ကောင်လေး ဖြစ်သွားတာပေါ့။ ခြင်ကောင်တောင်မှ 'ခြင်မလေး'ဗျ။ ခြင်ကောင်ဖြစ်စဆိုတော့ အတောင်ကဝိဝိဖြန့်ပြီး ပျော်တယ်၊ ပျံတယ်။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တော့ အဲဒီ 'ခြင်မလေး'က အချိန်တန်တဲ့အထိ အိမ်ပြန်မလာဘူးတဲ့။ ခြင်မေမေကြီးက မျှော်နေတာပေါ့။ ခြင်မေမေကြီးခမျာ သူသမီးလေး ပြန်မလာတော့ နတ်အုန်းတိုင်ကို ယပ်ခတ်သတဲ့''

အားလုံးက 'ဝါးခနဲ' ရယ်လိုက်ကြသည်။

ဒီလောက်ဆိုရင် ဒီကျောင်းသား၊ ကျောင်းသူတွေ ငါဘက် နည်းနည်းပါလာပြီဟု ကျွန်တော် သိလိုက်သည်။

''မရယ်ကြနဲ့ကွ၊ ခြင်မှာလည်း နတ်အုန်းတိုင် ရှိနိုင်တာပေါ့။ ခြင်မေမေကြီးက ပါးစပ်ကနေပြီး ပွတ်တွတ်ပွတ်တွတ် ရွတ်တယ်၊ ဖတ်တယ်။ ငါ ထင်တယ်၊ ငါ့သမီးလေး၊ အန္တရာယ်ကင်းပါစေ၊ ဘေးရှင်းပါစေလို့ ပြောနေတာပဲ ဖြစ်မယ်''

ထိုအချိန်တွင် ရှေ့ဆုံးခုံမှ အကဲဆုံးစုံတွဲ၏ ခပ်ချောချောကောင်မလေးက ကျွန်တော့်ကို မျက်စောင်းထိုးလေတော့သည်။

''အေးကွ၊ တော်တော်လေး အချိန်လွန်မှ သူသမီး 'ခြင်မလေး' ပြန်လာတယ်။ ပြန်လာလာချင်း သူ့အမေကို 'ခြင်မလေး'က ဒီလို ပြောတယ်။ မေမေရေ မေမေရေ၊ လူတွေကလေ သမီးကိုမြင်ရင် လက်ခုပ်တွေတီးတီးပြီး ကြိုကြတယ်၊ တဖြောင်းဖြောင်းနဲ့ သိလား မေမေ။ သမီး သိပ်ပျော်တာပဲ၊ နောက်နေ့လည်း လူတွေရှိတဲ့ဆီ သမီး သွားဦးမယ်။ သူစကားကိုလည်း ကြားရော သူ့အမေက စိုးရိမ်သွားတယ်၊ မျက်လုံးပြူးသွားတယ်။ ပြီးတော့ ဒီလိုပြောတယ်။

ဟဲ့... ငါ့သမီးရဲ့၊ အဲဒါ နင့်ကို လက်ခုပ်တီးပြီး ကြိုတာ မဟုတ်ဘူး၊ နင့်ကို လက်ဝါးနဲ့ ရိုက်နေတာဟဲ့၊ အမိုက်မရဲ့''

ထိုအချိန်တွင် နားထောင်နေသော ကျောင်းသား၊ ကျောင်းသူတချို့ လက်ခုပ်တီးကြလေသည်။

''အေး... ကိုယ့်ကိုယ်ကိုယ် 'ခြင်မလေး'တွေ ဖြစ်နေတယ်ဆိုတာ သမီးတချို့ သိထားသင့်တယ်။ ဆရာ့ရှေ့က ဆရာဝန်ကြီးကတော့ ဆေးပညာရှူထောင့်ကနေပြီးတော့ ပြောသင့်တာတွေကို ပြောသွားပြီ။ ဆရာကတော့ စာပေရှူထောင့်ကနေပြောတယ်။ ဩော်... လက်တွေ့ စမ်းသပ်ချက်တစ်ခု ဆရာလုပ်ဖို့ စိတ်ကူးထားတယ်''

လက်တွေ့စမ်းသပ်ချက်လို့ ပြောလိုက်လို့ အားလုံးက ဝိုးရွဲသွားကြတော့သည်။

''ဘာလဲ၊ ကြောက်သွားကြတာလား၊ ဒီလိုကွ...''

ကျွန်တော်က ပြောပြောဆိုဆို ပရိသတ်ထဲကို ဆင်းလိုက်သည်။ ရှေ့ဆုံး

www.burmeseclassic.com

www.burmeseclassic.com

ခုံတွင် ထိုင်နေသော ကျောင်းသား၊ ကျောင်းသူများထံမှ ဘောပင်တစ်ချောင်းစီကို ကျွန်တော် တောင်းလိုက်သည်။ အားလုံးက အလိုက်တသိ ပေးကြသည်။ ကျွန်တော့် လက်ထဲတွင် ဘောပင် (၁၀)ချောင်း (၁၅)ချောင်းခန့် ပါလာသည်။

"ဆရာ့လက်ထဲမှာ ဘောပင်တွေ တွေ့လား။ တစ်ချောင်းကို တစ်ရာ၊ တစ်ရာငါးဆယ်၊ နှစ်ရာလောက်ပဲ တန်မယ်ထင်တယ်။ သိပ်လည်း ဈေးမကြီးဘူးနော်။ ပြောရဦးမယ်၊ ဒီဘောပင်တွေက တစ်ခါသုံးကွ။ မင်ကုန်ရင်လည်း မင်ပြန်မထည့်ဘူး။ ပျောက်သွားရင်လည်း ဘယ်သူမှ မနှမြောဘူး။ ဘောပင်ပျောက်လို့ ငိုတဲ့သူ ငါဖြင့် မတွေ့ဘူးပေါင်"

ကျောင်းသား၊ ကျောင်းသူအားလုံး ကျွန်တော့်ကို စိတ်ဝင်စားနေကြသည်။ ကျွန်တော် ဘာလုပ်မလဲပေါ့။

"ဟောဒီမယ်... တွေ့လား၊ ဘောပင်တစ်ချောင်း"

ဘောပင်တစ်ချောင်းကို ထောင်ပြလိုက်သည်။

"ဒီတစ်ခါသုံးဘောပင်ကို လွှင့်ပစ်တယ်ကွာ"

ကျွန်တော်နှင့် အနီးဆုံးတွင်ရှိသော ပြတင်းပေါက်မှနေပြီး ဘောပင်များကို တစ်ချောင်းပြီးတစ်ချောင်း ကျွန်တော် လွှင့်ပစ်လိုက်သည်။ လွှင့်ပစ်ရင်း ကျွန်တော့် ပါးစပ်က ပြောသည်။

"တန်ဖိုးမရှိတဲ့ တစ်ခါသုံး ဘောပင်တွေ။ သွားကွာ... သွားကွာ...။ တစ်ရာ၊ နှစ်ရာလောက်တန်တဲ့ တစ်ခါသုံးဘောပင်တွေ သွားကွာ... သွားကွာ..."

ကျွန်တော်၏ အမူအရာကို ကြည့်ပြီး အားလုံးက 'တဝေါဝေါ'ဖြင့် ရယ်ကြလေသည်။

"အေး... ငါပြောချင်တာ အဲဒါပဲ။ ဒီမယ် ကလေးတို့၊ မှတ်ထားကြ။ မင်းတို့ရဲ့ ခန္ဓာကိုယ်ဟာ တစ်ခါသုံးဘောပင် မဟုတ်ဘူးကွ။ တန်ဖိုး ရှိတယ်။ အကြိမ်ကြိမ်သုံးရမယ့် ပစ္စည်းဆိုရင် တန်ဖိုးထားရတယ်။ ကိုယ့်ကိုယ်ကိုယ် ငဲ့ကြည့်စမ်း၊ အဲဒါတွေဟာ တစ်ခါသုံးပစ္စည်းတွေလား။ ရိုင်းတယ်လို့တော့ မထင်နဲ့ဟော့၊ အကြိမ်ကြိမ်အခါခါ သုံးရမယ့်ပစ္စည်းကို တစ်ခါသုံးဘောပင်လောက်ပဲ တန်ဖိုးထားကြတော့မလို့လား။ ဒီမယ်မှတ်ထား၊ မင်းတို့ဟာ တန်ဖိုးရှိတယ်။ မင်းအတွက်လည်း တန်ဖိုးရှိတယ်။ မင်းမိသားစုအတွက်လည်း တန်ဖိုးရှိတယ်။ အနာဂတ် တိုင်းပြည်အတွက်လည်း တန်ဖိုးရှိတယ်။ တန်ဖိုးရှိတဲ့ ကိုယ့်ရဲ့ခန္ဓာကိုယ်၊ ကိုယ့်ရဲ့

www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းကို တစ်ခါသုံးဘောပင်လောက်တောင် တန်ဖိုးထားမိကြရဲ့လား။ ဘယ်နှကြိမ်သုံးရမယ် ပစ္စည်းလဲဆိုတာ ကိုယ့်ဘာသာကိုယ် တွေးကြည့်။ လူကြီးတွေကို မေးကြည့်။ တန်ဖိုးရှိအောင် နေတတ်မှ တန်ဖိုးဆိုတာ ရှိတယ်။ ငါပြောတာ မယုံရင်နေကြ။ ဒီမယ်ကွ၊ 'ကိုယ်ဖြစ်ကိုယ်ခံ... ကြာနီကန်'ပဲဟေ့။ 'ကိုယ့်စရိတ် ကိုယ်စား... ရေဝေးသွား'ပဲဟေ့။ 'ခြောင်ကမြင်း....တောင်အင်း'က ကြိုနေတယ်။ 'လျှောက်ကမြင်း... မြောက်အင်း'နဲ့ တွေ့သွားမယ်။ အခုတော့ကွာ ကိုယ့်ခန္ဓာကိုယ်ကို တစ်ခါသုံး မှတ်နေကြလား၊ အံ့သြပါ့ကွာ''

အားလုံးက 'ကြာနီကန်၊ ရေဝေး၊ တောင်အင်း၊ မြောက်အင်း'ဟူသော သခ်ိုင်းကုန်းများကို ကာရန်နှဆောဖြင့် ပြောလိုက်သောကြောင့် ကြောက်လန့်တကြားဖြင့် နားထောင်နေကြတော့သည်။ တချို့ကတော့ ပြုံးစိစိ။

''ငါက IT ခေတ်ကို ကြိုဆိုတယ်။ ဒါပေမဲ့ LT ခေတ်ကို ရွံတ်ချတယ်။ IT ဆိုတာ Information Technology. မင်းတို့သိတယ်။ LT ဆိုတာလည်း မင်းတို့ လူငယ်တချို့ လုပ်နေကျ အလုပ်ပဲ။ စိတ်တော့မဆိုးနဲ့ကွာ၊ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ပြောတယ်လို့ အောက်မေ့ပါ။ LT ဆိုတာ Living Together ကို ပြောတာ''

နားထောင်နေသူ ကျောင်းသား၊ ကျောင်းသူ တော်တော်များများ မျက်နှာ ပျက်သွားကြသည်။

''ကဲ... လက်ခုပ်တဖြောင်းဖြောင်းတီးပြီး ကြိုဆိုခံနေရတယ်လို့ ထင်နေတဲ့ 'ခြင်မလေး'တွေ မဖြစ်ဖို့ သတိပေးတယ်။ လက်ခုပ်တီးပြီး ကြိုဆိုနေတာ မဟုတ်ဘူးနော်။ အားပေးနေတာ မဟုတ်ဘူးနော်။ အဲဒါ ခြင်ကို ရိုက်နေတာ။ ခြင်ကို သတ်နေတာ။ မှတ်ထား၊ ဒါပဲ''

နားထောင်သူ လူငယ်လေးများ တစ်ယောက်ကို တစ်ယောက် ပြုံးစိစိဖြင့် အပြန်အလှန်ကြည့်ပြီး လက်ခုပ်တီးလိုက်ကြလေသည်။

တချို့ကတော့ အဲယားကွန်း မအေးလို့နဲ့ တူပါရဲ့။ ဇောချွေးတွေနဲ့။

တချို့ကတော့ မျက်စိမျက်နှာ ပျက်နေကြလေရဲ့...

တချို့ကတော့ မျက်စောင်းတခဲခဲနဲ့ပေါ့။

မန္တလေးတိုင်းမ်သတင်းစာ

■

www.burmeseclassic.com

www.burmeseclassic.com

ဆည်းလည်း

www.burmeseclassic.com

www.burmeseclassic.com

၁၉၄၂ နဲ့ ၁၉၄၇ ကြားကာလဆိုတာ
နွယ်လေးတို့ တိုင်းပြည်မှာ
အလွန်ရှုပ်ထွေးနေတဲ့ ကာလပဲ။
အင်္ဂလိပ်တွေက ပြေး။
ဂျပန်တွေက ဝင်။
ဂျပန်တွေကို ပြန်တိုက်။
ဂျပန်တွေက ပြေး။
အင်္ဂလိပ်တွေက ပြန်ဝင်။
ဒုတိယကမ္ဘာစစ်ကြီးကလည်း
ဖြစ်နေလိုက်သေးတယ်။
တိုင်းပြည်အတွက် လွတ်လပ်ရေးရဖို့
စုန်ဆန် ကူးသန်းပြီး
သွားလာနေရသေးတယ်။
တောင်ပေါ်တွေရော၊ မြေပြန့်တွေရော၊
နိုင်ငံခြားတွေရော စုံနေတာပဲ။
အလုပ်တော်တော်များတဲ့ကာလပဲ။

www.burmeseclassic.com

www.burmeseclassic.com

ဆည်းလည်း

"နွယ်လေးတို့ အိမ်ထောင်ရေးမှာလည်း သားသမီး တစ်ယောက်၊ နှစ်ယောက်လောက်ရရင် သိပ်ကောင်းမှာပဲနော်"

ကျွန်တော် စိတ်မကောင်းပါ။ ကျွန်တော်လည်း ဘာတတ်နိုင်မှာလဲဗျာ။ ဒါဟာ ကံတရားပဲပေါ့။

♥♥♥

ဟုတ်ပါသည်။ သူနှင့် ကျွန်တော် ၁၉၈၉ ခု၊ နိုဝင်ဘာ (၂၆)ရက်မှာ မင်္ဂလာဆောင်ခဲ့ကြသည်။ အခုဆိုရင် အိမ်ထောင်သက် (၂၃)နှစ် ရှိခဲ့ပြီ။ သားသမီး တစ်ယောက်မှ မရပါ။ သားသမီး မရခြင်း၏ အကြောင်းရင်းများလည်း ကျွန်တော်တို့မှာ ရှိပါသည်။ ကျွန်တော်က ဘူမိဗေဒ (သိပ္ပံဘွဲ့)ဖြင့် ကျောင်းပြီးသည်။ ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးစီမံကိန်းတွင် နေ့စားအလုပ် ဝင်လုပ်ဖူးသည်။ တောထဲတောင်ထဲသို့ သွားရသည်။ လိုရင်းပြောကြပါစို့။ ငှက်ဖျားမိသည်။ ငှက်ဖျားဖြစ်သည်။ မကြာမကြာ ဖျားတတ်သည်။ ငှက်ဖျားဖြတ်ဆေးများ မှီဝဲရသည်။ ဆဲပင်အလွန်ကောင်းသော ကျွန်တော်သည် ငှက်ဖျားဆေးများကြောင့် ဆဲပင်ကျိုးတိုး ကျဲတဲနှင့် ငှက်ရူပေါက်လာပါတော့သည်။ သူနှင့်ကျွန်တော် အိမ်ထောင်ကျတော့ ငှက်ဖျားက အလွန်ထကောင်းတဲ့ အချိန်ပေါ့။ မင်္ဂလာဆောင်ပြီး (၄)လလောက်

www.burmeseclassic.com

www.burmeseclassic.com

ဆက်တိုက် ဖျားခဲ့ဖူးသည်။ ထိုင်ဂက်ဖျားဆေးများ၏ဒဏ်ကြောင့် ကလေးမရခြင်း ဖြစ်သည်ဟု ဆရာဝန်များက ဆိုကြသည်။ ထားပါတော့။ ဒါက ကျွန်တော့် ဘက်ကအခြမ်း။

ကျွန်တော့်မိန်းမ 'သံယောဇဉ်နွယ်' အကြောင်းလည်း ပြောရဦးမည်။

သူက သနားစရာကောင်းသည်။ သူနှင့်ကျွန်တော် မင်္ဂလာဆောင်ပြီးစ... မင်္ဂလာဦးညမှာ သူငယ်ချင်းတွေနှင့် 'ဒင်းနား'ပွဲ ကျင်းပသည်။

ထိုပွဲတွင် ကျွန်တော်၏ သူငယ်ချင်းများက အများစု ဖြစ်သည်။ ကျွန်တော်က ၁၉၈၂ တွင် ဘွဲ့ရသော်လည်း ကျွန်တော့် သူငယ်ချင်း ဆရာဝန်များက ၁၉၈၆ တွင်မှ ဆေးသိပ္ပံဘွဲ့ ရကြသည်။ ၁၉၈၆ တွင် ကျောင်းပြီးသော ကျွန်တော့်သူငယ်ချင်းများက သူတို့နေထိုင်ရာ ရပ်ကွက်တွင် ဆေးခန်းများ ဖွင့်ကြသည်။ ဆရာဝန်ပေါက်စဖြစ်၍ လူနာ မလာပါ။ ဆေးထိုးအပ်ကို ရေနွေးဖြင့်ပြုတ်ပြီး လူနာလာအောင် ဘုရားပန်းတင်ရတဲ့ကာလ ဖြစ်သည်။ တစ်နေကုန်နေလို့မှ လူနာတစ်ယောက်၊ နှစ်ယောက်ပင် မလာပါ။

ကျွန်တော့် သူငယ်ချင်း ဆရာဝန်များက ကျောင်းပြီးတာ မကြာသေးတော့ လက်စွမ်း အလွန်ပြချင်ကြသည်။ လက်စွမ်း အလွန်ပြချင်သော ဆရာဝန်ပေါက်စများက 'မင်္ဂလာဦးညဒင်းနား'တွင် သူတို့၏ လက်စွမ်းကို လက်ဖွဲကြတော့သည်။

"မောင်ဘုန်း၊ မင်းတို့အိမ်ထောင်ရေးက စီးပွားရေးအဆင်ပြေမှာ မဟုတ်ဘူး။ အခုတောင် ပိုက်ဆံချေးငှားပြီး မင်္ဂလာဆောင်ကြရတာ မဟုတ်လား"

"အဲဒါ ဘာဖြစ်တုံး"

"ဒီနေ့ည 'မင်္ဂလာဦးညဒင်းနား'ကိုတောင် သူငယ်ချင်းတွေကောင်းလို့ ကျင်းပရတာလေ"

"ဟ... ကောင်တွေ၊ ငါ့ကို အဲဒီလောက်ထိ အမွန်းမတင်ကြနဲ့လေ"

"ဒီတော့... မင်း နေရတာက ယောကျ်ားမအိမ်။ ကျူရှင်ဆရာဆိုတာ အလုပ်မရှိလို့ လုပ်နေရတဲ့အလုပ်။ ကျောင်းသားလည်း မရ။ ဒီတော့ မင်းတို့ အိမ်ထောင်ရေး အဆင်မပြေနိုင်ဘူးကွ"

www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းတွေက ကျွန်တော့်ကို အလွန်ချစ်ကြသည်။ ဒါကြောင့် ပြောစရာရှိတာကို ပြောတော့သည်။

"ဒီမယ်... မောင်ဘုန်း၊ မင်းအမေနဲ့ မင်းအဖေကလည်း မင်းအပါအဝင် မောင်နှမ (၆)ယောက်မွေးတယ်။ မင်းမိန်းမမှာလည်း မောင်နှမက (၈)ယောက် ရှိတယ်။ မွေးအား အလွန်ကောင်းတဲ့ မိသားစု (၂)စုတွေကြီပြီ။ ဒီတော့ မင်းတို့လည်း မျိုးရိုးလိုက်ပြီး မွေးကြလိမ့်ဦးမယ် မောင်ရေ"

သူတို့ ပြောသဖြင့် ကျွန်တော်ရော ကျွန်တော့်ရဲ့ အသစ်စက်စက် ချစ်ဇနီး 'သံယောဇဉ်နွယ်'ရော 'တွေ့'သွားကြသည်။ သူတို့ပြောတာ အားလုံးမှန်ပါသည်။ အဲဒီအချိန်တုန်းက ကျွန်တော်တို့လင်မယား (၂)ယောက်မှာ ပိုင်ဆိုင်မှုဆိုလို့ ကျွန်တော့်အတွက်ဆိုရင် 'သူ'။ သူ့အတွက်ဆိုရင်လည်း 'ကျွန်တော်'ပဲ ရှိသည်။

"ကဲ... သူငယ်ချင်း မောင်ဘုန်း၊ စဉ်းစားမနေနဲ့။ စီးပွားရေး အဆင်မပြေဘဲ သားသမီးယူရင် မင်းတို့အတွက်လည်း ဒုက္ခ။ မွေးလာမယ့် ကလေးတွေအတွက်လည်း ဒုက္ခ။ ဒီတော့ ငါတို့ဆရာဝန် သူငယ်ချင်းတစ်စုက မင်းတို့လင်မယားကို လက်ဖွဲ့ဖို့ စဉ်းစားထားတာရှိတယ်"

"ဘာများလဲကွ"

"ဒီလိုကွာ၊ မင်းမိန်းမကို သားသမီးမရတဲ့ (၃)လခံဆေး ထိုးပေးမယ်။ လက်ဖွဲ့မယ်"

"ဖြစ်ပါ့မလားကွ၊ မင်းတို့က အခုမှ ဆရာဝန်ဖြစ်စ ရှိသေးတာ"

"ဟကောင်... မောင်ဘုန်း၊ သူငယ်ချင်းအချင်းချင်း အဲဒီလောက်ထိ မယုံမကြည် မဖြစ်စမ်းပါနဲ့"

'သံယောဇဉ်နွယ်'ကို ကျွန်တော် လှမ်းကြည့်လိုက်သည်။ မျက်လွှာချပြီး ထိုင်နေတော့သည်။

"နွယ်လေးရေ၊ ကိုယ်တို့သူငယ်ချင်းတွေကတော့ လက်စွမ်းပြချင်နေကြပြီ၊ 'နွယ်လေး' ဘယ်လို သဘောရတုံး"

သူက ဘာမှ ပြန်မပြောပါ။ စိုးရွံ့နေပုံရသည်။ အားငယ်နေပုံရသည်။ ဆရာဝန် သူငယ်ချင်းတစ်ယောက်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

"ငါ့မိန်းမ 'စိုးစိုး'ကို ငါကိုယ်တိုင် သန္ဓေတားဆေး ထိုးပေးထားတာ။ မင်းတို့ လင်မယားကို ငါတို့က အလကား 'ချောက်'ချပါ့မလားကွ"

'နွယ်လေး'က မေးလိုက်သည်။

"စိုးစိုးလည်း သန္ဓေတားဆေး ထိုးတယ်လား"

"အေးပေါ့ဟ၊ နင်မကြောက်ပါနဲ့ဟာ။ နင်တို့အိမ်ထောင်ရေးအတွက် ပြောတာဟာ"

လိုရင်းပြောကြပါစို့ဗျာ ဒီလိုနှင့် သန္ဓေတားဆေးကို (၃)လတစ်ကြိမ်ဖြင့် (၃)ခါဆက်တိုက် တစ်လှည့်စီ လာထိုးပြီး လက်စွမ်းပြခဲ့ကြဖူးသည်။

အခုတော့... ငှက်ဖျားဆေးကြောင့် သားသမီး မရနိုင်သော ကျွန်တော်နှင့် သူငယ်ချင်းများ၏ အစွမ်းပြမှုကြောင့် သားသမီး မရနိုင်တော့သော ကျွန်တော့်ချစ်ဇနီး ဖြစ်လာရပါတော့သည်။ သူငယ်ချင်းများကို စိတ်မဆိုးပါ။ အပြစ်မတင်ပါ။ ကိုယ့်ကံနှင့်ကိုယ် ရှိပါစေတော့။

သို့သော်....

♥♥♥

ကျွန်တော့်အိမ်တွင် စာကြည့်ခန်း ရှိပါသည်။ စာအုပ်မျိုးစုံကို ဝယ်သည်။ စုသည်။ ဖတ်သည်။ ကျွန်တော်လည်း ဖတ်သည်။ ကျွန်တော့်ဇနီး 'နွယ်လေး'လည်း ဖတ်သည်။ စာဖတ်ပြီး စာအကြောင်း၊ ပေအကြောင်း ဆွေးနွေးကြသည်။ ငြင်းကြသည်။ ခုံကြသည်။ အလွန်ပျော်စရာ ကောင်းပါသည်။ တစ်နေ့တော့ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ အိမ်ထောင်ရေးအကြောင်းကို ဆွေးနွေးဖြစ်ကြသည်။ အချိန်က ည (၁၂)နာရီကျော်ပြီ။

"ကိုကို စဉ်းစားကြည့်စမ်းပါ၊ ဗိုလ်ချုပ်အောင်ဆန်းတို့မှာ မောင်နှမ (၉)ယောက်တောင် ရှိတယ်တဲ့"

"ဗိုလ်ချုပ်အမေ ဒေါ်စုက ကျန်းမာရေး အလွန်ကောင်းလို့နေမှာပေါ့ကွ"

"ဟုတ်မယ် ကိုကို၊ ဗိုလ်ချုပ်တို့ မောင်နှမ (၉)ယောက်က မခင်ညွန့်၊

www.burmeseclassic.com

www.burmeseclassic.com

မဝက်၊ မောင်ဘဝင်း၊ မရွှေမှန်၊ မောင်နေအောင်၊ မောင်ညီမောင်၊ မောင်ထွန်းလင်း၊ မောင်အောင်သန်းနဲ့ မောင်အောင်ဆန်းတဲ့။ ဗိုလ်ချုပ်က အငယ်ဆုံးနော်"

"အေး... ဟုတ်တယ်ကွ၊ အငယ်ဆုံးဆိုပြီး အဆိုးဆုံးသား မဖြစ်ခဲ့ဘူး။ အငယ်ဆုံးဖြစ်ပြီး အမေ့ကို ဂုဏ်သတင်းကျော်စောအောင် လုပ်ခဲ့တဲ့သား။ အဲဒါကိုတော့ အငယ်ဆုံးဆိုတဲ့ အထွေးဆုံးသားတွေ အတုယူသင့်တယ်"

"ကိုကို့ကို မေးရဦးမယ်၊ ဒေါ်ခင်ကြည်တို့ကလည်း မောင်နှမ များတယ်ဆို"

"အေး.... ဟုတ်တယ်။ ဒေါ်ခင်ကြည်က ဧရာဝတီတိုင်းက မြောင်းမြသူ။ ဒေါ်ခင်ကြည့် အမေကလည်း ဒေါ်ဖွားစုတဲ့။ ဒေါ်ဖွားစုက ဒေါ်ခင်ကြည်အပါအဝင် မောင်နှမ (၁၀)ယောက်တောင် မွေးတာတဲ့"

"အဲဒီခေတ်တုန်းက မိခင်တွေက သားသမီး တော်တော်ယူကြတယ်နော်"

"ဟုတ်မယ်၊ ဒေါ်ခင်ကြည်အပါအဝင် မောင်နှမ (၁၀)ယောက် နာမည်တွေ သိလား"

"ပြောပြလေ"

"မောင်အေးမောင်၊ မောင်ဘကြော်၊ မခင်သောင်း၊ မောင်ဘလွင်၊ မသိန်းရီ၊ မခင်ကြီး၊ မခင်တင့်၊ မခင်ကြည်၊ မောင်သိန်းနဲ့ မမကြီးတို့ပဲ"

"ဒါဆိုရင် ဒေါ်ခင်ကြည်က (၈)ယောက်မြောက်မှာ မွေးတာပေါ့နော်"

"ဟုတ်တယ်၊ ဒေါ်ခင်ကြည်က ဗိုလ်ချုပ်ထက် အသက်ကြီးတယ် 'နွယ်လေး' ရ။ ဗိုလ်ချုပ်က ၁၉၁၅ ဖေဖော်ဝါရီ ၁၃ မှာ မွေးတယ်။ ဒေါ်ခင်ကြည်က ၁၉၁၂ ဧပြီ ၁၆ မှာ မွေးတယ်"

"ဒါကြောင့် ဗိုလ်ချုပ်က ဒေါ်ခင်ကြည်ကို 'ကြည်' လို့ ခေါ်တာနေမှာပေါ့။ ဗိုလ်ချုပ်ကိုတော့ ဒေါ်ခင်ကြည်က ဘယ်လို ခေါ်သလဲ မသိဘူးနော်"

"ဗိုလ်ချုပ်က ငယ်တယ်ဆိုတော့ 'မောင်' လို့ ခေါ်တယ်တဲ့"

"နွယ်လေး စဉ်းစားနေတယ် ကိုကို့။ ဗိုလ်ချုပ်နဲ့ ဒေါ်ခင်ကြည်တို့က ၁၉၄၂ စက်တင်ဘာ ၆ ရက်နေ့မှာ မင်္ဂလာဆောင်တာတဲ့။ ဗိုလ်ချုပ်လုပ်ကြံခံရပြီး

www.burmeseclassic.com

www.burmeseclassic.com

ကွယ်လွန်တာက ၁၉၄၇ ဇူလိုင် ၁၉ လေ။ သူတို့အိမ်ထောင်သက် သိပ်လည်း မကြာဘူးနော်"

"အေး... ဟုတ်တယ်၊ အိမ်ထောင်သက် (၄)နှစ်နဲ့ (၁၀)လပဲ ရှိတာ၊ (၅)နှစ်နီးပါးပေါ့ကွာ။ အိမ်ထောင်သက် နည်းနည်းလေးရယ်"

"နွယ်လေး ပြောချင်တာ အဲဒါပဲ ကိုကို။ ကိုကိုပဲ စဉ်းစားကြည့်လေ။ ၁၉၄၂ နဲ့ ၁၉၄၇ ကြားကာလဆိုတာ နွယ်လေးတို့ တိုင်းပြည်မှာ အလွန်ရှုပ်ထွေးနေတဲ့ ကာလပဲ။ အင်္ဂလိပ်တွေက ပြေး။ ဂျပန်တွေက ဝင်။ ဂျပန်တွေကို ပြန်တိုက်။ ဂျပန်တွေက ပြေး။ အင်္ဂလိပ်တွေက ပြန်ဝင်။ ဒုတိယကမ္ဘာစစ်ကြီးကလည်း ဖြစ်နေလိုက်သေးတယ်။ တိုင်းပြည်အတွက် လွတ်လပ်ရေးရဖို့ စုန်ဆန် ကူးသန်းပြီး သွားလာနေရသေးတယ်။ တောင်ပေါ်တွေရော၊ မြေပြန့်တွေရော၊ နိုင်ငံခြားတွေရော စုံနေတာပဲ။ အလုပ်တော်တော်များတဲ့ကာလပဲ။ အဲဒါတောင်..."

"အဲဒါ ဘာဖြစ်တုံး"

"ဒီလောက် အလုပ်ရှုပ်တဲ့ကြားက မိသားစုအပေါ် ဇိုလ်ချုပ်က တာဝန်ကျေတယ် ကိုကို။ ဒေါ်ခင်ကြည့်အပေါ် တာဝန်ကျေတယ်။ အလုပ်များလို့ဆိုပြီး မိသားစုကို ပစ်မထားဘူး။ တိုင်းပြည်အတွက်လည်း တာဝန်ကျေတယ်"

"နွယ်လေး.... ဘာကို ဆိုလိုတာလဲ"

"ဒီလောက် အိမ်ထောင်သက်လေးနဲ့ သားသမီး (၄)ယောက်တောင် ရခဲ့တယ်တဲ့"

"(၃)ယောက် မဟုတ်ဘူးလားကွ"

"(၁)ယောက်က မွေးပြီး (၅)ရက်လောက်မှာ ဆုံးသွားတာ။ မိန်းကလေးတဲ့။ နွယ်လေး ဖတ်ရတဲ့ စာအုပ်ထဲမှာပါတယ် ကိုကို။ တစ်ယောက်ကတော့ ဇိုလ်ချုပ်ဆုံးပြီးတဲ့နောက်မှ ရေနစ်သေတာတဲ့"

"အောင်ဆန်းလင်း ရေနစ်ပြီးဆုံးတာတော့ ကိုကို သိတယ်"

'နွယ်လေး'က ဇိုလ်ချုပ်နှင့် ဒေါ်ခင်ကြည်တို့၏ အိမ်ထောင်ရေးကို စိတ်ဝင်စားသည်။ အထူးသဖြင့် သားသမီးမရသော သူနှင့် ကျွန်တော့်အတွက် ဇိုလ်ချုပ်တို့၏ အိမ်ထောင်ရေးကို စံထားနေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com

"နွယ်လေးတို့လည်း အိမ်ထောင်သက် (၂၃)နှစ်မှာ သားသမီး တစ်ယောက်မှ မရဘူးနော်။ တကယ်လို့သာ သားသမီးရခဲ့ရင် 'နွယ်လေး'တို့ မွေးလာမယ့် ကလေးဟာ ကိုကို့လို အနုပညာစိတ်တွေ၊ ဗီဇစိတ်တွေ၊ သတ္တိစိတ်တွေ ပါလာမှာပဲ။ သားသမီးဆိုတာ အိမ်ရဲ့ 'ဆည်းလည်း'ဟုတ်သလို မိသားစုရဲ့ 'မျှော်လင့်ချက်' လည်း ဖြစ်တယ်"

'နွယ်လေး'က သူ့စကားကို သူ့ကိုယ်တိုင်ပြောပြီး အိမ်တွင် ချိတ်ဆွဲထားသော ဗိုလ်ချုပ်အောင်ဆန်း၏ ပန်းချီကားကို တစိမ့်စိမ့် ကြည့်နေရှာသည်။

ထိုအချိန်တွင် မမျှော်လင့်တဲ့ စကားတစ်ခွန်းကို ဆွေးဆွေးမြည့်မြည့်ကြီး သူက ဆိုလာသည်။

"နွယ်လေးတို့အိမ်ထောင်ရေးမှာလည်း သားသမီး (၁)ယောက်၊ (၂)ယောက်လောက်ရရင် သိပ်ကောင်းမှာပဲနော်"

ကျွန်တော် စိတ်မကောင်းပါ။ ကျွန်တော်လည်း ဘာတတ်နိုင်မှာလဲဗျာ။ ဒါဟာ ကံတရားပဲပေါ့။ ဘယ်သူ့ကိုမှ အပြစ်မတင်လိုပါ။

'နွယ်လေး'က ဗိုလ်ချုပ်အောင်ဆန်း၏ ပန်းချီကားကို မတ်တတ်ရပ်ပြီး ကြည့်လိုက်သည်။

"ကိုကို မတ်တတ်ရပ်လိုက်ပါဦး၊ 'နွယ်လေး'တွေးမိတယ်။ ဗိုလ်ချုပ်နဲ့ ခေါ်ခင်ကြည်တို့သာ နွယ်လေးတို့လို သားသမီးမရတဲ့ လင်မယားဆိုရင် 'နွယ်လေး'တော့ မတွေးရဲဘူး ကိုကို"

"ဘာများလဲ နွယ်လေး"

"အခုတော့ ဗိုလ်ချုပ်အောင်ဆန်းက တာဝန်ကျေလိုက်တာ ကိုကိုရယ်။ ခေါ်ခင်ကြည်လည်း တာဝန်ကျေတာပဲ။ သူတို့ မွေးပေးသွားတဲ့၊ တန်ဖိုးဖြတ်လို့မရတဲ့ 'တိုင်းပြည်ရဲ့ ဆည်းလည်း'လေးတစ်ခု နွယ်လေးတို့ လက်ဆောင်အဖြစ် ရလိုက်တယ်။ အဲဒီ 'ဆည်းလည်း'လေးက ငြိမ်းချမ်းခြင်းတွေ၊ ပျော်ရွှင်ခြင်းတွေ၊ ကြည်နူးခြင်းတွေကို ပေးနေပြီနော်။ အဲဒီ 'ဆည်းလည်း'လေးကို 'နွယ်လေး'က တန်ဖိုး

www.burmeseclassic.com

www.burmeseclassic.com

ထားတယ်။ ချစ်တယ်။ ဗိုလ်ချုပ်နဲ့ ဒေါ်ခင်ကြည်ကိုလည်း ကျေးဇူးတင်လိုက်တာ ကိုကိုရယ်''

♥♥♥

ဩော်...

အိမ်ထောင်ရေးမှာ သားသမီးရှိဖို့လည်း လိုအပ်သကိုးဗျ။

အိမ်ရှင်မကျာနယ်

■

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

၆၆ အမြင့်ကြီးကို ပျံတက်နေတဲ့ ပိုးပျံပုဇောင်းဟာ
အနီရောင်ကြောင့်လည်း မဟုတ်ဘူး။
အပြာရောင်ကြောင့်လည်း မဟုတ်ဘူး။
အစိမ်းရောင်ကြောင့်လည်း မဟုတ်ဘူး။
အဝါရောင်ကြောင့်လည်း မဟုတ်ဘူး။
အဖြူရောင်ကြောင့်လည်း မဟုတ်ဘူး။
ထည့်ထားတဲ့ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ကြောင့်သာ
အမြင့်ကြီးကို ပျံသန်းနိုင်ခြင်း ဖြစ်တယ် ၉၉

www.burmeseclassic.com

www.burmeseclassic.com

မိုးပျံပူဖောင်း

သမီးလေး 'ချစ်ပေါက်'က (၄)နှစ်ခွဲလောက်ရှိပြီ။ စကားအလွန်တတ်တယ်။ သူ့ကြောင့် အတွေးလေးတစ်ခု ရခဲ့ဖူးတယ်။

တစ်နေ့ည တုန်းက…

ဘုရားပွဲတစ်ခုကို ရောက်ခဲ့တယ်။ ကျွန်တော်တို့မြို့သစ်က တကယ့် မန္တလေးမြို့စစ်စစ် ဖြစ်နေတော့တယ်။ ဘုရားပွဲ ရှိတယ်။ ဆွမ်းလောင်းအသင်း ရှိတယ်။ ညဆိုရင် ဇာတ်သံ၊ အငြိမ့်သံကြားရတယ်။ ဟိုးတုန်းက မန္တလေးမြို့ကြီးဟာ အရှေ့တောင်ဘက်ကို ရွှေ့လာသလားလို့တောင် ခံစားမိတယ်။ မြို့လယ်ကောင်မှာတော့ ဆွမ်းလောင်းမယ့်သူ မရှိလို့ သံဃာတော်များတောင် မြို့သစ်ကို ကြွရတဲ့ အခြေအနေ ဆိုက်နေပြီ။ သံဘာဂျာတံခါး ပိတ်ထားတဲ့ တိုက်ကြီးတွေ အစီအရီနဲ့ မန္တလေး မြို့ဟောင်းကြီးဟာ ကျက်သရေရှိချင်ယောင်ဆောင်ပြီး လှနေတော့တယ်။ ဝါတွင်း ကာလမှာတောင် မြို့လယ်ကောင်မှာ ရေခဲသံ မကြားရတော့ပါ။ ဆွမ်းကြီးလောင်းလှူဖို့ တီးသံ၊ မှုတ်သံတွေလည်း တိတ်ဆိတ်လို့။ ဣန္ဒြေကြီးနေတာလား။ ဆွံ့အနေတာလား။ ခွဲခြားမသိနိုင်တဲ့ မန္တလေးမြို့ဟောင်းနဲ့တော့ ကျွန်တော်တို့ မြို့သစ်က တခြားစီပါ။ မြို့သစ်မှာ မန္တလေး အငွေ့အသက်တွေ အကုန်ရှိတယ်။

သမီးလေးတောင်းဆိုလို့ ဘုရားပွဲစျေးတန်းကို ရောက်လာခဲ့တယ်။ ကလေးဆိုတော့ တွေ့သမျှကို ကြည့်တယ်။ ငေးတယ်။ လက်ညှိုးထိုးတယ်။ လိုချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေရာအရောက် သမီးက မိုးပျံပူဖောင်းဝယ်ချင်တယ်လို့ ပူဆာတော့တယ်။ ဒီလိုနဲ့ ကျွန်တော်က မိုးပျံပူဖောင်း တစ်ခု ဝယ်ပေးလိုက်တယ်။ မိုးပျံပူဖောင်းလည်း ရရော သမီးက ဒီလိုပြောတယ်။

"ဖေဖေ... ဖေဖေ့ မိုးပျံပူဖောင်းက သိပ်လည်း မပျံဘူး။ အပေါ်ကိုလည်း သိပ်မတက်ဘူး"

"ပျံပါတယ် သမီးရဲ့၊ တက်ပါတယ်။ အပ်ချည်ကြိုးက တိုနေလို့ပါ"

"အနီရောင် မိုးပျံပူဖောင်းက ပိုပြီးပျံတယ်၊ ဟိုမှာ မတွေ့ဘူးလား"

"မဟုတ်ဘူး သမီးရဲ့၊ အတူတူပါပဲ။ အပ်ချည်ကြိုး ရှည်လို့ပါ"

ကျွန်တော်က မိုးပျံပူဖောင်းအဝါရောင်လေးကို ဝယ်ပေးထားမိတယ်လေ။ မိုးပျံပူဖောင်းရောင်းတဲ့သူက မိုးပျံပူဖောင်းတွေကို အပ်ချည်ကြိုးနဲ့ ချည်ထားတယ်။ မိုးပျံပူဖောင်းတွေကလည်း အနီ၊ အဖြူ၊ အပြာ၊ အဝါ အရောင်စုံ ရှိတယ်။ ပွဲစျေးတန်းကိုလာကြတဲ့ ကလေးငယ်ငယ်လေးတွေကတော့ အဲဒီ အရောင်စုံတဲ့ မိုးပျံပူဖောင်းလေးတွေကို ကြည့်ပြီး လက်ညှိုးတထိုးထိုးနဲ့ ပူဆာနေကြတယ်။ မိုးပျံပူဖောင်း ရောင်းတဲ့သူရဲ့အနီးမှာ ကလေးတွေ ဝိုင်းအုံနေကြတော့တယ်။ အဲဒီ ရောင်စုံ မိုးပျံပူဖောင်းတွေထဲမှာ အနီရောင်မိုးပျံပူဖောင်းလေးက အပ်ချည်ကြိုး အရှည်ဆုံးဖြစ်နေတယ်။ ဒါကြောင့် အနီရောင်မိုးပျံပူဖောင်းကို သမီးက ပူဆာနေတာ ဖြစ်တယ်။

"ဖေဖေ... အနီရောင်ကို ထပ်ဝယ်ပေး၊ ထပ်ဝယ်ပေး"

"မဟုတ်ဘူး သမီးရဲ့။ မိုးပျံပူဖောင်းက အတူတူပဲ။ အဲဒီ အနီရောင်က အပ်ချည်ကြိုးရှည်နေလို့ သမီးရဲ့"

"အနီရောင်က ပိုပြီး မြင့်တယ်၊ ပျံတယ်၊ အနီရောင်ပဲ လိုချင်တယ်၊ ဝယ်ပေး"

"သမီးကလည်းကွာ အတူတူပါပဲ။ မိုးပျံပူဖောင်းတစ်ခု အမြင့်ကို ပျံတယ်ဆိုတာ အရောင်နဲ့ မဆိုင်ဘူး သမီးရဲ့"

"တော်ပြီ အနီရောင်ပဲ ဝယ်ပေး၊ အနီရောင်ပဲ လိုချင်တယ်"

ပြောပြောဆိုဆို ငိုပါလေတော့တယ်။ ကလေးဆိုတော့ သူထင်ချင်ရာ ထင်ပြီး ခံစားချက်ဖြင့် ငိုရှိုက်နေလေတော့တယ်။

"ခက်လိုက်တာ သမီးရယ်၊ မိုးပျံပူဖောင်းဆိုတာ ထည့်ထားလို့

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ငွေ့ကြောင့် မိုးပေါ်ကို ပျံတာ၊ အရောင်နဲ့ မဆိုင်ဘူး သမီးရဲ့"

"မရဘူး၊ မရဘူး။ အနီရောင်ပဲ လိုချင်တယ်။ အနီရောင်ပဲ ဝယ်ပေး။ အနီရောင်က ပိုပြီးပျံတာ ဟိုမှာ မမြင်ဘူးလား ဖေဖေရဲ့"

နောက်ဆုံးတော့ သူလိုချင်တဲ့ အနီရောင်မိုးပျံပူဖောင်းလေးကို ကျွန်တော် ဝယ်ပေးလိုက်ရပါတော့တယ်။

အိမ်ရောက်တော့ သမီးလေးက မိုးပျံပူဖောင်းနဲ့ ဆော့ကစားရင်း အိပ်ပျော်သွားတယ်။

သမီးလေးအိပ်တော့မှ မိုးပျံပူဖောင်းကိုကြည့်ပြီး အတွေးနယ်တွေချဲ့နေမိတော့တယ်။

♥♥♥

မိုးပျံပူဖောင်းဆိုတာ အရောင်ကြောင့် အမြင့်ကို ပျံတာ မဟုတ်ဘူး။ ထည့်ထားတဲ့ 'ဟိုက်ဒရိုဂျင်ဓာတ်ငွေ့'ကြောင့် အမြင့်ကို ပျံတာ။ သမီးလေးက ဒါကို မသိရှာတော့ ပူဆာတာပေါ့။ ကလေးဆိုတော့ အရောင်အဆင်းကြောင့်ပဲ အမြင့်ကို ပျံတယ်လို့ ထင်တယ်။ အပ်ချည်ကြိုး အတိုအရှည်ကြောင့် အနိမ့်အမြင့် ဖြစ်နေရတာကိုလည်း သူက မစဉ်းစားတတ်ရှာဘူး။

ကျွန်တော်တို့လည်း ဘာထူးလို့လဲဗျာ။

လူတစ်ယောက်ကို ကြည့်ရင် အပေါ်က ဝတ်ထားတဲ့ ချုပ်ဝတ်တန်ဆာကိုပဲ ကြည့်မိတယ်။ ယူနီဖောင်းကိုပဲ ကြည့်မိတယ်။ သူရဲ့ ချုပ်ဝတ်တန်ဆာကိုကြည့်ပြီး သူရဲ့အရည်အချင်းကို အလွယ်တကူနဲ့ လက်ခံပစ်လိုက်ကြတော့တယ်။ သူရဲ့ ယူနီဖောင်းကိုကြည့်ပြီး သူရဲ့ အဆင့်အတန်းကို သတ်မှတ်ပစ်လိုက်ကြတော့တယ်။ တကယ်တော့ ချုပ်ဝတ်တန်ဆာ၊ ယူနီဖောင်း၊ စည်းစိမ်ဥစ္စာ၊ ငွေကြေးဓန၊ တိုက်၊ ကား၊ အိမ်၊ ရာထူး၊ အာဏာဆိုတာ မိုးပျံပူဖောင်းရဲ့ အပေါ်ယံက အရောင်နဲ့တူတယ်။

သူ့ရင်ထဲက စိတ်ကောင်းရှိမှုတွေ၊ ကိုယ်ကျင့်တရားတွေ၊ အများအကျိုး သယ်ပိုးလိုစိတ်တွေ၊ မေတ္တာဓာတ်တွေ၊ ကရုဏာစိတ်တွေ၊ သီလလုံခြုံမှုတွေကတော့ မိုးပျံပူဖောင်းထဲမှာ ထည့်ထားတဲ့ 'ဟိုက်ဒရိုဂျင်ဓာတ်ငွေ့'နဲ့ တူတယ်။

အတ္တလွန်ကဲမှု၊ ကိုယ်ကျိုးရှာမှု၊ ကောက်ကျစ်စဉ်းလဲမှု၊ အမှားပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com

အမှားဆင့်ပြီး အမှားကို အမှန်ဖြစ်အောင် ကြိုးစားနေမှု၊ လောဘ၊ ဒေါသ၊ မောဟကြီးမှုတွေဟာ ရိုးရိုး 'လေ' နဲ့ တူတယ်။

ရိုးရိုးလေထည့်ထားတဲ့ ပူဖောင်း ဘယ်လိုလုပ်ပြီး အမြင့်ကို ပျံနိုင်မှာလဲဗျာ။

အခုတော့ ကျွန်တော်တို့ဟာ အိမ်က သမီးငယ်လေးလိုပါပဲ။

အပေါ်ယံ ချပ်ဝတ်တန်ဆာ အရောင်အသွေးကို အရည်အချင်းလို့ မြင်နေကြတယ်။ လူ့ဂုဏ်သတ္တိလို့ ထင်နေကြတယ်။ ရင်ထဲက မေတ္တာတရား၊ နှလုံးသားထဲက စာနာစိတ်၊ ညှာတာစိတ်တွေ၊ အသွေးအသားထဲက ကိုယ်ချင်းစာတရားတွေကိုတော့ အရည်အချင်းလို့ ချက်ချင်း မမြင်တတ်ကြဘူး။

'လိမ်နိုင် သမာမိ၊ ညာနိုင် သစ္စာ' ဆိုတဲ့ စကားကို ဘဝလမ်းညွှန်အဖြစ် လက်ခံနေကြတော့တယ်။

♥♥♥

သမီးလေး ကြီးလာမှ ရှင်းပြရမယ်။

အမြင့်ကြီးကို ပျံတက်နေတဲ့ မိုးပျံပူဖောင်းဟာ အနီရောင်ကြောင့်လည်း မဟုတ်ဘူး။ အပြာရောင်ကြောင့်လည်း မဟုတ်ဘူး။ အစိမ်းရောင်ကြောင့်လည်း မဟုတ်ဘူး။ အဝါရောင်ကြောင့်လည်း မဟုတ်ဘူး။ အဖြူရောင်ကြောင့်လည်း မဟုတ်ဘူး။ ထည့်ထားတဲ့ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ကြောင့်သာ အမြင့်ကြီးကို ပျံသန်းနိုင်ခြင်း ဖြစ်တယ်။

ဒီလိုပါပဲ၊ မြင့်မြတ်တဲ့ လူ့ဘဝဆိုတာ ငွေကြေးကြောင့်လည်း မဟုတ်ဘူး။ စည်းစိမ်ကြောင့်လည်း မဟုတ်ဘူး။ ရာထူးအာဏာကြောင့်လည်း မဟုတ်ဘူး။ ပိုင်ဆိုင်မှုကြောင့်လည်း မဟုတ်ဘူး။ အောင်မြင်ကျော်ကြားမှုကြောင့်လည်း မဟုတ်ဘူး။

သမီးလေးရဲ့ နှလုံးသားထဲကိုလည်း 'ဟိုက်ဒရိုဂျင်ဓာတ်ငွေ့' နဲ့တူတဲ့ လူ့ဂုဏ်သိက္ခာတွေ ထည့်ပေးရဦးမယ်။

မန္တလေးတိုင်းမ်သတင်းစာ

■

www.burmeseclassic.com

www.burmeseclassic.com

ပန်းချီတာ ကောင်တော်ရယ်တာပါ



www.burmeseclassic.com

www.burmeseclassic.com

ဒီမြေကြီးပေါ်မှာ နေရတာတဲ့။
မြေကြီးကို ချစ်ရမယ်တဲ့။
မြေကြီးကို ချစ်ရင် အမှိုက်မရှုပ်တော့ဘူးတဲ့။

လေကို ချစ်ရမယ်တဲ့။
လေကိုချစ်ရင် လေထုညစ်ညမ်းအောင် မလုပ်တော့ဘူးတဲ့။

ရေကို ချစ်ရမယ်တဲ့။
ရေဆိုတာ လူ့အသက်ပဲတဲ့။
ရေကို မချစ်တဲ့သူဟာ လူ့အသက်ကို သတ်နေတာပဲတဲ့။

ဒီလိုပဲ သစ်ပင်တွေကို ချစ်ရမယ်တဲ့။
သစ်ပင်ဆိုတာ လူတွေရဲ့ ကျေးဇူးရှင်တဲ့။
သူတို့ရှိလို့ လူတွေ အသက်ရှင် ကျန်းမာနေတာတဲ့။

www.burmeseclassic.com

www.burmeseclassic.com

ပန်းချီးတာလောက်တော့ .... ရယ်တာပေါ့

သူမ၏ စကားများကို ကျွန်တော် ကြားယောင်နေမိပါသည်။
ပြောရလျှင် ယုံမှ ယုံကြပါ့မလား မသိ။

♥♥♥

ဂျပန်မှ ပညာသင်ပြီးပြန်လာသော တပည့်မတစ်ယောက်၏ အတွေ့အကြုံ ဖြစ်သည်။

သူမသည် ဂျပန်နိုင်ငံသို့ နိုင်ငံတော်၏ အစီအမံဖြင့် ပညာသင်ခွင့် (၁)နှစ် ရရှိသူ ဖြစ်သည်။ ဂါဒီယန်ပုံစံဖြင့် သွားရောက်ခဲ့ခြင်း ဖြစ်သည်။ ဂါဒီယန်ဆိုသည်မှာ တခြား မဟုတ်ပါ။ ဂျပန်နိုင်ငံရှိ မိသားစုတစ်စုက မြန်မာနိုင်ငံမှ ပညာလာသင်သော ကျောင်းသားလူငယ်တစ်ယောက်ကို မိသားစုကဲ့သို့ အတူနေပြီး တာဝန်ယူသည့် ပညာသင်ကြားရေးပုံစံ ဖြစ်သည်။ ထိုသို့အတူနေထိုင်ခွင့်ရခြင်းဖြင့် ဂျပန်စကားပြော အလွယ်တကူ တတ်မြောက်နိုင်သည်။ နှစ်နိုင်ငံ အပြန်အလှန် ယဉ်ကျေးမှုစီးဆင်းခွင့် မြန်ဆန်သည်။ သူ့ဓလေ့၊ ကိုယ့်ဓလေ့ တန်ဖိုးထားခွင့် ရနိုင်သည်။ နှစ်နိုင်ငံ ချစ်ကြည်ရေးအတွက် အထောက်အပံ့ ဖြစ်စေနိုင်သည်။

လင်းလွန်းဆင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

သူမ ပြောပြသော အတွေ့အကြုံထဲတွင် အတုယူစရာ များစွာ ရှိသည်။ ထိုအတုယူစရာများစွာထဲမှ နှင်းဆီပန်းတစ်ပွင့်အပေါ်တွင် ထားရှိသည့် အတွေးဒဿန အကြောင်းကို ကျွန်တော် မှတ်မိနေသည်။

"ဆရာ... သိလား၊ သမီးက နှင်းဆီပန်း သိပ်ကြိုက်တာ ဆရာရဲ့။ အဲဒီနှင်းဆီပန်းကြောင့် သမီးစိတ်ဓာတ်တွေ အများကြီး ပြောင်းလဲသွားခဲ့ရတယ်။ သမီး ပြောပြမယ်"

"အေး... ညည်း နှင်းဆီပန်းကြိုက်တာ ငါ သိသားပဲ။ ပြောစမ်းပါ"

"ဒီလိုဆရာရဲ့၊ သမီး ဂျပန်ကို ရောက်တယ်။ အဲဒီက မိသားစုတွေဟာ မြန်မာတွေလိုပါပဲ ဆရာရယ်။ မြန်မာမိသားစု ဓလေ့စရိုက်နဲ့ အတော်တူတယ်။ တစ်ယောက်ကို တစ်ယောက်လည်း ချစ်ကြတယ်။ ချက်ပြုတ်ပြီးလည်း စားသောက်ကြတယ်။ သမီးကလည်း မြန်မာအစားအစာတွေ ချက်ကျွေးတာပေါ့။ သူတို့ကလည်း ကြိုက်ကြတယ်။ တစ်ခါတလေဆိုရင် သမီးက သကြန်သီချင်းတွေ ဆိုပြတယ်။ မြန်မာသီချင်းတွေ ဆိုပြတယ်။ ကပြတယ်။ သမီးကိုလည်း သူတို့က ချစ်ကြတယ် ဆရာရဲ့။ ဒီလိုနဲ့ (၆)လလောက်နေတော့ သမီး ပြဿနာ တက်တော့တာပဲ"

"ဘာကြောင့်လဲ"

"အဲဒီနေ့က သမီး အိမ်ပြန်ရောက်တော့ တစ်အိမ်လုံးက သမီးကို စကားမပြောကြဘူး။ နေ့တိုင်း စကားတွေ ဖောင်ဖွဲ့အောင် ပြောနေကျ။ ဒီနေ့မှ မျက်နှာ မသာမယာ ဖြစ်နေတယ်။ သမီးကလည်း ဘာကြောင့်လဲလို့ သိချင်နေတာ။ ဒါနဲ့ ညနေစာ စားအပြီးမှာ သမီးက မေးလိုက်မိတယ်။ သူတို့က ရိုးသားတယ် ဆရာရဲ့။ ဟန်မဆောင်တတ်ဘူး။ ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်တယ်။ ဘာကြောင့် စကားမပြောကြတာလဲဆိုတော့... သမီးကို စိတ်ဆိုးလို့တဲ့။ ဘာကြောင့် စိတ်ဆိုးတာလဲဆိုတော့... သမီး ပန်လာတဲ့ နှင်းဆီပန်းကြောင့်တဲ့"

"နှင်းဆီပန်းကြောင့် စိတ်ဆိုးတယ်ဆိုတော့ အဆန်းပါလားကွ"

"အမှန်တော့ သူတို့စိတ်ဆိုးတာ မမှားဘူး ဆရာရဲ့၊ သူတို့က မေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com

ဒီနှင်းဆီပန်း ဘယ်က ရလာတာလဲတဲ့။ သမီးကလည်း အမှန်အတိုင်း ဖြေလိုက်တယ်၊ လှေကားရင်းမှာ ချိုးစိုက်ထားတဲ့ ပန်းအိုးထဲက နှင်းဆီပန်းပါလို့။ အဲဒါကြောင့် စိတ်ဆိုးတာတဲ့''

''ဘာဆိုင်လို့လဲ''

''ဆိုင်တာပေါ့ဆရာရဲ့၊ သူတို့က ပြောတယ်။ အဲဒီနှင်းဆီပန်းက 'ပန်' ဖို့ စိုက်ထားတာ မဟုတ်ဘူးတဲ့။ လောကကြီးလှဖို့ စိုက်ထားတာတဲ့။ သူတို့စကားက အံ့သြစရာပဲ။ အဲဒီပန်းကို ချိုးပြီး 'ပန်'လိုက်တဲ့အတွက် သမီးဟာ လောကအလှကို တန်ဖိုး မထားတတ်သူပဲတဲ့။ နှင်းဆီပန်းကိုကြိုက်ရင် ပန်းအလှဆိုင်မှာ သွားပြီး ဝယ်ပေါ့၊ 'ပန်'ပေါ့တဲ့။ အခုတော့ လှနေတဲ့ အလှတရားကို မခံစားတတ်ဘဲ ကိုယ့်အတွက်ကို ရှေ့တန်းတင်တတ်တဲ့သူ၊ ကိုယ်လှဖို့သာ စဉ်းစားတတ်တဲ့သူ၊ လောကအလှတရားကို တန်ဖိုးမထားတတ်တဲ့သူ...တဲ့။ သမီးလည်း တော်တော် ရှက်သွားတယ် ဆရာ''

''ပြောစမ်းပါဦး၊ သူတို့ပြောတာ သဘာဝတော့ အကျသားကွ''

''သူတို့ရဲ့ စိတ်ဓာတ်က လူသားဆန်တယ်ဆရာ၊ သိလား။ သူတို့က မေးတယ်၊ မြေကြီးကို ချစ်လားတဲ့၊ လေကို ချစ်လားတဲ့၊ ရေကို ချစ်လားတဲ့၊ သစ်ပင်တွေကို ချစ်လားတဲ့။

သမီး တစ်ခါမှ မတွေးဖူးဘူး ဆရာ။

သမီးက လူလူချင်း ချစ်တာ၊ အိမ်မွေးတိရစ္ဆာန်လေးတွေကို ချစ်တာပဲ တွေ့ဖူးတာ။ စဉ်းစားတာ။ ဒီတော့ သမီးက မဖြေတတ်ဘူးလို့ ပြောလိုက်တယ်။

သူတို့က ဒီလိုပြောတယ် ဆရာ၊ ဒီမြေကြီးပေါ်မှာ နေရတာတဲ့၊ မြေကြီးကို ချစ်ရမယ်တဲ့။ မြေကြီးကို ချစ်ရင် အမှိုက်မရှုပ်တော့ဘူးတဲ့။ လေကို ချစ်ရမယ်တဲ့။ လေကိုချစ်ရင် လေထု ညစ်ညမ်းအောင် မလုပ်တော့ဘူးတဲ့။ ရေကို ချစ်ရမယ်တဲ့။ ရေဆိုတာ လူ့အသက်ပဲတဲ့။ ရေကို မချစ်တဲ့သူဟာ လူ့အသက်ကို သတ်နေတာပဲတဲ့။

ဒီလိုပဲ သစ်ပင်တွေကို ချစ်ရမယ်တဲ့။ သစ်ပင်ဆိုတာ လူတွေရဲ့

www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးရှင်တဲ့။ သူတို့ရှိလို့ လူတွေ အသက်ရှင် ကျန်းမာနေတာတဲ့။ သစ်ပင်တွေကို မချစ်တဲ့သူဟာ လူသားတွေကိုလည်း မချစ်တတ်တဲ့သူပဲတဲ့။

နှင်းဆီပန်းလေးတစ်ပွင့် ချိုးမိပါတယ် ဆရာရယ်၊ သမီးဟာ လောက အလှကို ဖျက်ဆီးသူ ဖြစ်သွားတော့တာပဲ''

''အေး... သူတို့ပြောတော့လည်း ဟုတ်သားပဲ။ ငါတို့က ကိုယ့်မိသားစု ကိုပဲ ချစ်တာ။ သစ်ပင်တွေကို ချစ်ရကောင်းမှန်း မသိဘူး။ သစ်ပင်တွေကို မချစ်တော့ ရေမလောင်းဘူး။ ခုတ်တယ်။ သတ်တယ်။ ဒီတော့ သစ်ပင်တွေ သေတယ်။ သစ်ပင်တွေ သေတော့ ကျေးငှက်တိရစ္ဆာန်တွေလည်း နေစရာရှားပါးလာတယ်။ သူတို့ရဲ့ အသိုက်အမြုံပျက်စီးတော့ ငါတို့ရဲ့ အသိုက်အမြုံလည်း ပျက်စီးတော့တာပဲ။ ငါတို့ရဲ့ ကမ္ဘာကြီးမှာလည်း ရာသီဥတု ဖောက်ပြန်တာတွေ ဖြစ်လာတော့တာပေါ့။ သူတို့ပြောတာ မမှားဘူး သမီးရဲ့''

''သူတို့က ပြောသေးတယ်ဆရာ၊ အကြင်နာတရားဆိုတာ နားမကြား သူကိုလည်း ကြားစေနိုင်တယ်။ မျက်စိမမြင်သူကိုလည်း မြင်စေနိုင်တယ်တဲ့။ လူသားအချင်းချင်း ကြင်နာတတ်သလားဆိုတာကို စမ်းသပ်တာ လွယ်လွယ်လေးတဲ့။ ကိုယ့်သဘာဝပတ်ဝန်းကျင်ကို မထိန်းသိမ်းတတ်တဲ့သူ၊ မကြင်နာတတ်တဲ့သူဟာ လူသားအချင်းချင်းလည်း မချစ်တတ်တဲ့သူပဲတဲ့။ သမီးက အလှစိုက်ထားတဲ့ နှင်းဆီပန်းကို ကိုယ်လှဖို့အတွက် ခူးယူပန်ဆင်ခြင်းဟာ အကြင်နာတရားအတွက် သင်ကြားမပေးခဲ့တဲ့ သမီးတို့ရဲ့ မိဘ၊ ဆရာ၊ အုပ်ချုပ်သူ၊ ပညာရေးစနစ်နဲ့ နိုင်ငံရေး စနစ်ကြောင့်ပဲတဲ့။ သမီးက ပြောလိုက်တယ်။ သမီးတို့ သူငယ်တန်းဖတ်စာမှာ ပန်းပွင့်လေးတွေကို ချစ်တတ်ဖို့ ကဗျာတွေ စာတွေ ရှိပါတယ်လို့။ ဒါဆိုရင်လည်း သမီးက စာမကျေတဲ့သူပဲတဲ့''

သူမ ပြောသော စကားများကို ကျွန်တော် အရမ်းစိတ်ဝင်စားနေမိပါသည်။

''ဆရာသိလား အဲဒီနေ့ညက သမီးကို သူတို့မိသားစုက သဘာဝတရား ကြီးကို ချစ်တတ်ဖို့ သင်ပေးတယ်။ လူဆိုတာ... သဘာဝထဲက ပစ္စည်းတစ်ခုသာ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တယ်တဲ့။ ဒါပေမဲ့ အသိဉာဏ်အရှိဆုံး ပစ္စည်းပါတဲ့။ သဘာဝတရားကြီးကို တန်ဖိုးမထားခြင်းဟာ ကိုယ့်အမျိုးအနွယ်ကို ဖျက်ဆီးနေခြင်းပဲတဲ့။ ကမ္ဘာပေါ်မှာ လူဖြစ်လာဖို့ အခိုန်နှစ်ပေါင်းသန်းနဲ့ခွဲပြီး အဆင့်ဆင့် တိုးတက်ပြောင်းလဲလာခဲ့ရတာတဲ့။ လူသားအမျိုးအနွယ်ကြီး အရှည်တည်တဲ့ဖို့ တော၊ တောင်၊ ရေ၊ မြေ၊ လေ၊ သက်ရှိ၊ သက်မဲ့ အရာရာအားလုံးကို မေတ္တာထားရမယ်တဲ့။ ချစ်ရမယ်တဲ့။ သဘာဝပတ်ဝန်းကျင်ကို ကိုယ်ကချစ်မှ သူတို့ရော... ကိုယ်ရော... ရှင်သန်ခွင့်ရမှာတဲ့။ သဘာဝတရားကြီးကို အမြန်ပျက်စီးအောင် ဖျက်ဆီးနိုင်တဲ့သူဟာ လူသားတွေပဲတဲ့။ ဒါကြောင့် အလှစိုက်ထားတဲ့ နှင်းဆီပန်းတစ်ပွင့်ကို ချီးယူပန်ဆင်ခြင်းဟာ လူသားမျိုးနွယ်နဲ့ သဘာဝအလှကို စတင်ဖျက်ဆီးနေခြင်းပဲတဲ့"

"အေး... သူတို့ပြောတာ မှန်တယ်ကွ။ ငါတို့က ချစ်တယ်... ချစ်တယ်နဲ့ ဘာကို ချစ်နေမှန်းလည်း မသိဘူး။ ဘာကို ချစ်ရမှန်းလည်း မသိဘူး။ ဘယ်လို ချစ်ရမှန်းလည်း မသိဘူး။ မချစ်သင့်တာနဲ့ ချစ်သင့်တာကိုလည်း ခွဲခြားနားမလည်ဘူး။ ကိုယ့်မိသားစု၊ ကိုယ့်ဆွေမျိုး၊ ကိုယ့်အသိုင်းအဝိုင်း ကောင်းစားရေးကိုပဲ အချစ်လို့ အဓိပ္ပာယ်ဖွင့်ထားကြတာ။ သေချာတွေးကြည့်တော့ ရှက်စရာ တော်တော်ကောင်းတာပဲ။ ဒါကြောင့်လည်း သူတို့လူမျိုးတွေ တိုးတက်တာပေါ့။ အတုယူသင့်တာတော့ အတုယူရမယ်။ အားကျသင့်တာတော့ အားကျရမယ်ကွ။ နေပါဦး၊ ညည်းလည်း အဲဒီက ပြန်လာတော့ ကောင်းတဲ့အကျင့်တွေ အဲဒီမှာပဲ ထားခဲ့သလား၊ ဒီထိ ယူလာသလား၊ ပြောစမ်း"

"ဆရာရယ်... ယူလာတာပေါ့။ ဒါပေမဲ့ ဒီမှာက လူတိုင်းလိုလို ပန်းချီနေကြတာဆိုတော့ သမီးစကားက အရာမရောက်ပါဘူး ဆရာရယ်"

♥♥♥

သူမ၏ စကားများကို ကျွန်တော် ကြားယောင်နေမိပါသည်။

လင်းလွန်းခင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ပြောရလျှင် ယုံမှ ယုံကြပါ့မလား မသိ။
ကျွန်တော်တို့နိုင်ငံမှာ ပန်းချီးတာလောက်တော့... ရယ်တာပေါ့။

ရတနာပုံနေ့စဉ်သတင်းစာ

■

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ငါတို့ ပတ်ဝန်းကျင်ကို ကြည့်လိုက်စမ်း။
ကျွန်ုပ်တွေကို ဖတ်ကြည့်စမ်း။
လူတွေ လူတွေ လူတွေ အများကြီးပဲ။
သူတို့ဟာ
ကိုယ့်အတွက်နဲ့ သူအတွက်ကို ထုတယ်။
ကိုယ့်ဟာနဲ့ သူ့ဟာကို ထုတယ်။
ကိုယ့်ဒေါသနဲ့ သူ့ဒေါသကို ထုတယ်။
ကိုယ့်လောဘနဲ့ သူ့လောဘကို ထုတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဥသျှစ်သီး

ဘယ်လိုမှ ပြောမရပါ။

သူကလည်း သူ။ မင်းကလည်း မင်းပဲ။ တစ်ယောက်ကိုတစ်ယောက် ချစ်ကြလို့ ယူထားတာ မဟုတ်ဘူးလား။ သားသမီးက (၃)ယောက်တောင် ရှိနေပြီ။ အပြစ်ဆိုတာ ရှာရင်တွေ့တာပေါ့။ နှင့်စိတ်ထဲမှာ သူ့ကိုမှ မကြည်ဖြူတာ။ လူ့စိတ်ဆိုတာကလည်း အခက်သားပဲ။ ချစ်နေမိပြီဆိုရင် ချစ်စရာတွေကိုပဲ တွေ့တယ်၊ မြင်တယ်။ မုန်းမိပြီဆိုရင်လည်း အပြစ်ကိုပဲ မြင်တတ်တော့တယ်။ စဉ်းစဉ်းစားစား နဲ့တော့ ဆုံးဖြတ်ကြပါ။

အိမ်ထောင်ကွဲမယ့်အကြောင်း ငယ်သူငယ်ချင်းဖြစ်တဲ့ တင်ရွှေက ကျွန်တော့်ကို လာပြီး တိုင်ပင်တယ်။

တကယ်တော့ တိုင်ပင်တာ မဟုတ်ပါဘူး။ ဆုံးဖြတ်ပြီးသားကိစ္စကို အတည်ပြုချက် လာယူတဲ့သဘောပါ။ တင်ရွှေက ကျွန်တော့်စကားလည်း နားဝင်မယ့်သူ မဟုတ်ပါဘူး။ သူက တစ်ဖွတ်ထိုးသမားကြီး။ သူ့အကြောင်းကို ကျွန်တော် သိတယ်။ သူက သူ့အိမ်မှာ အိမ်ထောင်ဦးစီးဆိုတော့ သူ့စကားကို နားထောင်မှ ကြိုက်တယ်။ သူပြောတာကို ချက်ချင်းထလုပ်မှ သဘောကျတတ်သူ ဖြစ်တယ်။ တစ်အိမ်လုံးက သူ့အကြိုက်ကိုပဲ လိုက်ပြီး လုပ်ပေးနေကြရတယ်။ 'တင်ရွှေ'နဲ့ ကျွန်တော်က အလယ်တန်းကျောင်းသားဘဝမှ စပြီး တက္ကသိုလ် နောက်ဆုံးနှစ်ထိ

www.burmeseclassic.com

www.burmeseclassic.com

တတွဲတွဲနဲ့ ခင်မင်ခဲ့ကြတဲ့ သူငယ်ချင်းအရင်းတွေပါ။ သူ့မိန်းမကို ခိုးတဲ့ ညတုန်းကလည်း ကျွန်တော် ပါခဲ့ရတယ်။ သူလုပ်သမျှ စီးပွားရေးတွေမှာလည်း ကျွန်တော်က အကြံဉာဏ်တွေ ပေးခဲ့ဖူးတယ်။ ကျွန်တော်ပေးတဲ့ အကြံဉာဏ်ကို သူက နားတော့ ထောင်တယ်။ ပြီးတော့ သူလုပ်ချင်တာ လုပ်တတ်တယ်။

အဲဒါ သူဇီဇပဲ။ အခုလည်း ကျွန်တော့်ဆီက အကြံဉာဏ်တောင်းသလိုနဲ့ ကျွန်တော့်ကို သူပြဿနာထဲမှာ ဆွဲထည့်နေပြီ။

ဒီလိုနဲ့ ၁၉ လမ်းက 'မင်းသီဟ' လက်ဖက်ရည်ဆိုင်မှာ သူနဲ့ကျွန်တော် စကားပြောဖြစ်တယ်။ ပြောဖြစ်တဲ့စကားတွေက သူ့ရဲ့ အိမ်ထောင်ရေးအကြောင်းတွေပါ။

ကျွန်တော်က နားထောင်သူ သက်သက်ပါ။ သူက သူ့မိန်းမရဲ့ အားနည်းချက်တွေကိုပဲ ရွေးပြီး ပြောသွားတယ်။ သူပြောသမျှ အကြောင်းအရာတွေဟာ ဟုတ်တော့လည်း ဟုတ်တယ်။ ဒါပေမဲ့ အကုန်တော့ မမှန်ဘူး။ ဖြစ်သင့်တာလည်း ပါသလို မဖြစ်သင့်တာတွေလည်း ပါတယ်။

"ဒီမယ်... သူငယ်ချင်း တင်ရွှေ ငါ ပြောမယ်"

"ဘာလဲကွ"

"ဆုံးဖြတ်ချက် (၃)မျိုး ရှိတယ်။ မေတ္တာဦးစီးတဲ့ ဆုံးဖြတ်ချက်ရယ်၊ စည်းကမ်းဦးစီးတဲ့ ဆုံးဖြတ်ချက်ရယ်၊ အတ္တဦးစီးတဲ့ ဆုံးဖြတ်ချက်ရယ်ပေါ့။ မင်းရဲ့ ဆုံးဖြတ်ချက်ဟာ အတ္တဦးစီးတဲ့ ဆုံးဖြတ်ချက် ဖြစ်နေတယ်။ အခု ကိစ္စက အိမ်ထောင်ရေး၊ ဘဝတစ်လျှောက်လုံးအတွက် အရေးကြီးတဲ့ကိစ္စ။ မင်းရဲ့ ဆုံးဖြတ်ချက်ကို မေတ္တာပဲ ဦးစီးစေချင်တယ်"

"ငါကတော့ စည်းကမ်းသမားပဲ သူငယ်ချင်းရေ... အတ္တသမား မဟုတ်ဘူး"

သူက သူ့ရဲ့အတ္တကို စည်းကမ်းဆိုတဲ့ စကားလုံးနဲ့ ဖလှယ်ပြီး အကာအကွယ်ယူလိုက်တယ်။

"မင်းဆုံးဖြတ်ချက်ကို ပြင်ဖို့ပြောတာ မဟုတ်ဘူးနော်။ ငယ်သူငယ်ချင်းမို့လို့ ပြောကြည့်တာပါ။ မင်းလည်း အိမ်ထောင်သက် (၂၀) ကျော်ခဲ့ပြီပဲ။ မင်းမှာလည်း မင်းအသိဉာဏ်နဲ့ မင်းမို့ ငါဘာမှ မင်းတို့အိမ်ထောင်ရေးထဲ ဝင်ပြီး မပါချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com

တင်ရွှေက ကျွန်တော့်စကားကို စိတ်ဝင်စားပုံ မပေါ်ပါဘူး။ သူ့လက်ထဲမှာ ကိုင်ထားတဲ့ ဟန်းဖုန်းကို ဟိုလုပ် ဒီလုပ် လုပ်နေတယ်၊ ကလိနေတယ်။ ဒီကောင်က လူတစ်မျိုးဗျ၊ လူ့ခွစာဗျ။ ကျွန်တော်ကလည်း သူစိတ်မဝင်စားမှန်း ရိပ်စားမိလို့ ဂျာနယ်တစ်စောင်လောက် ဝယ်ပြီး ဖတ်ရင် ကောင်းမယ်လို့ စိတ်ကူးမိတယ်။ ဒါကြောင့် ဂျာနယ်ရောင်းတဲ့သူကို လိုက်ရှာမိတယ်။ ဂျာနယ်ရောင်းတဲ့ ကလေးတွေက သစ်ပင်အောက်မှာ ထိုင်နေကြတယ်။ ကျွန်တော်က ကလေးတစ်ယောက်ကို ခေါ်မယ်လို့ လုပ်လိုက်တဲ့အချိန်မှာ တင်ရွှေက ကျွန်တော့် အပြုအမူကို အကဲခတ်လိုက်တယ်။

"မင်း... ဂျာနယ်ဖတ်မလို့လား"

"အေး... ဟုတ်တယ်"

ဒီလိုနဲ့ ဂျာနယ်ရောင်းတဲ့ လက်ပွေ့သမားရှိရာ သစ်ပင်အောက်ကို သူနဲ့ကျွန်တော် လှမ်းကြည့်မိတယ်။ အဲဒီ သစ်ပင်အောက်မှာ ဂျာနယ်ရောင်းတဲ့ သူတွေနဲ့အတူတူ 'သီးသီး'ရောင်းနေတဲ့ ကလေးတစ်ယောက်လည်း ရှိနေတယ်။ ကျွန်တော်က ဂျာနယ်တစ်စောင်ကို ဝယ်ပြီး ပြန်လာခဲ့တယ်။ ကျွန်တော့်စိတ်ထဲမှာ တင်ရွှေကို စကားအသစ်တစ်ခု ပြောချင်တဲ့စိတ်က ပေါက်လာပြန်တယ်။ အတွေးသစ်တစ်ခု ရလာတယ်။

"တင်ရွှေ... မင်း မှတ်မိသေးလား"

"ဘာလဲကွ"

"မင်းနဲ့ ငါ ငယ်ငယ်တုန်းက 'သီးသီး'ထုချင်လို့ ပိုက်ဆံစုခဲ့ကြတာလေ"

"ဘာဖြစ်လို့လဲ"

"အဲဒီတုန်းက မင်းနဲ့ငါက ပိုက်ဆံ မရှိဘူးကွ။ မင်းနဲ့ငါ နှစ်ယောက် ပေါင်းပြီး 'သီးသီး'ဝယ်ကြတယ်။ ထုခဲ့ကြတယ်။ မင်းက 'သီးသီး'အထုတော်တယ်လေ။ ပြီးတော့ မင်းက 'သီးသီး' အရွေးလည်း တော်တယ်"

"အေး... ဟုတ်တယ်လေ"

"မင်းက 'သီးသီး' တစ်လုံးကို ရွေးတော့မယ်ဆိုရင် 'မတ်စေ့'နဲ့ ခေါက်တယ်လေ။ ပြီးတော့ အသံကို နားထောင်တယ်။ အဲဒါ ဘာလုပ်တာလဲကွ"

"မင်းကလည်း သိရက်သားနဲ့ မေးနေပြန်ပြီ။ 'သီးသီး'မာသလား၊ မမာဘူး

www.burmeseclassic.com

www.burmeseclassic.com

လား။ အဆန်ချောင်သလား၊ မချောင်ဘူးလားဆိုတာ စမ်းတာလေကွာ''

''မင်းရွေးတဲ့ 'သီးသီး'တွေက အမြဲမာတယ်။ ဒီတော့ 'သီးသီး'ထုတိုင်း မင်းနိုင်တာ။ မင်းထုပြီး နိုင်လာတဲ့ 'သီးသီး'တွေကို ငါတို့တစ်တွေ စားကြလွန်းလို့ ချောင်းတွေတောင် ဆိုးခဲ့ဖူးတယ်လေ''

''အေး... ဟုတ်တယ်၊ မင်းတို့က 'သီးသီး'မှ မရွေးတတ်ဘဲ။ 'သီးသီး' ဆိုတာ 'ဆယ်ပြားစေ့' ဒါမှမဟုတ် 'မတ်စေ့'နဲ့ အကြိမ်ကြိမ် ခေါက်ကြည့်ရတယ်။ ကျစ်နေတဲ့ 'သီးသီး'ဆိုရင် ထွက်လာတဲ့အသံကိုက မာတယ်။ ငါက အဲဒီလို 'သီးသီး'ကိုမှ ရွေးဝယ်တာ။ အဲဒီတော့ နိုင်တာပေါ့။ ငါနိုင်တဲ့ 'သီးသီး'အကွဲတွေကို မင်းတို့ နင်းကန်စားလို့ ချောင်းဆိုးကြတာလေ''

ကျွန်တော်က တင်ရွှေ အမူအရာကို ကြည့်ပြီး ရယ်မိတယ်။ သူ အိမ်ထောင်ရေးအကြောင်း ပြောတုန်းက စိတ်မပါတဲ့ကောင်၊ 'သီးသီး' အကြောင်း ပြောတော့မှ စိတ်ပါလက်ပါ ဖြစ်လာတော့တယ်။

''တင်ရွှေ ငါပြောဦးမယ်။ မင်း မှတ်မိသေးလား။ 'သီးသီး'ထုရတာ အားမရလို့ ကုလားသခ်ိုင်းထဲက ဥသျှစ်သီးတွေ ထုခဲ့ကြတာလေ''

တင်ရွှေနဲ့ ကျွန်တော် အ.ထ.က (၉)က ကျောင်းသားဟောင်းတွေပါ။ အဲဒီတုန်းက ကျွန်တော်တို့ကျောင်းရဲ့ အနောက်ဘက် ခပ်လှမ်းလှမ်းမှာ ကုလား သခ်ိုင်း ရှိတယ်ဗျ။ အခု ၂၂ လမ်းအနောက်ထိပ်က 'သီရိမန္တလာ ကားကြီး ကွင်း'နေရာပေါ့။

''အေး... ဟုတ်တယ်၊ မောင်ဘုန်း... မင်း မှတ်မိသေးတယ်နော်''

ဥသျှစ်သီးထုရတာ 'သီးသီး'ထုရတာနဲ့မတူပါ။ ဥသျှစ်သီးက ထွက်လာတဲ့ အစေးတွေကို ကျွန်တော်တို့က 'ကော်'အဖြစ် သုံးတယ်။ စက္ကူကပ်တဲ့နေရာမှာ သုံးကြတယ်။ ဥသျှစ်သီးအမှည့်တွေကိုတော့ လက်နဲ့ ကော်ပြီးစားတယ်။ ဥသျှစ်သီးရဲ့ အစေးတွေက ပါးစပ်မှာ အစေးလာပြီး ပေါက်တယ်။ ပါးစပ်မှာ အစေးပေါက်တဲ့ အနာတွေ၊ အပူလောင်တဲ့အနာတွေ ဖြစ်ခဲ့ဖူးတယ်။

''အေး ငါပြောချင်တာ ဥသျှစ်သီးကိစ္စပဲ''

''မောင်ဘုန်း... မင်းစကားက အဆန်းပါလား။ ဥသျှစ်သီးကိစ္စဆိုတာ ဘာလဲ''

www.burmeseclassic.com

www.burmeseclassic.com

" သီးသီး ထုရတာနဲ့ ဥသျှစ်သီး ထုရတာနဲ့ မတူဘူးကွ။ သီးသီး ထုတဲ့အခါ အဆန်မာတဲ့အသီးက အဆန်ချောင်တဲ့အသီးကို နှိုင်တယ်။ ထုတဲ့အသီး ကွဲတဲ့အခါလည်း ရှိတယ်။ ခံရတဲ့အသီး ကွဲတဲ့အခါလည်း ရှိတယ်။ အဆန်မာတဲ့ အသီးက အောက်က ခံထားရပေမယ့် မကွဲဘူး။ အဆန်ချောင်တဲ့အသီးကတော့ ကွဲတော့တာပေါ့"

"ငါက သီးသီး ထုခဲ့တဲ့ အကောင်ပါ၊ မင်း ဘာတွေ လာပြောနေတာလဲ"

"ဒါပေမဲ့ ဥသျှစ်သီး ထုတဲ့အခါတော့ သီးသီး ထုတာနဲ့ မတူဘူး။ ဥသျှစ်သီး ထုတဲ့အခါ ထုတဲ့အသီးလည်း ကွဲတယ်၊ ခံရတဲ့အသီးလည်း ကွဲတယ်၊ မင်းသိပါတယ်။ မင်းနဲ့ငါ ဥသျှစ်သီး ထုကြတုန်းက မင်းလက်ထဲမှာလည်း ဥသျှစ်သီး အစေးတွေ ပေလို့၊ ငါကလည်း အတူတူပဲလေ"

"အဲဒါ ဘာဖြစ်လဲ"

"ငါပြောချင်တာ အဲဒါပဲ တင်ရွှေ၊ မင်းကလည်း ဥသျှစ်သီး တစ်လုံး ဖြစ်တယ်။ မင်းမိန်းမကလည်း ဥသျှစ်သီးတစ်လုံး ဖြစ်တယ်။ ဘယ်သူပဲ ထုထု၊ ဘယ်သူပဲခံခံ နောက်ဆုံးတော့ ဥသျှစ်သီး နှစ်လုံးစလုံး ကွဲကြရမှာပဲ"

တင်ရွှေက ကျွန်တော့်ကို စိန်းစိန်းကြီးစိုက်ပြီး ကြည့်နေတယ်။

ကျွန်တော်က သူ့ကို စိတ်မဝင်စားတဲ့ဟန်ပြပြီး ဝယ်လာတဲ့ ဂျာနယ်ကို ဆွဲပြီး ဖတ်လိုက်တယ်။

ဂျာနယ်ထဲမှာလည်း ကချင်ပြည်နယ်က မငြိမ်းချမ်းသေးဘူးတဲ့။ ကရင်ပြည်နယ်မှာလည်း တိုက်ပွဲတွေနဲ့တဲ့။ အနောက်ဘက် စည်းရိုးလည်း ပေါက်နေပြီတဲ့။ လွှတ်တော်ထဲမှာလည်း တင်ပြသူက တင်ပြ၊ ထောက်ခံသူက ထောက်ခံ၊ ကန့်ကွက်သူက ကန့်ကွက်၊ ဆိုင်းငံသူက ဆိုင်းငံ့၊ မှတ်တမ်းတင်သူက တင်နဲ့၊ ငြင်းကြ ခုံကြ။ ဩော်... 'ဥသျှစ်သီး' ထုနေကြပါကောလား။

ဂျာနယ်ကို အားပါးတရဖတ်နေစဉ်မှာ တင်ရွှေတစ်ယောက် ငြိမ်ပြီး စဉ်းစားနေတယ်။

ကျွန်တော်က စကားစ လိုက်တယ်။

"ဒီမယ်... တင်ရွှေ၊ ငါတို့ ပတ်ဝန်းကျင်ကို ကြည့်လိုက်စမ်း။ ဂျာနယ်တွေကို ဖတ်ကြည့်စမ်း။ လူတွေ... လူတွေ... လူတွေ... အများကြီးပဲ။ သူတို့ဟာ

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်အတွက်နဲ့ သူ့အတွက်ကို ထုတယ်။ ကိုယ့်မာနနဲ့ သူ့မာနကို ထုတယ်။ ကိုယ့်ဒေါသနဲ့ သူ့ဒေါသကို ထုတယ်။ ကိုယ့်လောဘနဲ့ သူ့လောဘကို ထုတယ်။ ဥသျှစ်သီး ထုကြသလိုပေါ့ကွာ၊ နောက်ဆုံးတော့ ကိုယ်လည်း မနိုင်ဘူး၊ သူလည်း ရှုံးတယ်။ ငါကတော့ မင်းတို့အိမ်ထောင်ရေးကို ဥသျှစ်သီးထုတဲ့ ပွဲလိုပဲ ခံစားနေမိတယ်။ ကျွန်တာကတော့ မင်းသဘောပါ၊ မင်းက ဆုံးဖြတ်ပြီးသားကိုး"

ကျွန်တော့်စကားလည်း ဆုံးရော ကျွန်တော့်ကို နှုတ်မဆက်ဘဲ တင်ရွှေတစ်ယောက် ပြန်သွားလေတော့တယ်။

ရွှေမန္တလေးကျားနယ်

■

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အချောင်စိတ်မပေးနဲ့။
သူများဆီက အလကားလိုချင်တဲ့ကောင်ဟာ
"အလကားကောင်"ပဲ။
ငွေရရင် ပြီးရောဆိုတဲ့ နိမ့်ကျတဲ့စိတ်
မင်းမှာ ရှိတာ ငါ အံ့သြတယ်ကွာ။
မတရားလိုချင်တဲ့ကောင်ကို
"မတရားကောင်"လို့ ခေါ်တယ်။ မှတ်ထား။
အလကားလိုချင်တဲ့ကောင်ကို
"အလကားကောင်"လို့ ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

အလုပ်မရှိ ... ဘဝမရှိ

ဟိုတစ်နေ့က စာအုပ်တွေ ရှင်းရင်းနဲ့ ဘိုးဘိုးရဲ့ မှတ်တမ်းစာအုပ်လေးကို တွေ့တယ်။ မှတ်တမ်းထဲမှာ ကျွန်တော့်အကြောင်း ရေးမှတ်ထားတာ ပါတယ်။ (၂)မျက်နှာလောက်ရှည်တဲ့ မှတ်တမ်းတစ်ခုပါ။

အဲဒီမှတ်တမ်းကို ဖတ်ပြီး ကျွန်တော့်ရဲ့ ငယ်ဘဝကို ပြန်ပြီး မြင်ယောင်မိတယ်။

♥♥♥

ကျွန်တော်က ပုလဲငွေရောင်သား ခင်ဗျ။

ပုလဲငွေရောင်ရပ်ကွက်က (၁၂)ကွက် ရှိတယ်။ ကျွန်တော်က အနောက်နန်းမတော် မိဖုရားကြီးဝင်းမှာ မွေးတာ။ နန်းမတော်ဝင်းဆိုတာ (၂၁) (၂၂)လမ်းနဲ့ (၈၂) (၈၃)လမ်းကြားမှာ ရှိတယ်။ ကျွန်တော်တို့ရပ်ကွက်ရဲ့ အရှေ့ဘက်မှာ ဘုရားနီဘုရား ရှိတယ်။ အဲဒီ ဘုရားနီဘုရားထဲမှာ ကျွန်တော်က ဘောလုံးကန်နေကျ၊ စွန်လွှတ်နေကျ။ ဒီတော့... ကျွန်တော်ဟာ ငယ်ငယ်တုန်းက ဘယ်လောက်ထိ ကမြင်းကြော ထလိုက်မလဲဆိုတာ တွေးကြည့်ကြပါတော့ဗျာ။

ဟိုတုန်းက ဘုရားနီဘုရားဆိုတာ ခုလောက်ကြီး သပ်သပ်ရပ်ရပ် မရှိလှဘူး။ ကျွန်တော်တို့ကလည်း ကလေးပီပီ စေတီတွေပေါ် တက်ပြီး စွန်လွှတ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com

လေတံခွန်လွှတ်တယ်။ စွန်အပြတ်၊ လေတံခွန်အပြတ်တွေကို လိုက်တယ်။ ကျောင်းပိတ်ရက်တွေဆိုရင် ဘုရားနီဘုရားထဲမှာပဲ အနေများတယ်။

အဲဒီဘုရားထဲမှာ သူတောင်းစားမိသားစုတစ်စု ရှိတယ်ဗျ။ သူတို့မှာ သားသမီးငါးယောက် ရှိတယ်။ အဲဒီထဲက ကျွန်တော်နဲ့ သက်တူရွယ်တူ တစ်ယောက်ပါတယ်။ နာမည်က 'အေးကို'တဲ့။ ကျွန်တော်နဲ့ ကစားဖော်ကစားဖက် သူငယ်ချင်းဆိုပါတော့ဗျာ။ သူတို့က သူတောင်းစားလို့သာပြောတာ တော်တော်ချောင်လည်တယ်။ အစကတော့ သူတောင်းစားမှန်း ကျွန်တော် မသိပါဘူး။ ကျွန်တော့် သူငယ်ချင်းက ပြောလို့ သိရတာပါ။

"မင်း အဖေ ဘာလုပ်သလဲ"

သူက ကျွန်တော့်ကို မေးတာပါ။

"ငါ့အဖေက ရုံးအုပ်စာရေးကြီးကွ။ မင်းမိဘတွေကကော ဘာလုပ်တုံး"

"သူတောင်းစားလို့ ပြောတာပဲ"

ဘာပဲဖြစ်ဖြစ် ကလေးဘဝဆိုတာ အဖေ၊ အမေရဲ့ အရှိန်အဝါတွေ၊ ဂုဏ်ဒြပ်တွေကို မခံစားတတ်ကြဘူးဆိုတော့ ပေါင်းရသင်းရတာ အဆင်ပြေပါတယ်။ သူကလည်း ကျောင်းနေတယ်။ 'ညောင်ပင်စေး'ကျောင်းမှာ နေတာတဲ့။ ကျွန်တော်က 'စိန့်ပီတာ'ကျောင်းမှာနေတာ။ ကျောင်းမတူပေမယ့် အတန်းတူတယ်။ ကျွန်တော့် သူငယ်ချင်းက ဘောလုံးကန်တာ အလွန်ကောင်းတယ်။ ဘောလုံးကန်ရင် သူပါမှ နိုင်တယ်။ ဒါကြောင့် သူ့ကို ကျွန်တော်တို့က အားလည်း ကိုးတယ်။ ခင်လည်း ခင်တယ်။ ဘောလုံးကန်ဖို့ဆိုရင် သူငယ်ချင်းတွေက မုန့်ဖိုးတွေစုပြီး ဘောလုံးကို ဝယ်ကြရတယ်။ အဲဒီခေတ်တုန်းကလည်း တိုင်းနဲ့ပြည်နယ် ဘောလုံးပွဲတွေက နာမည်ကြီးနေတဲ့ အချိန်ပေါ့။ ရေဒီယိုဘေးနားမှာ ဝိုင်းအုံပြီး နားထောင်ကြတဲ့ အချိန်ပေါ့။ ဒီတော့... ကျွန်တော်တို့ကလည်း ဘောလုံးအရူးထကြတော့တာပေါ့။

တစ်ရက်မှာတော့-

ကျွန်တော်တို့ ဘုရားနီဘုရားထဲမှာ ချိန်းပြီး ဘောလုံးကန်ကြတယ်။ ကန်ရတဲ့ဘောလုံးက သားရေဘောလုံး မဟုတ်ပါ။ ပလတ်စတစ်ဘောလုံး။ ဒီကနေ့ ခေတ်လို ဘောလုံးကောင်းကောင်းတွေ မရှိသေးပါ။ ဘောလုံးကန်ရင်း ကျွန်တော်တို့ ဘောလုံး ကွဲသွားတယ်။ ဘောလုံးဝယ်ဖို့ ပိုက်ဆံအဆင်သင့် မရှိကြဘူး။ ဒီတော့ ကျွန်တော့်သူငယ်ချင်းကို ကျွန်တော်က ပြောမိတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ကောင် ... ငါတို့ ဘောလုံးတစ်လုံးလောက် ဒီအချိန်မှာ ရရင် သိပ်ကောင်းမှာကွ"

သူကလည်း ဘာမှမပြောဘဲ သူတို့နေတဲ့ တဲအစုတ်လေးထဲကို ဝင်သွားတယ်။ ပြီးတော့ ...မျိုးမြင့်ရုပ်ရှင်ရဲ့ အနောက်ပေါက်ကို ပြေးသွားတယ်။ ကျွန်တော့်ကိုလည်း လိုက်ခဲ့ဖို့ သူက ခေါ်တယ်။ ကျွန်တော်လည်း သူပြေးတဲ့နောက်ကို လိုက်ခဲ့မိတယ်။ မျိုးမြင့်ရုပ်ရှင်ရဲ့ အနောက်ပေါက်မှာ ကိုတင်ဝင်းကုန်စုံဆိုင် ရှိတယ်။ သူက အဲဒီကုန်စုံဆိုင်ကိုသွားပြီး ဘောလုံးတစ်လုံး ဝယ်လိုက်တယ်။ ပိုက်ဆံပေးလိုက်တယ်။ ပြီးတော့ အဲဒီဘောလုံးကိုပဲ မြေပြင်ပေါ်မှာ လှိမ့်ပြီး ကန်လိုက်ပြေးလိုက်နဲ့၊ ဘုရားနီဘုရားထဲကို ကျွန်တော်တို့ (၂)ယောက် ပြန်ခဲ့ကြတယ်။ သူ့ကြောင့် ကျွန်တော်တို့ ဆက်ပြီး ဘောလုံးကစားခွင့် ရခဲ့တယ်။

ဘောလုံးကစားပွဲပြီးတော့ သူနဲ့ကျွန်တော် စကားပြောဖြစ်တယ်။

"မင်းက သူတောင်းစားလို့သာ ပြောတာ၊ ငါတို့ထက် ပိုက်ဆံရှိနေပါလားကွ"

"အဲဒါတော့ ငါ မသိဘူး။ မင်းတို့ ဘောလုံးကန်ချင်တယ်ဆိုလို့ ငါက ဝယ်ပေးတာ"

"ငါမသိလို့ မေးရဦးမယ်၊ မင်းအဖေနဲ့ အမေ ဘယ်အချိန်အလုပ်သွားလဲ"

"မနက် (၁၀)နာရီလောက် သွားတယ် ထင်တာပဲ"

"ညနေကျရင်ကော..."

"ညနေ (၃)နာရီလောက်ဆိုရင် ပြန်လာကြတာပဲ"

"ဟုတ်လှချေလားကွ၊ ဒါနဲ့ နေပါဦး၊ ပိုက်ဆံဘယ်လောက်ရခဲ့သလဲ"

"ဒါတော့ ငါလည်း တိတိကျကျ မသိဘူး။ (၁၀)၊ (၁၅)ကျပ်လောက်တော့ ရမယ်ထင်တယ်"

"ဟုတ်ပါ့မလားကွ"

"ဟုတ်နိုင်တယ်ကွ၊ ငါတို့စုထားတဲ့ ပိုက်ဆံတွေ အများကြီးပဲ"

"ဒါဆိုရင် မင်းတို့မိသားစုဝင်ငွေက တစ်လကို (၃၀၀)ကျပ်လောက် ရှိမှာပေါ့"

"အေး... အဲဒီလောက်တော့ ရှိနိုင်တယ်ကွ"

အဲဒီအချိန်တုန်းက ကျွန်တော့်အသက်က (၁၁)နှစ်အရွယ်ရှိပြီး လွန်ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com

နှစ်ပေါင်း (၄၀)နီးပါးကပေါ့။

ဒီလိုနဲ့ ကျွန်တော် အိမ်ကို ပြန်ရောက်တဲ့အခါ စိတ်ထဲမှာ တစ်ခုခုကို မကျေမနပ်ဖြစ်နေသလို ခံစားရတယ်။

ကျွန်တော့်ခံစားချက်ကို အမေ့ရဲ့ အဖေဖြစ်တဲ့ ကျွန်တော့် ဘိုးဘိုးကို ရင်ဖွင့်မိတယ်။

"ဘိုးဘိုး... ကျွန်တော့်ရဲ့ အဖေက လခ ဘယ်လောက်ရသလဲဗျ"

"ဟေ... မင်းမေးခွန်းက အထူးအဆန်းပါလား"

"ကျွန်တော် သိချင်လို့ဗျ"

"တစ်လကို (၁၈၅)ကျပ် ရသပေါ့ မြေးရ"

"ဟုတ်လား ဘိုးဘိုး။ ဒါဆိုရင် သားဖေဖေအလုပ်က မနိပ်လှပါဘူး"

"ဘာ မနိပ်တာလဲကွ"

"ဘိုးဘိုး... ဘာသိလဲ၊ ဘုရားနီဘုရားထဲမှာ ကျွန်တော့်သူငယ်ချင်း 'အေး'ကို'ဆိုတာ ရှိတယ်။ သူနဲ့ကျွန်တော်က အတန်း အတူတူပဲဗျ။ သူက ဘောလုံး အကန်ကောင်းတယ်"

"ဘာဆိုင်လို့လဲ၊ ဘာတွေ ပြောနေတာလဲ မြေးရ"

"ဆိုင်တယ် ဘိုးဘိုးရ၊ သူ့အဖေနဲ့အမေက သူတောင်းစား လုပ်စားတယ်၊ နေမြင့်မှ အလုပ်ဆင်းရတယ်၊ အစောကြီး အိမ်ပြန်လို့ ရတယ်။ တစ်နေ့တစ်နေ့ ဝင်ငွေကလည်း မသေးလှဘူး။ (၁၀)လောက် ရတယ်ဆိုပဲ။ သားအဖေလုပ်တဲ့ ရုံးအုပ်စာရေးကြီး ဝင်ငွေထက် ဖြောင့်တာပေါ့ ဘိုးဘိုးရ"

ဘိုးဘိုးက မျက်မှောင်ကို ကြုတ်လိုက်တယ်။

"ဆက်ပြောစမ်းပါဦး မြေးရဲ့"

"သားသားကတော့ ကြီးရင် သူတောင်းစားပဲ လုပ်တော့မယ် ဘိုးဘိုးရယ်။ သူတို့က သားအဖေထက် ဝင်ငွေကောင်းတယ်ဗျ"

ကျွန်တော့်အဘိုးက မပြောမဆို မီးဖိုချောင်ထဲကို ဝင်သွားတယ်။ ပြီးတော့ ပြန်ထွက်လာတယ်။ သူ့လက်ထဲမှာ ကြိမ်တစ်ချောင်းကို ကိုင်လာတယ်။ ပြီးတော့ ကျွန်တော့်ကို မေးတယ်။

"ခုနက ပြောခဲ့တဲ့စကား ပြန်ပြောစမ်း"

ကျွန်တော်လည်း ကြောက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ပြန်ပြောစမ်းပါ မြေးရာ"

"ဘာလို့လဲ ဘိုးဘိုးရ"

"ပြောမှာသာ ပြောစမ်းပါ မြေးရာ"

ဘိုးဘိုးက ငေါက်ငေါက်ငမ်းငမ်းဖြင့် ကျွန်တော့်ကို အော်တယ်။ ငိုချင်စိတ်ပေါက်လာတယ်။ ငိုသံပါကြီးဖြင့် ကျွန်တော်က ဖြေလိုက်တယ်။

"သားသားက ကြီးရင် သူတောင်းစား လုပ်မယ်လို့ ပြောတာပါ... ဘိုးဘိုး"

ကျွန်တော့်စကားလည်း ဆုံးရော ကျွန်တော့်ကို သူ့လက်ထဲမှာ ကိုင်ထားတဲ့ ကြိမ်နဲ့ နှစ်ချက်၊ သုံးချက်လောက် စိတ်ရှိလက်ရှိ ရိုက်လိုက်ပါတော့တယ်။ တော်တော် နာတယ်ဗျ။ ဒါပေမဲ့ အသံထွက်ပြီး မငိုရဲဘူး။

"ဒီမယ်... ငါ့မြေး၊ အချောင်စိတ်မမွေးနဲ့။ သူများဆီက အလကားလိုချင်တဲ့ ကောင်ဟာ 'အလကားကောင်'ပဲ။ ငွေရရင် ပြီးရောဆိုတဲ့ နိမ့်ကျတဲ့စိတ် မင်းမှာရှိတာ ငါအံ့သြတယ်ကွာ။ မတရားလိုချင်တဲ့ကောင်ကို 'မတရားကောင်'လို့ ခေါ်တယ်၊ မှတ်ထား။ အလကားလိုချင်တဲ့ကောင်ကို 'အလကားကောင်'လို့ ခေါ်တယ်။ မင်းဟာ.... သူတောင်းစားလုပ်ပြီး ငွေရှာမယ့်ကောင်ဆိုတော့ အလကားကောင်၊ မတရားကောင်ပဲ"

နောက်ထပ် နှစ်ချက်၊ သုံးချက် ထပ်ရိုက်ပြန်တော့တယ်။ ဒီတစ်ခါတော့ ကျွန်တော် မငိုဘဲ မနေနိုင်ပါ၊ အသံပါကြီးဖြင့် ငိုချလိုက်ပါတော့တယ်။

"ဟီး... ဟီး... ဟီး... သားက မသိလို့ ပြောမိတာပါ ဘိုးဘိုးရယ်၊ နောက်တစ်ခါ မပြောတော့ပါဘူး"

"တိတ်... အလကားကောင်။ သူတောင်းစား လုပ်စားမတဲ့ကွာ၊ အံ့သြပါ့။ ဟင်း... ဟင်း... ဟင်း... အေး... မင်း ကြီးလာရင် ငါမရှိတော့ဘူး၊ ဒီအတွက် ငါ့မှတ်တမ်းထဲမှာ မင်း ကြီးလာရင် ဖတ်ဖို့ မင်းအတွက် ငါစာရေးထားခဲ့မယ်၊ မင်း ရှာပြီးဖတ်"

◆◆◆

ဘိုးဘိုးရဲ့ လက်ရေးဝိုင်းဝိုင်းနဲ့ ရေးထားတဲ့ စာလုံးတွေကို ကြည့်ရင်း ဘိုးဘိုးကို သတိရနေမိတယ်။ လွမ်းလည်း လွမ်းမိတယ်။

လင်းလွန်းခင်စောပေ

www.burmeseclassic.com

www.burmeseclassic.com

ဘိုးဘိုးရဲ့ မှတ်တမ်းထဲမှာ ကျွန်တော့်အတွက် ဒီလို ရေးထားပါတယ်။

'မြေး... ငဘုန်း'

မင်း... တော်တော် အောက်တန်းကျတဲ့အကောင်။

သူတောင်းစား လုပ်စားမတဲ့။

ဒီမယ် ငါ့မြေးရ၊ အလုပ်လုပ်တယ်ဆိုတာ ငွေရဖို့ တစ်ခုတည်းအတွက် မဟုတ်ဘူး။

မှန်ကန်တဲ့အလုပ်ကသာ ပျော်ရွှင်ခြင်းကို ဖြစ်စေတယ်။

ယုံကြည်မှုကို ဖြစ်စေတယ်။ ကိုယ့်သမိုင်းကိုလည်း ဖြစ်စေတယ်။

ကိုယ်ဘယ်လိုလူ ဖြစ်နေတယ်ဆိုတာ ကိုယ်လုပ်တဲ့အလုပ်ကို ကြည့်ပြီး လူတွေက သတ်မှတ်တယ်။

သမိုင်းက မှတ်တမ်းတင်တယ်။

ငွေချမ်းသာတိုင်း လူတွေက အထင်မကြီးတတ်ဘူးကွ။

မှတ်ထား၊ အလုပ်မရှိ... ဘဝမရှိ။

မှန်ကန်တဲ့အလုပ်က မှန်ကန်တဲ့ဘဝကို ဖြစ်စေတယ်။

ငွေရလိုမှုတစ်ခုတည်းနဲ့ ငွေမျက်နှာကိုကြည့်ပြီး အလုပ်လုပ်တယ်ဆိုတာ အချောင်သမားတွေရဲ့စိတ်။

အလကားကောင်တွေရဲ့စိတ်။ မတရားကောင်တွေရဲ့ စိတ်။

သောက်သုံးမကျတဲ့ကောင်တွေရဲ့ အလုပ်ကွ။

မန္တလေးတိုင်းမ်သတင်းစာ

■

www.burmeseclassic.com

www.burmeseclassic.com

ဘောလုံး

www.burmeseclassic.com

www.burmeseclassic.com

ကစားပွဲဆိုတာ
ကစားတာ တစ်ခုတည်း မဟုတ်ဘူးကွ။
လူဘဝတစ်လျှောက်လုံး ထားရမယ့်
စည်းကမ်းတွေ၊ စိတ်ဓာတ်တွေ၊ နည်းလမ်းတွေကို
တစ်ပါတည်း သင်ကြားပေးတယ်။
ကစားနည်းတိုင်းမှာ ရည်ရွယ်ချက် ရှိတယ်။
တစ်သင်းလုံး နိုင်ဖို့အတွက်
တစ်ယောက်တည်း တော်နေလို့ မဖြစ်ဘူး။
ကိုယ့်ကစားဖော်တွေကို
မယုံကြည်တဲ့စိတ်နဲ့ဆိုရင် ရှုံးဖို့ သေချာပြီ။
ရှုံးကြရတဲ့ပွဲတိုင်းဟာ
ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းပြီး
ကျန်တဲ့ကစားဖော်တွေကို မယုံကြည်မှုက စတာပဲ။

www.burmeseclassic.com

www.burmeseclassic.com

ခြင်းပွဲ

ဆောင်းတွင်းရောက်တော့ ကျောင်းသားဘဝတုန်းက ကစားပွဲများကို သတိရနေမိသည်။

ဒီဇင်ဘာ၊ ဇန်နဝါရီလများသည် အားကစားလဖြစ်သည်။ ကျွန်တော်တို့ ငယ်စဉ်တုန်းက လွတ်လပ်ရေးနေ့နှင့်အတူ ကစားပွဲများ ထည့်သွင်းတတ်သည်။ ကျွန်တော်သည် ဘာကိုမှ မည်မည်ရရ မကစားတတ်ပါ။ ကျွမ်းကျွမ်းကျင်ကျင် မရှိပါ။ သို့သော် အမည်စုံအောင် ဝင်ပြိုး ကစားလေ့ရှိသည်။

ဘောလုံးကန်လျှင် ဂိုးဖမ်းသည်။

ဘတ်စကက်ဘောကစားလျှင် ဝင်ပြိုး ရွှပ်သည်။

တေဘယ်လ်တင်းနစ်ရိုက်လျှင် ဘယ်တော့မှ မနိုင်တတ်။

ထို့အတူ ပိုက်ကျော်ခြင်း ကစားလျှင်လည်း အမြဲရှုံးတတ်ပါသည်။

ထိုသို့ ကစားရင်းနှင့်အတူ ကစားဖော်သူငယ်ချင်းများကိုလည်း အားပေးတတ်ပါသည်။ ကျွန်တော်တို့ကျောင်းတွင် လူအလွန်စည်သော ကစားပွဲများ ရှိသည်။ အခြားမဟုတ်ပါ။ မိန်းကလေးများ ဘောင်းဘီတိုဖြင့် ဘော်လီဘောကစားပွဲများ၊ ပိုက်ကျော်ခြင်းကစားပွဲများ၊ 'ဝိုင်းခြင်း' ခတ်ကစားပွဲများတွင် ယောကျ်ားလေးများ စုပြုံတိုးဝှေ့နေတတ်ပါသည်။ ကျွန်တော်ကတော့ ထိပ်ဆုံးကပေါ့။

♥♥♥

လင်းလွန်းခင်စောပေ

www.burmeseclassic.com

www.burmeseclassic.com

ထိုကစားပွဲ အသီးသီးတွင် အလွန် စိတ်ဝင်စားစရာကောင်းသည်မှာ 'ဝိုင်းခြင်း' ခတ်ကစားပွဲ ဖြစ်သည်။

ကျောင်းတွင် (၁၀)တန်း (၇)ခန်း ရှိသည်။ (၉)တန်း (၆)ခန်း ရှိသည်။ ထို (၁၃)ခန်းထဲမှ (၁)ခန်းလျှင် မိန်းကလေး(၅)ဦး 'ဝိုင်းခြင်း' ခတ်ကစားကြရသည်။ ဧရာဝတီခန်းမကြီးထဲတွင် ဖြစ်သည်။ တစ်ခါကစားလျှင် (၄၅)မိနစ် အချိန်ပေးသည်။ (၂)သင်း ပြိုင်ရသည်။ 'ခြင်း'ကို လူ(၅)ဦးထိလျှင် တစ်မှတ်ပေးသည်။ အလွန်မျော်စရာကောင်းသည်။ ကိုယ်တစ်ယောက်တည်း 'ခြင်း'ကို လုထား၍ မရ။

ကျွန်တော်သည် (၁၀)တန်း (စီ)အခန်းမှဖြစ်သည်။ ကျွန်တော်တို့အတန်းမှ 'နန်းစိန်ဦး'၊ 'နော်ဖဝါး'၊ 'ဘောက်ကျာ'၊ 'ခါးခါး'နှင့် 'သွယ်သွယ်'တို့ ကစားကြရသည်။ 'နန်းစိန်ဦး'သည် လားရှိုးမှ ရှမ်းအမျိုးသမီးဖြစ်သည်။ 'နော်ဖဝါး'သည် မြိုင်ကလေးမှ ကရင်အမျိုးသမီး ဖြစ်သည်။ 'ဘောက်ကျာ'သည် မြစ်ကြီးနားမှ ကချင်အမျိုးသမီး ဖြစ်သည်။ 'ခါးခါး'သည် ဖလမ်းမှ ချင်းအမျိုးသမီး ဖြစ်သည်။ 'သွယ်သွယ်'သည် ပြင်ဦးလွင်သူ မြန်မာ ဖြစ်သည်။

ထိုကစားပွဲတွင် ကျွန်တော်တို့ (၁၀)တန်း(စီ) ရှုံးပါလေတော့သည်။ အခြားအတန်းများသည် လူညီကြ၏။ 'ခြင်း'ကို အပြန်အလှန်ပေးပြီး ကစားကြ၏။ 'ခြင်း'ကို အပိုင်သိမ်းမထား၊ ထိန်းမထား၊ လုမထား။ ကျွန်တော်တို့ အတန်းထဲက (၅)ဦးစလုံးသည် 'ခြင်း'ခတ်ပညာ အလွန်တတ်ကြပါသည်။ လူတွေကလည်း ချောချော။ အသားကလည်း ဖြူဖြူ။ အရပ်ကလည်း ရှည်ရှည်။ ပေါင်တံကလည်း ဖွေးဖွေးဆိုတော့ အားပေးသူတွေ ဒုနဲ့ဒေးပေါ့။

'ခြင်း'ခတ် အလွန် တော်နေကြခြင်းကိုက ရှုံးရခြင်း၏ အဓိက အကြောင်းရင်း ဖြစ်သည်။

'သွယ်သွယ်'က သူ့ဆီ 'ခြင်း'ရောက်လာလျှင် သူများကို မပေးတော့။ သူတစ်ယောက်တည်း အလှပြပြီး အပိုင်စီးလေတော့သည်။ 'နန်းစိန်ဦး'က အော်ပြီး ပြောသည်။

"ဟဲ့... သွယ်သွယ်၊ နင်တစ်ယောက်တည်းချည်း အပိုင်စီးမထားနဲ့၊ ကျွန်တဲ့သူလည်း ပေးကစားဦး"

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါကျမှ ကြောက်အားလန့်အားဖြင့် ကစားဖော်တစ်ယောက်ကို ပေးလိုက်သည်။ ဒီတစ်ခါ 'ခြင်း'ရသွားသည်က 'ဘောက်ဂျာ' ဖြစ်သည်။ 'ဘောက်ဂျာ'ကလည်း 'ခြင်း'ကို ရလိုက်သည်နှင့် အလှပြလေတော့သည်။ နောက်ကစားဖော်ကို ပေးပြီး ကစားလိုစိတ် မရှိ။ ကျွန်တော်တို့က ဝိုင်းပြီးအော်ကြသည်။

"ဘောက်ဂျာ... ဘောက်ဂျာ... အလှပြမနေနဲ့ အမှတ်ရဖို့က အရေးကြီးတယ်။ နောက်တစ်ယောက်ကို ပေးကစား၊ ပေးလိုက်တော့လေ"

ထိုအခါကျမှ 'ခြင်း'က နောက်တစ်ဦးဆီသို့ ရောက်သွားရရှာသည်။

ဒီတစ်ခါ 'ခြင်း'ရသူက 'နော်ဖဝါး'။ 'နော်ဖဝါး'ကလည်း ထုံးစံအတိုင်း ဟန်ရေးပြနေပါသည်။

ဒီလိုနှင့် ကျွန်တော်တို့ (၁၀)တန်း (စီ) (၁)မှတ်ရရန် အချိန်အကြာကြီး ယူကြရပါသည်။ အခြားအတန်းများကမူ 'ခြင်း'ကို ထိန်းမထားဘဲ ကစားဖော် (၅)ဦးစလုံး 'ခြင်း'ကို ထိရန်အတွက် ယုံယုံကြည်ကြည်ဖြင့် ပေးသည်။ အချိန်တို အတွင်း (၅)ဦးစလုံး 'ခြင်း'ထိသဖြင့် (၁)မှတ် အလွယ်တကူ ရကြလေသည်။ ထို(၁)မှတ်နှုန်းဖြင့် အမှတ်များ ဒလဟော ထိုးတက်သွားပါသည်။

နောက်ဆုံးတော့ ကျွန်တော်တို့မှာ ဘောင်းဘီတိုတိုကို ဝတ်ပြီး အလှပြနေသော သူငယ်ချင်း (၅)ဦးကို အားမလိုအားမရဖြင့် အားပေးပြီး ကျေနပ်ခဲ့ကြရပါသည်။

♥♥♥

လွတ်လပ်ရေးပွဲအပြီး ကျောင်းပြန်အဖွင့်တွင် ကျောင်းအုပ်ဆရာကြီးမှ စုဝေးသဘင်၌ ကျွန်တော်တို့ (၁၀)တန်း(စီ)အကြောင်းကို စီကာပတ်ကုံး ပြောကြားလေတော့သည်။

"ဒီမယ်... မောင်တို့၊ မိတို့။ ပြီးခဲ့တဲ့ လွတ်လပ်ရေးအားကစားပြိုင်ပွဲမှာ

www.burmeseclassic.com

www.burmeseclassic.com

(၁၀)တန်း(ဒီ)က 'ဝိုင်းခြင်း' ခတ်တာ အမှတ် အများဆုံးရတယ်။ (၁၀)တန်း(စီ)က အမှတ်အနည်းဆုံးပဲ''

ကျွန်တော်တို့အတန်းကို အားလုံးက ဝိုင်းပြီး လှောင်ပြိုးပြိုးကြသည်။

''(၁၀)တန်း(ဒီ)က အမှတ်အများကြီး ရမှာပေါ့၊ သူတို့က 'ခြင်း' ကို အပိုင်စီးမထားဘူး တစ်ယောက်ကိုတစ်ယောက် ပေးပြီး ကစားတယ်။ (၅)ဦးစလုံး 'ခြင်း' ကို ခြေထောက်နဲ့ထိဖို့ ဝိုင်းပြီး ကူညီကြတယ်၊ ဒီတော့ နိုင်တာပေါ့ကွ''

ဘာမှမဆိုင်ဘဲ (၁၀)တန်း(ဒီ)က လက်ခုပ်ထပြီး တီးပါတော့သည်။ စိတ်ထဲတွင် အောင့်သက်သက်ဖြစ်သွားသည်။

''(၁၀)တန်း(စီ)ကတော့ကွာ... 'ခြင်း' ကလေး ကိုယ့်ခြေထောက်ထဲ ရောက်တာနဲ့ အပိုင်စီးပြီး အလှပြတော့တာပဲဟေ့။ ကျန်တဲ့ကစားဖော်တွေကို မယုံကြည်တဲ့သဘောလား၊ ကိုယ့်ကိုယ်တိုင်ပဲ အတွင်းကြီးနေသလား၊ ကိုယ်တော်တာ တတ်တာပဲ ကြွားချင်လို့လား မသိဘူး၊ နောက်ဆုံးတော့ ရှုံးတာပဲ မဟုတ်လား''

တစ်ကျောင်းလုံးက လက်ခုပ်တီးပြီး ကျွန်တော်တို့ (၁၀)တန်း(စီ)ကို သရော်ပါတော့သည်။

''ဟုတ်တယ်လေ၊ အားလုံးပဲ စဉ်းစားကြည့်၊ ကစားပွဲဆိုတာ ကစားတာ တစ်ခုတည်း မဟုတ်ဘူးကွ။ လူ့ဘဝတစ်လျှောက်လုံး ထားရမယ့် စည်းကမ်းတွေ၊ စိတ်ဓာတ်တွေ၊ နည်းလမ်းတွေကို တစ်ပါတည်း သင်ကြားပေးတယ်။ ကစားနည်း တိုင်းမှာ ရည်ရွယ်ချက်ရှိတယ်။ တစ်သင်းလုံးနိုင်ဖို့အတွက် တစ်ယောက်တည်း တော်နေလို့ မဖြစ်ဘူး။ ကိုယ့်ကစားဖော်တွေကို မယုံကြည်တဲ့စိတ်နဲ့ဆိုရင် ရှုံးဖို့ သေချာပြီ။ ရှုံးကြရတဲ့ပွဲတိုင်းဟာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းပြီး ကျန်တဲ့ ကစားဖော်တွေကို မယုံကြည်မှုက စတာပဲ။ အခုကြည့်စမ်း (၁၀)တန်း (စီ)ဆိုရင် 'ခြင်း' ခတ်တဲ့ပညာ ကျွမ်းကျင်ပါရဲ့။ လူတွေကလည်း လှပါရဲ့။ ချောပါရဲ့။ ဒါပေမဲ့ ရှုံးတယ်။ ရှုံးမှာပေါ့၊ တစ်သင်းလုံးနိုင်ဖို့ဆိုတဲ့ စိတ်ဓာတ်ထက် ကိုယ့်အစွမ်းအစနဲ့ ကိုယ့်အလှကို လူမြင်ဖို့ပဲ အားထားနေကြတာကိုး၊ ဘာပဲဖြစ်ဖြစ် ရှုံးတယ်''

အားလုံးက နောက်ထပ်တစ်ကြိမ် လက်ခုပ်တီးပြီး သရော်ပြန်ပါသည်။ ကျွန်တော်တို့တစ်တန်းလုံး ငြိမ်ပေးနေရသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒီနေ့က လွတ်လပ်ရေးပြီးတဲ့ နောက်တစ်နေ့ပဲ၊ မကြာခင်မှာ ဖေဖော်ဝါရီလ ရောက်မယ်၊ ပြည်ထောင်စုနေ့ကြီး လာတော့မယ်။ ဒီမယ် မှတ်ထားကြ၊ (၁၀)တန်း(စီ)လို စိတ်ဓာတ်မျိုးနဲ့ ပြည်ထောင်စုပွဲကို ကျင်းပလို့မရဘူးကွ၊ မှတ်ထား"

♥♥♥

ရှမ်းအမျိုးသမီး 'နှန်းစိန်ဦး'ကို လွမ်းပါသည်။

ကရင်အမျိုးသမီး 'နော်ဖဝါး'ကိုလည်း သတိရပါသည်။

ကချင်အမျိုးသမီး 'ဘောက်ဂျာ'ကိုတော့ မေ့မရပါ။

ချင်းအမျိုးသမီး 'ခါးခါး'ကိုလည်း တွေ့ချင်ပါသည်။

မြန်မာအမျိုးသမီး 'သွယ်သွယ်'ကတော့ အခုဆိုရင် အဲဒီကျောင်းမှာပဲ အထက်တန်းပြဆရာမကြီး ဖြစ်လို့ပေါ့။

မန္တလေးနေစဉ်သတင်းစာ

■

www.burmeseclassic.com

www.burmeseclassic.com

စွန့်ပုံတိုသူ



www.burmeseclassic.com

www.burmeseclassic.com

စွန့်လိုက်သူ



www.burmeseclassic.com

www.burmeseclassic.com

တချို့ ကလေးတွေက
ကြိုးပြတ်လာတဲ့စွန်ကိုပဲ
အာရုံရှိနေတာကြောင့်
လမ်းပေါ်မှာ သွားလာနေတဲ့
မော်တော်ကားတွေ၊ဆိုင်ကယ်တွေကို
ဂရုမပြုမိကြဘူး။
တချို့ ကလေးတွေများဆိုရင်
ကားနဲ့တိုက်မိမလို၊
ဆိုင်ကယ်နဲ့ချိတ်မိမလို
ဖြစ်သွားကြတယ်။
ကလေးတွေက ဂရုမစိုက်ပါဘူး။
သူတို့စိတ်ထဲမှာ၊သူတို့အာရုံထဲမှာ
အန္တရာယ်ဆိုတဲ့ အသိထက်
ကြိုးပြတ်လာတဲ့ စွန်တစ်ခုရဖို့
ပိုပြီး အရေးကြီးနေတယ်လေ။

www.burmeseclassic.com

www.burmeseclassic.com

စွန်လိုက်သူ

ဒီနှစ် နွေရာသီမှာ အမေ တရားစခန်း ဝင်ချင်တယ်တဲ့။ ဆရာကြီး ဦးဂိုအင်ကာရဲ့ တရားပတ်နဲ့လည်း ကြုံတယ်။ တရားစခန်းက ဗောဓိကုန်းမှာ ရှိတယ်။ အဲဒါကြောင့် အမေ့ကို တရားစခန်းဝင်တဲ့နေ့က ကျွန်တော်တို့မိသားစု လိုက်ပို့ပေးကြတယ်။

ကားပေါ်မှာ အမေ့အတွက် အိပ်ရာလိပ်တွေ တင်တယ်။ အဝတ်အစား တချို့ကို အိတ်ထဲ ထည့်တယ်။ လက်နှိပ်ဓာတ်မီးလည်း ပါမှဖြစ်မယ်။ အမေက တရားစခန်းဝင်နေကျဆိုတော့ အေးအေးဆေးဆေးပါပဲ။ ကျွန်တော်တို့ သားသမီးတွေကသာ အမေ့အတွက် စိတ်ပူနေကြတာ။

"ငါ့သား… အမေ့ကို စောစောလေး လိုက်ပို့။ ပစ္စည်းတွေအများကြီး ထည့်မပေးပါနဲ့။ တရားစခန်း သွားတာလေ၊ ပျော်ပွဲစား ထွက်တာမှ မဟုတ်ဘဲ။ မရှိမဖြစ် ပစ္စည်းလောက်ဆိုရင် တော်ပါပြီ။ စာရင်းသွင်းတဲ့ နေရာမှာ လူတွေများနေရင် ငါ့သားတို့ အလုပ်ရှုပ်မှာ စိုးလို့၊ နေမပူခင် ထွက်ရအောင်နော်"

ကျွန်တော့်အမေက ဝိရိယကောင်းတယ်။

"ဟယ်… ငါ့သားရယ်၊ အိပ်ရာလိပ်ကြီးကလည်း ကြီးလိုက်တာ၊ အဲဒီလောက်ကြီး မလိုဘူးကွဲ့"

"အမေ ညအိပ်ရင် နောက်ကျောနာမှာ စိုးလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com

"သားရယ်၊ ရိပ်သာမှာ အိပ်ရာထူထူကြီးနဲ့ မတင့်တယ်ပါဘူးကွယ်။ တရားအားထုတ်ဖို့ သွားတာလေ"

ဒီလိုနဲ့... အမေ့ကို ကျွန်တော်ကိုယ်တိုင် ကားမောင်းပြီး လိုက်ပို့ပေးပါတယ်။ နွေကျောင်းပိတ်ရက်ဆိုတော့ လမ်းပေါ်မှာ ဆော့ကစားနေတဲ့ ကလေးတွေ အများကြီးပါပဲ။

♥♥♥

တစ်နေရာရောက်တော့...

ကလေးတစ်သိုက် စွန့်လိုက်နေကြတယ်။ ဝါးလုံးထိပ်မှာ ဆူးခက်တွေ ချည်ထားတယ်။ ကြိုးပြတ်လာတဲ့ စွန့်နောက်ကို ကလေးတွေ စုပြုံပြီး လိုက်ကြတယ်။ တချို့ကလေးတွေက ကြိုးပြတ်လာတဲ့စွန့်ကိုပဲ အာရုံရှိနေတာကြောင့် လမ်းပေါ်မှာ သွားလာနေတဲ့ မော်တော်ကားတွေ၊ ဆိုင်ကယ်တွေကို ဂရုမပြုမိကြဘူး။ တချို့ကလေးတွေများဆိုရင် ကားနဲ့တိုက်မိမလို၊ ဆိုင်ကယ်နဲ့ ချိတ်မိမလို ဖြစ်သွားကြတယ်။ ကလေးတွေက ဂရုမစိုက်ပါဘူး။ သူတို့စိတ်ထဲမှာ၊ သူတို့အာရုံထဲမှာ အန္တရာယ်ဆိုတဲ့ အသိထက် ကြိုးပြတ်လာတဲ့စွန့်တစ်ခုရဖို့ ပိုပြီး အရေးကြီးနေတယ်လေ။

အဲဒီလို ကျွန်တော် တွေးနေစဉ်မှာ ကလေးတစ်သိုက် ကျွန်တော့်ကားရှေ့ တည့်တည့်ကို ရောက်လာတယ်။ သူတို့က ကျွန်တော့်ကားကို မမြင်ကြဘူး။ ဦးခေါင်းတွေအားလုံး ကောင်းကင်ကို မော့ကြည့်ကြတယ်။ ပါးစပ်ကလည်း 'လိုက်ဟေ့၊ လိုက်ဟေ့' လို့ အော်နေကြတယ်။ အော်ရင်းနဲ့ ပြေးနေကြတယ်။ တချို့ကတော့ 'ငါအရင်မိတာကွ' လို့ အော်ကြပြန်တယ်။ တချို့ကလေးတွေကတော့ ကြိုးပြတ်လာတဲ့စွန့်ကို 'ငါ အရင် မိတယ်၊ 'သူ အရင် မိတယ်' ဆိုပြီး ငြင်းခုံရန်ဖြစ်နေကြတယ်။

အဲဒီကလေးတွေကို မြင်တော့ ကျွန်တော်က-

"တော်တော်ဆိုးတဲ့ကလေးတွေ၊ ကိုယ့်အန္တရာယ်ကို ကိုယ်မမြင်ဘူး။ ဘာမှ တန်ဖိုးမရှိတဲ့ ဒီစွန့်နောက်ကို လိုက်နေကြတာ။ မိဘတွေကလည်း မဆုံးမကြဘူး။ စွန့်တစ်ခုနဲ့ လူအသက် ထည့်မတွက်ကြဘူး။ တော်တော်မိုက်မဲတဲ့ ကလေးတွေပဲ"

www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်မှာ အမေက ကျွန်တော့်ကို ကြည့်ပြီး-

"ကားကို သတိနဲ့မောင်းပါ သားရယ်။ ဘာမှအရေးမကြီးဘူး၊ ဖြည်းဖြည်းမောင်း"

ဒီလိုနဲ့၊ တစ်နေရာအရောက် စွန်လိုက်နေတဲ့ ကလေးတစ်သိုက်နဲ့ တွေ့ရပြန်တယ်။

"ဟော... ဟော... ပြေးလာပြီ၊ ပြေးလာပြီ၊ ကားရှေ့ကို ရောက်လာပြီ"

ကျွန်တော့်ကားကို သူတို့မမြင်ကြ။ ကြိုးပြတ်လာတဲ့ စွန်ကိုသာ အာရုံငြိနေကြတယ်။ ကျွန်တော်က ကားကို ရပ်ထားလိုက်တယ်။ ရပ်ထားတဲ့ကားကို သူတို့ ဝင်ပြီး တိုးကြတယ်။ ကားကိုလည်း ဂရုမစိုက်ဘူး။ စွန်နောက်ကို ဆက်ပြီး လိုက်ကြပြန်တယ်။

"တကယ့် မိမဆုံးမ၊ ဖမဆုံးမတွေကွာ။ မော်တော်ကားများ ဘာမှတ်နေကြလဲ မသိဘူး။ အသက်ဆိုတာ သေတတ်တယ်။ တော်တော်စဉ်းစားဉာဏ်နည်းတဲ့ ကလေးတွေ"

အဲဒီလို စွန်လိုက်တဲ့ကလေးတွေ လမ်းပေါ်မှာ အများကြီးရှိနေတာကို ကျော်ရင်း ဖြတ်ရင်းနဲ့ ကျွန်တော်တို့ မိသားစု ဗောဓိကုန်းမှာ ရှိတဲ့ ဦးဂိုအင်ကာရဲ့ တရားစခန်းကို ရောက်ခဲ့ကြတော့တယ်။ ကြိုဆိုနေရာချထားရေး ဓမ္မလုပ်သားတွေက အမှေကို ကူညီကြတယ်။ အမေက တရားပတ် ဝင်နေတဲ့အချိန်မှာ သူ့ကို လာမတွေ့ဖို့ ကျွန်တော်တို့ကို မှာလိုက်တယ်။ တရားပတ် ပြည့်တဲ့အချိန်မှသာ လာတွေ့ရမယ်လို့ တိတိကျကျ ပြောတယ်။

♥♥♥

အမေ တရားပတ်ပြည့်လို့ တရားစခန်းက ထွက်လာတယ်။ မနက် (၈)နာရီလောက်မှာ သွားပြီး ကြိုကြတယ်။ အမှေရဲ့မျက်နှာက အေးဆေးတည်ငြိမ်နေတယ်။ ကျွန်တော်တို့ကို ပြုံးပြတယ်။ အမေ နေကောင်းလားလို့ မေးတော့... ခေါင်းကိုပဲ ညိတ်ပြတယ်။ ကားပေါ်ကို ပစ္စည်းတွေ တင်ကြတယ်။ အမေက ကားရှေ့ခန်းမှာ ထိုင်တယ်။ ကျွန်တော်က ကားမောင်းတယ်။

လင်းလွန်းခင်စောဝေ

www.burmeseclassic.com

www.burmeseclassic.com

အလာတုန်းကလိုပါပဲ လမ်းပေါ်မှာ ကလေးတွေ စွန့်လိုက်နေကြတယ်။ ကလေးတချို့ အန္တရာယ်ကို မမြင်ဘဲ စွန့်နောက်ကို ဝရုန်းသုန်းကား လိုက်နေလိုက်ကြတာ။ အမေက စွန့်လိုက်နေတဲ့ ကလေးတွေကို ကြည့်ပြီး ကျွန်တော့်ကို စကားစပြောပါတယ်။

"ငါ့သား၊ ကလေးတွေကို ကြည့်လိုက်စမ်း၊ သူတို့ ကိုယ့်အန္တရာယ်ကို ကိုယ်မမြင်ဘဲ စွန့်လိုက်နေကြတယ်နော်"

"ဟုတ်တယ် အမေ၊ သူတို့မိဘတွေက မဆုံးမကြဘူးလား မသိပါဘူး။ ဒီ စွန့်အစုတ်အပြတ်တစ်ခုအတွက် အသက်အန္တရာယ်ကို မမြင်ဘဲ ပြေးလွှားနေလိုက်ကြတာ နေပူလို့ ပူမှန်းမသိ၊ ခြေပူလို့ ပူမှန်းမသိ"

"သားရယ်၊ သူတို့မိဘတွေက မဆုံးမကြဘူးလို့ သားက ပြောနေတာလား။ ဒါဆိုရင်... သားကိုလည်း အမေက ဆုံးမရလိမ့်မယ်"

"ဘာများလဲ အမေရယ်"

"သားလည်း စွန့်လိုက်နေတာပဲလေ"

"ဟုတ်လို့လား အမေ၊ ကျွန်တော် ဒီအရွယ်ကြီးနဲ့ စွန့်ဘယ်လိုလုပ်ပြီး လိုက်မှာလဲ အမေရဲ့"

"သား သတိမပြုမိလို့ပါ။ သူတို့ဟာ အန္တရာယ်ကိုမမြင်ဘဲ စွန့်နောက်ကို လိုက်နေကြတယ်၊ သားတို့ အမေတို့ကလည်း စွန့်လိုက်နေကြတာပဲလေ"

အမေ့စကားက ထူးဆန်းနေတယ်။ အမေ ဘာကို ဆိုလိုနေမှန်း ကျွန်တော်မသိဘူး။ အမေပြောတာကိုပဲ ကျွန်တော် နားစိုက်ပြီး ထောင်နေမိတယ်။

"ဒီမယ် ငါ့သား၊ ငါတို့တစ်တွေဟာ.... လူအဖြစ်ကို ရောက်လာပြီဆိုကတည်းက အရေးမပါတာတွေကို အရေးကြီးတယ် ထင်ပြီး အရေးတကြီး လုပ်နေကြတယ်။ မလုပ်သင့်တာတွေကို မလုပ်သင့်မှန်း မသိဘူး။ လုပ်သင့်တာတွေကိုလည်း လုပ်သင့်မှန်း မသိဘူး။ လောဘမကြီးသင့်တဲ့ ကိစ္စတွေမှာ လောဘကို ရှေ့တန်းတင်တယ်။ ကလေးတွေ စွန့်လိုက်နေသလိုပေါ့ကွယ်။ ကလေးတွေက ကျောင်းပိတ်ရက် ရောက်မှသာ စွန့်လိုက်နေကြတာပါ။ အမေတို့တစ်တွေက အချိန်တိုင်း စွန့်လိုက်နေကြတာ။ တန်ဖိုးမရှိတဲ့စွန့်လို့ မင်းက မြင်တယ်နော်။ အမေလည်း တရားစခန်းက ပြန်လာတော့မှ အမေတို့ လုပ်နေတဲ့ အလုပ်တွေ

www.burmeseclassic.com

www.burmeseclassic.com

အတွေးအခေါ်တွေ၊ လောဘ၊ ဒေါသ၊ မောဟတွေဟာ တန်ဖိုးမရှိတဲ့ စွန့်လိုပါပဲ… ငါ့သားရယ်။ ငါတို့ အဲဒီနောက်ကို လိုက်နေကြတာ အန္တရာယ်ကို မမြင်ဘူး၊ အပါယ်ကို မမြင်ဘူး၊ အကုသိုလ်ကို မမြင်ဘူး။ တစ်ခါတလေများ ဘာမဟုတ်တဲ့ စွန့်အစုတ်တစ်ခုအတွက် စကားများလိုက်ကြ၊ ရန်ဖြစ်လိုက်ကြနဲ့။ ကလေးတွေ လိုပဲ။ ငါတို့တစ်တွေဟာ တန်ဖိုးမဲ့တဲ့ အလုပ်တွေအတွက် စကားတွေ များနေကြတယ်၊ ရန်တွေ ဖြစ်နေကြတယ်၊ အငြိုးအတေးတွေ ထားနေကြတယ်၊ မုန်းနေကြတယ်”

အမေပြောမှ ကျွန်တော် တွေးမိတော့တယ်၊ ဟုတ်သားပဲ။

ကျွန်တော်တို့လည်း ကလေးတွေလို စွန်လိုက်နေသူတွေပဲ။

အမေက ဆက်ပြောတယ်။

“တရားက ပြောတယ်၊ လောကကြီးမှာ အရေးမကြီးတာတွေကို အရေးတကြီး လုပ်နေကြရင်းနဲ့ အရေးကြီးတဲ့အချိန်တွေ အားလုံး ကုန်ဆုံးခဲ့ရပြီ။ စွန့်နောက်ကို လိုက်နေတဲ့ ကလေးသူငယ်တွေလိုပဲ လောဘနောက်ကို ငါတို့လိုက်နေကြတယ်၊ ဒေါသနောက်ကို ငါတို့ လိုက်နေကြတယ်၊ မောဟနောက်ကို ငါတို့ လိုက်နေကြတယ်။ မတည်မြဲတဲ့ ပိုင်ဆိုင်မှုလေးတစ်ခုကို အပြန်အလှန် ကြားဝင်နေကြတယ်။ ဘာမှ တန်ဖိုးမရှိတဲ့ စည်းစိမ်၊ ဥစ္စာ၊ အာဏာ၊ ပါဝါကို တန်ဖိုးအကြီးကြီးလို့ ထင်ပြီး ဘဝင်မြင့်နေကြတယ်၊ မာနတွေ ထောင်နေကြတယ်။ ပြီးတော့ စကားများကြတယ်၊ ရန်ဖြစ်ကြတယ်။ အမေတော့ အသက် (၇၀)ကျော်ထိ စွန့်လိုက်ခဲ့မှန်း ဒီအရွယ်ရောက်မှ သတိပြုမိလာတယ်။ တရားစခန်းမှာ တရားထိုင်ရင်း ကလေးတွေ စွန့်လိုက်နေကြတာကို မျက်စိထဲမြင်လာတယ်။ ငါတို့လည်း စွန့်လိုက်နေသူတွေပဲလို့ တွေးမိ၊ မြင်မိလာတယ်”

အဲဒီအချိန်မှာ အမေက ကျွန်တော်ကို လှမ်းကြည့်လိုက်တယ်။

“ငါ့သားက ပြောတယ်နော်၊ စွန့်လိုက်နေတဲ့ ကလေးတွေကို သူတို့ရဲ့ မိဘတွေက မဆုံးမကြဘူးလားလို့။ အဲဒီစကားဟာ အမေက သားကို မဆုံးမဘူးလားလို့ ပြောလိုက်သလိုပဲ။ ကဲ… ငါ့သား၊ ဒီတော့ ငါ့သားလည်း ဒီကနေ့ကစပြီး စွန့်မလိုက်နဲ့တော့၊ အမေတို့လည်း စွန့်လိုက်တာတွေ ရပ်ကြစို့”

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ တန်ဖိုးမဲ့တဲ့ စွန့်နောက်ကို တကောက်ကောက် လိုက်နေကြတာ ကြာပြီကော။

တွေးကြည့်ကြရအောင်။

ရွှေမန္တလေးကျွန်ယ်

■

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သပိတ်ကျင်းမြို့လေးဟာ
မြို့ကျဉ်းသလို မြစ်ကလည်း ကျဉ်းတယ်။
မြစ်ရေကလည်း နက်တယ်။
တောင်ကုန်းတွေနဲ့ မတ်စောက်နေတဲ့မြို့။
သဲကျောက်ပေါ်မှာ တည်ထားတဲ့မြို့။
ရပ်ရှင်ရုံမရှိ။ လူကူးမျဉ်းကျား မရှိ။
ရှုပ်ရှုပ်ထွေးထွေး လမ်းမများလည်း မရှိ။
ဒါပေမဲ့ .... ဘီယာဆိုင်တော့ ရှိတယ်။
ရုံးဝန်ထမ်းတွေ အနေများတဲ့မြို့မို့လို့လား မသိဘူး။
လက်ဖက်ရည်ဆိုင် ကောင်းကောင်းတွေတော့ ရှိသဗျ။

www.burmeseclassic.com

www.burmeseclassic.com

မသိ... မသာ

သပိတ်ကျင်းမြို့မှာ အလယ်တန်းကျောင်းသားဘဝနဲ့ ကျွန်တော် ကျောင်းနေခဲ့ဖူးတယ်။ အဖေက ရုံးအုပ်စာရေးကြီးဆိုတော့ အဖေတာဝန်ကျတဲ့ မြို့တွေမှာ ကျွန်တော်တို့မိသားစုတွေ လိုက်ပြီး နေခဲ့ရတယ်။ ပြီးခဲ့တဲ့ အပတ်တုန်းက တူမတစ်ယောက်ရဲ့ မင်္ဂလာကိစ္စကြောင့် သပိတ်ကျင်းမြို့ကို ရောက်ခဲ့တယ်။

သပိတ်ကျင်းမြို့ဆိုတာ ရွာကြီးသာသာလောက်သာရှိတဲ့ မြို့ငယ်လေးတစ်မြို့ပါ။ ဟိုအရင်တုန်းကတော့ သဘော်ကြီးတွေ ဆိုက်ကပ်တဲ့ ဆိပ်ကမ်းမြို့လေးပေါ့။ တစ်ချိန်တုန်းက မိုးကုတ်ကို သွားချင်သူတိုင်း သပိတ်ကျင်းကတစ်ဆင့် သွားရတယ်။ အခုတော့ မန္တလေး-မိုးကုတ် ကားလမ်းတွေ ရှိနေပြီ။ သပိတ်ကျင်းမြို့ဟာ တဖြည်းဖြည်းနဲ့ ခြောက်သွေ့လို့လာတယ်။ ဒါပေမဲ့ သပိတ်ကျင်းမြို့ကိုတော့ အထင်မသေးလိုက်ပါနဲ့။ မိုးကုတ်ဆရာတော်ဘုရားကြီး မိုးကုတ်မြို့ကိုသွားတိုင်း ဟောဒီ သပိတ်ကျင်းမြို့ဆိုတဲ့ ရွာသာသာမြို့လေးမှာ သီတင်းသုံးနေထိုင်ခဲ့ဖူးတယ်။ တန်ဖိုးအလွန်ကြီးတဲ့ ပတ္တမြားတွေ၊ နီလာတွေ ဒီမြို့ကနေတစ်ဆင့် ကမ္ဘာကို ရောက်သွားခဲ့ဖူးတယ်။ သပိတ်ကျင်းမြို့လေးဟာ မြို့ကျဉ်းသလို မြစ်ကလည်း ကျဉ်းတယ်။ မြစ်ရေကလည်း နက်တယ်။ တောင်ကုန်းတွေနဲ့ မတ်စောက်နေတဲ့မြို့။ သဲကျောက်ပေါ်မှာ တည်ထားတဲ့မြို့။ ရုပ်ရှင်ရုံမရှိ။ လူကူးမျဉ်းကျား မရှိ။

www.burmeseclassic.com

www.burmeseclassic.com

ရှုပ်ရှုပ်ထွေးထွေး လမ်းမများလည်း မရှိ။ ဒါပေမဲ့.... ဘီယာဆိုင်တော့ ရှိတယ်။ ရုံးဝန်ထမ်းတွေ အနေများတဲ့မြို့မို့လို့လား မသိဘူး၊ လက်ဖက်ရည်ဆိုင် ကောင်းကောင်းတွေတော့ ရှိသဗျ။

သပိတ်ကျင်းမြို့ကို ရောက်တော့ ငယ်ငယ်တုန်းက ကျွန်တော့်ရဲ့ ကျောင်းအုပ်ဆရာကြီးဖြစ်တဲ့ ဆရာကြီး ဦးဘသိန်းဆီကို ဝင်ပြီး နှုတ်ဆက်တယ်၊ ကန်တော့တယ်။

ဆရာကြီးဆီကိုရောက်တော့ ညနေ (၃)နာရီကျော်ပြီ။ ဆရာကြီးက ဆိပ်ကမ်းအရပ်မှာ နေတယ်။ ရေးဟောင်းနှောင်းဖြစ်တွေ ပြောဖြစ်ကြတယ်။ ဆရာကြီးက အင်္ဂလိပ်စာ သိပ်ကောင်းတယ်။ အင်္ဂလိပ်လိုလည်း အရမ်းပြောတယ်။ ကျွန်တော့်ကို ဒီအရွယ်မှာ ကျန်းမာရေးက အဓိကလို့လည်း ဆုံးမတယ်။

ကျွန်တော် တို့ ဆရာတပည့် (၂)ယောက် စကားပြောနေရင်း အဝေးက ကြေးစည်သံ ကြားရ တယ်။ ဆရာကြီးက ပြောတယ်။

"တို့မြို့က ကျဉ်းကျဉ်းလေးကွ၊ မနက်အစောကြီး ကြေးစည်သံကြားရရင် တောင်ပေါ်ကျောင်းက ရဟန်းသံဃာတော်တွေ အရဏ်ဆွမ်း ဘုဉ်းပေးတာကွ။ နေ့လယ်ပိုင်းမှာ ကြေးစည်သံကြားရရင်တော့ နေ့ဆွမ်းပေါ့ကွာ။ ဒီလိုညနေပိုင်းမှာ ကြေးစည်သံ ကြားရရင်တော့ 'အသုဘ'ပေ့ါ။ တို့အရပ်မှာ နာရေးတို့၊ အသုဘတို့ကို 'ကိစ္စ'လို့ ခေါ်တယ်ကွ"

ဆရာကြီးက ဒေသဆိုင်ရာ စကားတွေနဲ့ ကျွန်တော့်ကို ဗဟုသုတတွေ ပေးနေပါတယ်။ အနားမှာထိုင်နေတဲ့ သူ့ရဲ့မြေးကို ဒီလို ပြောလိုက်တယ်။

"ဒီမယ်... ငါ့မြေး၊ အဲဒီ 'ကိစ္စ'ကို သွားကြည့်စမ်း၊ ဘယ်အရပ်ကလဲ"

ဆရာကြီးနဲ့ ကျွန်တော်တို့ စကားပြောနေတဲ့အချိန်မှာပဲ ဆရာကြီးရဲ့ မြေးလေး ပြန်ရောက်လာတယ်။

"ဘဘရေ မှန်သာရပ်ထဲက 'အသုဘ'ဗျ၊ 'ကိစ္စ'ဗျ"

"ယောကျ်ားလား၊ မိန်းမလားကွ"

"ဘဘ... ကျွန်တော် မသိခဲ့ဘူးဗျ"

"ပြန်သွားကြည့်စမ်းကွာ"

မကြာခင်မှာ ဆရာကြီးရဲ့ မြေးလေး ပြန်လာပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"အခု 'ကိစ္စ'က ယောကျ်ားလေးဗျ၊ အမျိုးသားဗျ"

"အသက်ဘယ်လောက်ရှိပြီလဲ၊ နာမည်ဘယ်သူလဲ၊ ဘယ်သူ့သားလဲ၊ မင်း မမေးခဲ့ဘူးလား"

"မမေးခဲ့ရဘူးဗျ"

"ကဲ... ငါ့မြေး နောက်ထပ်ပြန်ပြီး သွားကြည့်ဦးကွာ"

ဆရာကြီးရဲ့ မြေးလေးက အဲဒီ 'အသုဘ' ရှိတဲ့နေရာကို အပြေးကလေး သွားသွားပြီး ကြည့်နေရရှာတယ်။

ဒါ့ကြောင့်... ကျွန်တော်က ဆရာကြီးကို စကားတစ်ခွန်း ပြောမိတယ်။

"ဆရာကြီးရဲ့ မြေးကလည်းဗျာ စစ်ကိုင်း ခွေးကြည့်ခိုင်းရတဲ့ အတိုင်းပါပဲလား"

အဲဒီအချိန်မှာ ဆရာကြီးက ကျွန်တော့်ကို စကားခပ်မာမာနဲ့ ဒီလိုပြောပါတော့တယ်။

"နေပါဦး... မောင်ဘုန်းရ၊ မင်းက ငါ့မြေးကို ညံ့တယ်လို့ ပြောချင်တာလား။ ငါ့မြေးက မညံ့ဘူးကွ၊ အခုသေတဲ့ 'အသုဘ' ကောင်က ညံ့တာ"

ဆရာကြီးရဲ့ စကားကြောင့် ကျွန်တော် တော်တော် အံ့သြသွားမိတယ်။

"ဘာလို့လဲ ဆရာကြီးရယ်"

"မင်းပဲ... စဉ်းစားကြည့်လေ၊ အခုသေတဲ့သူက သူတို့အရပ်ထဲမှာ ကလေကချေကောင်ပဲ ဖြစ်မယ်ထင်တယ်။ တကယ်လို့သာ လူသိများတဲ့သူ၊ အများအကျိုး သယ်ပိုးတဲ့သူဖြစ်ခဲ့ရင် သူ့'အသုဘ'ကို ဒီလောက်ထိ မေးနေစရာ မလိုဘူး၊ ပြေးကြည့်နေစရာ မလိုဘူး"

အဲဒီအချိန်မှာ ဆရာကြီးရဲ့ မြေးကလေးက ပြန်ရောက်လာပါတယ်။

"ကဲ... နားထောင်ကြ၊ ငါပြောမယ်။ ငါတို့က လူတွေကွ၊ ဒါပေမဲ့ လူဖြစ်ပြီး လူဖြစ်ကြောင်း သက်သေမပြတဲ့လူတွေက ဝိုများတယ်"

"လူဖြစ်ကြောင်း သက်သေပြတယ်ဆိုတာ ဘာလဲ ဆရာကြီးရယ်"

"အံ့သြပါ့ကွာ၊ လူတော်တော်များများဟာ လူမသိတဲ့ လူတွေများတယ်။ ဥပမာကွာ... ငါ့မြေးဆိုပါစို့၊ သူ့ကို ဒီအရပ်ထဲကပဲ သိကြတယ်၊ ဟိုဘက်အရပ်က မသိကြဘူး။ ငါ ဆိုပါစို့၊ ငါမြို့ကပဲ ငါ့ကို သိတယ်၊ တခြားမြို့က ငါ့ကို

www.burmeseclassic.com

www.burmeseclassic.com

မသိကြဘူး။ ဥပမာ… မင်း ဆိုပါစို့ကွာ၊ မင်းအသိုင်းအဝိုင်းကပဲ မင်းကို သိတယ်၊ ကျန်တဲ့ အသိုင်းအဝိုင်းက မင်းကို မသိကြဘူး။ တချို့ကျတော့ ကိုယ်နေတဲ့ မြို့၊ ကိုယ်နေတဲ့ နိုင်ငံကပဲ သိကြတယ်၊ တခြားနိုင်ငံတွေက မသိကြဘူး။ ဥပမာကွာ အိုဘားမားတို့၊ စီရောလ်နယ်ဒိုတို့၊ ဒေးဗစ်ဘက်ခမ်းတို့ ဆိုရင် တစ်ကမ္ဘာလုံးက သိကြတယ်။ အေး… အဲဒီလိုလူတွေ သေခဲ့ကြရင် တစ်ယောက်နဲ့တစ်ယောက် မတူကြဘူးကွ"

ဆရာကြီးရဲ့ စကားက အလွန်လေးနက်လွန်းပါတယ်။ ဆရာကြီးက သူ့ရဲ့စကားကို ဆက်ပြောတယ်။

"ငါ သေခဲ့ရင် ငါ့အကြောင်းကို ခဏလေးပဲ ပြောကြမယ်။ မင်းသေခဲ့ရင် မင်းအကြောင်းကို ခဏလေးပဲ မှတ်တမ်းတင်ကြမယ်။ အိုဘားမားတို့၊ စီရောလ်နယ်ဒိုတို့ သေခဲ့ရင်တော့ အုတ်အော်သောင်းနင်း မှတ်တမ်းတင်ကြလိမ့်မယ်။ 'မိုက်ကယ်လ်ဂျက်ဆင်' သေတုန်းက အုတ်အော်သောင်းနင်းဖြစ်ခဲ့တာ မင်းအသိပဲ။ ဒါပေမဲ့ မတူတာလည်း ရှိတယ်ကွ"

"ဘာများလဲ ဆရာကြီးရယ်"

"စီရောလ်နယ်ဒို သေရင် လချို့ပြီး မလွမ်းဘူးကွ။ အိုဘားမား သေရင်လည်း နှစ်ချို့ပြီး မလွမ်းဘူးကွ။ မိုးကုတ်ဆရာတော်ဘုရားကြီး 'ဦးဝိမလ' လည်း ပျံလွန်တော်မူခဲ့ပြီးပြီ။ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၊ မင်းကွန်းဆရာတော်ဘုရားကြီးတို့လည်း ပျံလွန်တော်မူခဲ့ပြီးပြီ။ အိုင်းစတိုင်းတို့၊ နယူတန်တို့လည်း သေခဲ့ပြီးပြီ။ ရှိတ်စပီးယားတို့၊ ရှင်မဟာရဋ္ဌသာရတို့လည်း သေခဲ့ပြီးပြီ။ ဦးပုညတို့၊ နန်းတော်ရှေ့ဆရာတင်တို့လည်း သေခဲ့ပြီးပြီ။ မြို့မငြိမ်းတို့၊ သိပ္ပံမောင်ဝတို့လည်း သေခဲ့ပြီးပြီ။ သူတို့လိုပုဂ္ဂိုလ်တွေ အများကြီးရှိတယ်။ သူတို့ကို နှစ်တွေ ရာချို့ပြီး လွမ်းကြမှာကွ။ လွမ်းနေကြဦးမှာ"

ဆရာကြီးက စကားပြောရင်း… မောလာတယ်နဲ့ တူပါတယ်။ ရေနွေးကြိမ်းကို သောက်လိုက်တယ်။

"ဒီမှာ ငါ့တပည့်… မောင်ဘုန်း၊ မှတ်ထား၊ ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးခဲ့တာ နှစ် (၆၀)ကျော်ပြီ၊ ဒီနေ့ထိ လွမ်းတုန်း။ 'ဦးသန့်' သေခဲ့တာလည်း နှစ် (၃၀)ကျော်ပြီ၊ ငါတို့ သူ့ကို သတိရနေတယ်။ မင်းကို ငါပြောမယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ပြောပါ ခင်ဗျ"

"မြန်မာစကားမှာ 'မသိ ....မသာ' ဆိုတာ မင်းကြားဖူးတယ် မဟုတ်လား"

"ကြားဖူးပါတယ် ဆရာကြီး"

"အဓိပ္ပာယ်နှစ်မျိုး ရှိတယ်ကွ၊ တစ်ခုကတော့... ဘာမှမသိတဲ့သူဟာ သူများထက် မသာဘူး၊ သူများထက်သာချင်ရင် သူများထက် သိအောင်ကြိုးစားလို့ ဆိုလိုတာ"

"နောက်တစ်မျိုးကကော ဆရာကြီးရယ်"

"နောက်တစ်မျိုးကတော့ကွာ၊ မင်းသေခဲ့ရင် 'လူမသိတဲ့ မသာ' တော့ မဖြစ်စေနဲ့လို့ ငါပြောတာပေ့"

"ဗျာ"

ရွှေမန္တလေးကျာနယ်

■

www.burmeseclassic.com

www.burmeseclassic.com

သင်္ဘောငှက်



www.burmeseclassic.com

www.burmeseclassic.com

သင်္ဘောငှက်



www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားကြည့်လေ။
သံတုံးဆိုတာ ရေထဲမှာ
"မြုပ်"ရမှာပေါ့။
သံတုံးက "လေး"တယ်လေ။
"လေး"တဲ့ပစ္စည်းက
ရေထဲမှာ "မြုပ်"ရမှာ
မဟုတ်ဘူးလားဖေဖေကြီးရဲ့။
အိမ်မှာဆိုရင်
ကျောက်ခဲတွေ၊
သံတုံးတွေ
ရေထဲမှာ "မြုပ်"နေတာ။

www.burmeseclassic.com

www.burmeseclassic.com

သခေါ်ပင်

ပြီးခဲ့တဲ့ ဒီဇင်ဘာ (၃)ရက်နေ့က ကျွန်တော့်သမီး 'ချစ်ပေါက်'ရဲ့ မွေးနေ့ဖြစ်တယ်။ 'ချစ်ပေါက်'ဆိုတာ ကျွန်တော့်သမီးအရင်းတော့ မဟုတ်ပါဘူး။ ကျွန်တော်က သားသမီး မရှိဘူး။ ကျွန်တော့်ရဲ့ ညီမကမွေးတဲ့ သမီးလေးပါ။ ကျွန်တော့် တူမလေးပေါ့။ သမီးလေးက (၅)နှစ်ပြည့်တယ်။ 'က'ကြီး၊ 'ခ'ခွေး ရေးတတ်၊ ဖတ်တတ်နေပြီ။ အဆော့လည်း သန်တယ်။ သောကြာသမီးဆိုတော့ စကားလည်း အလွန်များတယ်။ အမေးအမြန်းလည်း အရမ်းထူတယ်။ သမီးက အသားဖြူတယ်။ ချစ်စရာလည်း ကောင်းတယ်။ သမီးလေးရဲ့ မွေးနေ့မှာ ကျွန်တော်ရယ်၊ ကျွန်တော့်ရဲ့ ဇနီးရယ်၊ သမီးလေးရယ် ဆုတောင်းပြည့်ဘုရားကို သွားကြတယ်။

ဆုတောင်းပြည့်ဘုရားက မြို့လယ်ကောင်မှာ ရှိတယ်။ ဘုရားရဲ့ ပရိဝုဏ်ကလည်း ကျယ်ပြန့်တယ်။ သန့်ရှင်းတယ်။ ဘုရားမျက်နှာတော်ကလည်း ကြည်လင်နေတယ်။ ဘုရားထဲမှာ ကျွန်တော်တို့မိသားစု ပန်းတွေ၊ ဆီမီးတွေ ကပ်လှူကြတယ်။ ဆီမီးတွေ ထွန်းညှိပူဇော်ကြတယ်။ သမီးလေးက (၅)နှစ်သမီးဆိုပေမယ့် အရမ်းသွက်လက်တယ်။ အကင်းပါးတယ်။ ဘုရားရှေ့မှာ ဒူးကလေးတုပ်ပြီး လက်အုပ်ကလေးချီလို့ ဘုရားကို ရှိခိုးတယ်။ ပါးစပ်ကလည်း ရွတ်စရာစိန့် ဘာတွေ ရွတ်နေမှန်းတော့ မသိဘူး။

လင်းလွန်းခင်စောဝေ

www.burmeseclassic.com

www.burmeseclassic.com

ဘုရားဝတ်ပြုပြီးတော့ ကျွန်တော်တို့မိသားစု ဘုရားထဲမှာ လမ်းလျှောက်ကြတယ်။ လမ်းလျှောက်ရင်း ဘုရားရင်ပြင်တော်ပေါ်က နံရံပန်းချီကားတွေကို ကြည့်ကြ တယ်။ ပန်းချီကားတွေကို မြင်တော့ သမီးက မေးတော့တယ်။

"ဖေဖေကြီး...ဒါ ဘာတွေလဲ... ဟင်"

"ပန်းချီကားတွေပေါ့ သမီးရဲ့"

"ဘာတွေ ဆွဲထားတာလဲ ဖေဖေ"

"ဒီဘက်ကပုံတွေက အခုဖေဖေတို့ ကန်တော့ခဲ့တဲ့ ဘုရားကြီး ကြေးသွန်းထုလုပ်ခဲ့တဲ့ အကြောင်းကို ပန်းချီနဲ့ မှတ်တမ်းတင်ထားတာ သမီးရဲ့"

"ပန်းချီတွေက သိပ်လှတာပဲနော်၊ လက်နဲ့ဆွဲတာလား"

"လက်နဲ့ဆွဲတာပေါ့... သမီးရဲ့။ ဟိုး... ဘက်က ပန်းချီကားတွေက တော့ ဘုရားဖြစ်တော်စဉ် အစအဆုံးကို အနှစ်ချုပ်ပြီး မှတ်တမ်းပုံတွေ ရေးဆွဲထားတာ သမီးရဲ့"

"သမီးကို ရှင်းပြပါလား ဖေဖေကြီး"

"ဒီလိုသမီးရဲ့... မြတ်စွာဘုရားရဲ့ ငယ်နာမည်က 'သိဒ္ဓတ္ထ'လို့ ခေါ်တယ်။ ဘုရားဖွားတော်မူပြီး သူ့ရဲ့မယ်တော်က နတ်ရွာစံတယ်။ ဒီဘက်က ပုံတွေက တော့ လေးတော်တင်တဲ့ ပန်းချီကားတွေလေ။ ဒီပုံကတော့ ဘုရားတောထွက်တော်မူတဲ့ ပန်းချီကား သမီးရဲ့"

"တောထွက်တယ်ဆိုတာ ဘာလဲ ဖေဖေကြီး"

"သူလိုချင်တဲ့၊ သူသိချင်တဲ့ ပညာရပ်ကို သွားပြီးရှာတာပေါ့... သမီးရဲ့။ ဒီပန်းချီကားကတော့ အစာမစားဘဲ အလွန်အကြူး တရားအားထုတ်နေတဲ့ပုံ။။ ဟိုဘက်က ပန်းချီကားကတော့ ဘုရားအဖြစ် ရောက်တော်မူတဲ့ ပန်းချီကား... သမီးရဲ့။ ဒါကတော့ ဘုရားကို လာပြီး ပြုံင်ကြဆိုင်ကြ တိုက်ကြခိုက်ကြတာတွေကို ပန်းချီဆွဲပြီး သူရုပ်ဖော်ထားတာ"

သမီးက ငယ်သေးတော့ သမီးနားလည်အောင် အနှစ်ချုပ်ပြီး ရှင်းပြပေးနေရတယ်။ သမီးလေးက ပန်းချီကားတွေကို စိတ်ဝင်တစား ကြည့်နေရှာတယ်။ သမီးလေးကို အနုပညာတစ်ခုခု ဖန်တီးတတ်တဲ့သူ သိပ်ပြီးဖြစ်စေချင်တယ်။ အနုပညာသမားဆိုတာ 'ရဲရင့်ခြင်း'နဲ့ 'နူးညံ့ခြင်း'ကို အချိုးညီညီ ရောစပ်ထားတဲ့ ပညာရှင်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com

သမီးလေးကို သိစေချင်တယ်။ စာရေးဆရာမ ခပ်ငယ်ငယ်လေးတွေကို တွေ့ရင် စိတ်ထဲက လေးစားနေမိတယ်။ သမီးလေးက ဒီဘက်ခေတ်မှာ လူဖြစ်တာဆိုတော့ သူ့ရဲ့ အနာဂတ်ကို မတွေးရဲဘူး။ ကောင်းတဲ့ ပတ်ဝန်းကျင်တစ်ခု သူ့အတွက် ရွေးချယ်ပေးဖို့ အလွန်ရှားပါတယ်။ ဒါကြောင့် သမီးလေးကို ဒီအရွယ်ကတည်းက ယဉ်ကျေးအောင်၊ သိမ်မွေ့အောင် လေ့ကျင့်ပေးနေရတယ်။

တစ်နေရာရောက်တော့ သမီးလေးက မေးပြန်တယ်။

"ဖေဖေ၊ ဒီပန်းချီကားတွေကကော ဘာတွေ ဆွဲထားတာလဲဟင်"

"ဒါကတော့ ကောသလမင်းကြီးရဲ့ အိပ်မက်တွေကို ပန်းချီကားတွေနဲ့ သရုပ်ဖော်ထားတာ သမီးရဲ့"

"သမီးကို ရှင်းပြ"

"ဒီလိုသမီးရဲ့၊ ကောသလမင်းဆိုတာ သာဝတ္ထိတိုင်းပြည်ရဲ့ဘုရင်ကြီး။ သူက ဘုရားကို အရမ်းကြည်ညိုတာ။ သမီးနားလည်အောင် ပြောရရင် ဘုရားကို အရမ်းလေးစားတဲ့သူ၊ ချစ်တဲ့သူပေါ့ကွယ်။ တစ်နေ့တော့.... သူက အိပ်မက်မက်တယ်တဲ့။ အဲဒီအိပ်မက်က (၁၆)ချက်တောင် ရှိတယ်။ အဲဒီအိပ်မက်တွေကို အဓိပ္ပာယ်ဖော်ထားတဲ့ ပန်းချီကားတွေပေါ့"

"သမီး သိချင်တယ်၊ ပြောပြ"

"ဒီပန်းချီကားက 'အနားကြည်ပြီး အလယ်နောက်နေတဲ့ ရေပေါ့ကွယ်။ ဒီပန်းချီကားက နွားငယ်ငယ်လေးရဲ့ နို့ကို နွားအကြီးကြီးတွေက စို့နေတဲ့ပုံ"

သမီးက ပန်းချီပုံတွေကို တအံ့တသြ ကြည့်နေရှာတယ်။ သူရဲ့ မျက်လုံးထဲမှာ စိတ်ဝင်စားမှုအပြည့်နဲ့ပေါ့။ ဒီအရွယ်ကလေးနဲ့ ဒီလိုစိတ်ဝင်စားနေတာကို ကျွန်တော့်စိတ်ထဲမှာ ကျေနပ်နေမိတယ်။

"ဒီပုံကကော ဖေဖေကြီး"

"ဒီပန်းချီကားက 'သံတုံးတွေ ရေပေါ်မှာ ပေါ်ပြီး ဖော့တုံးတွေ ရေမြုပ်' နေတဲ့ပုံ"

"ဖေဖေကြီးရယ်၊ ပန်းချီကားကြီးကလည်း တစ်မျိုးကြီးပဲနော်၊ အဓိပ္ပာယ် မရှိပါဘူး"

"ဘာလို့လဲ သမီးရဲ့"

www.burmeseclassic.com

"စဉ်းစားကြည့်လေ။ သံတုံးဆိုတာ ရေထဲမှာ 'မြုပ်'ရမှာပေါ့။ သံတုံးက 'လေး'တယ်လေ။ 'လေး'တဲ့ပစ္စည်းက ရေထဲမှာ 'မြုပ်'ရမှာ မဟုတ်ဘူးလား... ဖေဖေကြီးရဲ့။ အိမ်မှာဆိုရင် ကျောက်ခဲတွေ၊ သံတုံးတွေ ရေထဲမှာ 'မြုပ်'နေတာ။ သမီးမြင်ဖူးတယ်"

"ဒီလိုသမီးရဲ့၊ ဒါက အိပ်မက်ကို အဓိပ္ပာယ်ဖော်ထားတဲ့ သဘောလေ"

"ဖေဖေ့ ပန်းချီကားက မဖြစ်နိုင်ပါဘူး၊ သံတုံးဆိုတာ ရေထဲမှာ'မြုပ်'ရမှာပဲ၊ ပန်းချီဆွဲတဲ့သူ မှားနေတာ"

သမီးလေးနားလည်အောင် ဘယ်လိုရှင်းပြရမလဲဗျာ။ ကလေးဆိုတော့ ကလေးလိုပဲ တွေးတာပေါ့။ သူမေးတာကို ကျွန်တော်က မဖြေတတ်လို့ မဟုတ်ပါဘူး။ ဒီအရွယ်ကလေးမှာ ဒီလောက်ထိ အတွေးပါတဲ့ စကားတွေ မပြောစေချင်ဘူး။ သူက နားမလည်လို့ ကျွန်တော့်ကို ထပ်ထပ်ပြီး မေးရင် ကျွန်တော်ကလည်း အဆင်ပြေအောင် ကြံဖန်ပြီး ပြောရတော့မယ်။ ဒါကြောင့် ကျွန်တော်က မသိမသာနဲ့ စကားလမ်းကြောင်းလွှဲလိုက်တယ်။

"ဖေဖေတို့ 'ဂရိတ်ဝေါ'မှာ သမီးအတွက် မွေးနေ့လက်ဆောင် သွားဝယ်ရဦးမယ်လေ သမီးရဲ့"

"ဟုတ်တယ်နော်... ဖေဖေကြီး၊ နောက်ကျနေဦးမယ်။ သမီးကို ဖိနပ်လှလှလေး ဝယ်ပေးရမယ်နော်။ ဒီနေ့က သမီးမွေးနေ့ဆိုတော့ ဖေဖေရော၊ မေမေရော သမီးကို လက်ဆောင်ဝယ်ပေးရမယ်"

"ဝယ်ပေးမှာပေါ့ သမီးရဲ့"

သမီးကို လက်ဆွဲပြီး ဘုရားပုရိဏ္ဏာထဲက လမ်းလျှောက်ပြီး ထွက်လာခဲ့တယ်။ ဘုရားရင်ပြင်တော်ရဲ့ ထောင့်တစ်နေရာအရောက် သင်္ဘောသီးတွေ သီးနေတဲ့ သင်္ဘောပင်တစ်ပင်ကို သမီးက မြင်ပြန်တယ်။ အဲဒီသင်္ဘောပင်ပေါ်က သင်္ဘောသီး အကြီးကြီးကွေကို လူတစ်ယောက်က ဝါးလုံးနဲ့ ထိုးချနေတယ်။ သမီးက ကလေးဆိုတော့ မေးပြန်တယ်။

"ဖေဖေကြီး၊ ဟိုမှာ ကြည့်ပါဦး။ သင်္ဘောသီး အကြီးကြီးတွေက အောက်မှာနော်၊ သင်္ဘောသီး သေးသေးလေးတွေက အပေါ်မှာနော်"

"ဘာဖြစ်လို့လဲ သမီးရဲ့"

www.burmeseclassic.com

www.burmeseclassic.com

"ကြီးတဲ့သင်္ဘောသီးက အောက်မှာနေရတယ်။ သေးတဲ့သင်္ဘောသီးက အပေါ်မှာနေရတယ်။ တစ်မျိုးကြီးပဲနော်"

သမီးပြောမှ ကျွန်တော်လည်း လှမ်းကြည့်ပြီး စဉ်းစားမိတော့တယ်။ ဟုတ်သားပဲ။ ကြီးတဲ့အသီးက အောက်ရောက်နေတာကိုး။

"သင်္ဘောသီးခူးတဲ့လူက သင်္ဘောသီးအကြီးကြီးတွေကို ဝါးလုံးနဲ့ ထိုးထိုး ချနေတယ် ဖေဖေကြီး"

"ဟုတ်တယ်လေ"

"သင်္ဘောသီး သေးသေးလေးတွေက ချိုတာလား၊ သင်္ဘောသီးအကြီးကြီး တွေက ချိုတာလား...ဟင်"

"သင်္ဘောသီးအကြီးကြီးတွေက ချိုတာပေါ့... သမီးရဲ့။ အောက်မှာ ရောက်နေတဲ့ သင်္ဘောသီးကြီးကြီးတွေက ရင့်နေတဲ့ မှည့်နေတဲ့ အရသာရှိတဲ့ သင်္ဘောသီးတွေပေါ့။ ဒါ့ကြောင့် အဲဒီသင်္ဘောသီးတွေကို ဝါးလုံးနဲ့ထိုးချတာပေါ့။ အပေါ်မှာရှိတဲ့ သင်္ဘောသီး သေးသေးလေးတွေက ခါးလည်း ခါးတယ်၊ စားလို့လည်း မကောင်းဘူး၊ အရသာလည်း မရှိဘူး"

"ဟင်... ဖေဖေကြီးကလည်း အပေါ်မှာနေတဲ့ အသီးက အပေါ်မှာနေပြီး မချိုဘူးလား"

"မဟုတ်ဘူး သမီးရဲ့၊ အပေါ်မှာရှိတိုင်း မချိုဘူး၊ အရသာ မရှိဘူး"

"ဟုတ်လား... ဖေဖေကြီး။ ဒါဆိုရင်... ဘာဖြစ်လို့ ချိုတဲ့အသီးက အပေါ်မှာ မရှိရတာလဲ၊ ဘာဖြစ်လို့ ခါးတဲ့အသီးက အပေါ်ကို ရောက်နေရတာလဲ၊ ဘာဖြစ်လို့ ကြီးတဲ့အသီးတွေက အပေါ်မှာ နေရာမရတာလဲ"

သမီးက အမေးအမြန်း အရမ်းထူတယ်။ သိချင်တာတွေ များနေတယ်။ စူးစမ်းနေတယ်။

သမီးအမေးကို ကျွန်တော် မဖြေရဲပါ။

ဟုတ်ပါတယ်လေ၊ သူက ကလေးဆိုတော့ ရဲရဲရင့်ရင့် တွေးရဲ၊ မေးရဲ၊ ပြောရဲတာပေါ့။

လင်းလွန်းဝင်စာပေ

www.burmeseclassic.com

စာဖတ်သူလည်း သဘော်သီးတွေ သီးနေတဲ့ သဘော်ပင်ကိုတွေ့တိုင်း ကျွန်တော့်သမီးမေးတဲ့ မေးခွန်းတွေရဲ့အဖြေကို တွေးကြည့်ကြရအောင်။ ဖြေကြည့်ကြရအောင်ဗျာ။

ရွှေမန္တလေးကျာနယ်

■

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သူတို့.နှစ်ယောက်က
ဗျားရင်လည်း အတူတူ။
နာရင်လည်း အတူတူ။
မနေ့ မနက်ကလေ ဒီနှစ်ယောက်
နာစေးတယ် ဆရာရဲ့။
အပြင်မှာလည်း နေပူနေတယ်။
သူတို့.က အဲယားကွန်းနဲ့.မှ အိပ်တယ်။
အအေးမိတယ်။
ဒါကြောင့် ဆေးခန်းသွားရတာ။
သူတို့. နေမကောင်းရင်
တစ်အိမ်လုံး ထမင်းမစားနိုင်ကြဘူး ဆရာရဲ့။

www.burmeseclassic.com

www.burmeseclassic.com

ခွေးမိသားစု

"ဝုတ်... ဝုတ်... ဝုတ်...၊ ဝုတ်... ဝုတ်... ဝုတ်..."

တိုက်ထဲတွင် လူကို မမြင်ရ။ ခွေးဟောင်သံကိုသာ ကြားနေရသည်။ အဖြူရောင် အမွေးစုတ်ဖွားဖွားဖြင့် ခွေးနှစ်ကောင်။ သံဘာဂျာ တံခါးနားသို့ ရောက်လာပြီး ကျွန်တော့်ကို ဟောင်သည်။ ကျွန်တော်က လျှပ်စစ်ဘဲလ် လူခေါ် ခေါင်းလောင်းကို နှိပ်လိုက်သည်။ ဘဲလ်သံမြည်၍ ခွေးနှစ်ကောင်က တဝုတ်ဝုတ်ဖြင့် ထိုးထိုးပြီး ဟောင်ကြပြန်လေသည်။ အကောင်သေးသလောက် တော်တော်အသံကျယ်တဲ့ ခွေးတွေပဲဟု စိတ်ထဲက ရေရွတ်မိလိုက်သည်။ ခွေးဟောင်သံကြား၍ အိမ်ထဲမှ ကလေးမတစ်ယောက် ထွက်လာသည်။

"ကြော်... ဆရာပါလား၊ ဝင်ပါဆရာ။ ဖေဖေ ရေချိုးနေတယ်ဆရာ၊ ခဏထိုင်ပါဦး"

ကျွန်တော့် သူငယ်ချင်းအိမ်သို့ စာမူတောင်းရန် ရောက်သွားခဲ့ခြင်း ဖြစ်သည်။ သူက စီးပွားရေးကောင်းသည်။ မြေအရောင်းအဝယ် လုပ်ရာတွင် စာချုပ်ချုပ်ပေးရသည့် နေရာ၌ သူမပါလျှင်မပြီး။ သူက အထက်တန်းရှေ့နေ။ စာပေကို ချစ်၍ စာရေးနေသူ ဖြစ်သည်။ အမှုအခင်း နောက်ခံဝတ္ထုတိုများ ရေးသည်။ အရေးကောင်းသည်။ ကျွန်တော်နှင့်သူက တက္ကသိုလ်တွင် အတူသွားအတူလာ ခင်မင်ခဲ့သော ငယ်သူငယ်ချင်း ဖြစ်သည်။

လင်းလွန်းခင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ကို ဟောင်သော ခွေးနှစ်ကောင်သည် ဆိုဖာဆက်တီခုံပေါ်သို့ ခုန်တက်လိုက်ကြသည်။ ပြီးနောက် ဟန်ပါပါဖြင့် လှဲပြီး အိပ်လိုက်ကြသည်။ ကျွန်တော့်ကို အကဲခတ်နေသည်။ ကျွန်တော့်လက်ထဲတွင် ပါလာသော ကိတ်မုန့်ထုပ်ကို တကြည့်ကြည့် လုပ်နေကြသည်။ ကျွန်တော်က ကိတ်မုန့်ထုပ်ကို ပေါင်ပေါ်တင်ပြီး လက်ဖြင့် ဖိထားလိုက်သည်။ တော်တော်နေရာယူတတ်ကြတဲ့ ခွေးနှစ်ကောင် ပါလားဟု မှတ်ချက်ချမိသည်။

"ဆန်းမီနဲ့ယွန်းမီ၊ ဆင်းစမ်း။ ဘာလဲ၊ ဧည့်သည်လာနေတယ်လေ၊ ကိုယ့်နေရာကိုယ်နေ"

အခုမှ သိရသည်။ ဒီခွေးနှစ်ကောင်က ကိုရီးယားမင်းသမီးနှစ်ယောက်ကိုးဗျ။ သခင့်စကားကို နားမထောင်ပါ။ ဆက်တီခုံပေါ်တွင် ငုတ်တုတ်ထထိုင်ပြီး အမြီးနှန့်ပြနေကြသည်။

"ဆရာ၊ ဒီသမီးနှစ်ယောက်က အရမ်းလိမ္မာတာပဲဆရာ။ တစ်ယောက်ကို တစ်သိန်းပေးရတယ်"

စိတ်ထဲမှာ ဘုရားတမိသည်။ ခွေးကို လူလို ဆက်ဆံနေသည်။ 'အကောင်' ဆိုတဲ့ နာမ်စားကိုမသုံးဘဲ 'ယောက်'ဆိုတဲ့ နာမ်စားကို သုံးသည်။ အံ့သြပါ့။ တစ်ကောင်ကို တစ်သိန်း ဆိုပါ့လား။

"သူတို့က လူတွေကို မကိုက်ဘူးဆရာရဲ့၊ ဟောင်ရုံပဲ ဟောင်တတ်တာ။ ဟောင်တာကလည်း ချစ်စရာသိပ်ကောင်းတယ်၊ အသံလေးက ချိုချိုလေးဆရာရဲ့။ ဒီသမီးနှစ်ယောက်ရှိတော့ သူတို့အသံကြောင့် အိမ်ကို လူမကပ်ရဲဘူး၊ တစ်အိမ်လုံးရဲ့ ဆည်းလည်းလေးတွေလေ။ ဆန်းမီက အကြီးမ၊ ယွန်းမီက အငယ်မ ဆရာရဲ့။ သူတို့ကို ယောကျ်ား ပေးစားရဦးမယ်၊ သူတို့နဲ့တန်တဲ့ ယောကျ်ားက မတွေ့သေးပါဘူး"

ကျွန်တော့်ကို လာပြီးကြိုသော သမီးလေးက သူ့ခွေးနှစ်ကောင်ကို အမွှန်းတင်ရင်း ခွေးနှင့်အတူ ဆက်တီခုံပေါ်တွင် ထိုင်လိုက်သည်။ ခွေးနှစ်ကောင်ကလည်း ပွတ်သီးပွတ်သပ်ဖြင့် ကယုကယင် လုပ်နေလေသည်။ ကျွန်တော့်မျက်စိထဲတွင်တော့ လမ်းဘေးက ခွေးတွေလောက် အသုံးမဝင်ဘူး ထင်တာပါပဲ။ လူတွေအပေါ် ဗိုလ်ကျနေသည့်ခွေးတွေဟု ထင်မိသည်။

လင်းလွန်းခင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဆရာ၊ ဖေဖေက ခဏနေရင် ဆင်းလာလိမ့်မယ်ဆရာ။ ဆရာ့အတွက် သမီး အအေးသွားပြီး ဖျော်လိုက်ဦးမယ်"

ခွေးနှစ်ကောင်က မီးဖိုခန်းထဲသို့ လိုက်မသွားပါ။ ကျွန်တော့်ကိုသာ မယုံသင်္ကာမျက်လုံးဖြင့် အဝေးမှ စောင့်ကြည့်နေလေသည်။ ကျွန်တော်ကလည်း ခွေးနှစ်ကောင်ကို မျက်စောင်းထိုးပြီး ကြည့်လိုက်သည်။ ခွေးစကားဖြင့် ဒီနှစ်ကောင်ကို ရန်ထောင်ပစ်လိုက်မည်ဟု ကြံစည်မိသည်။ ခွေးစကားတတ်ရင် ကောင်းမည်။ ခွေးစကားကလည်း မတတ်။

ထိုအချိန်တွင် ကျွန်တော့်ထူးငယ်ချင်း အိမ်အပေါ်ထပ်မှ ဆင်းလာလေသည်။

"ကိုဘုန်းရေ၊ ငါ ရေချိုးနေလို့ကွာ၊ ဆောရီးပဲ"

သူသခင်ဆင်းလာတာလည်း မြင်ရော ခွေးနှစ်ကောင်သည် လှေကားပေါ်သို့ အပြေးအလွှားတက်သွားပြီး သခင်ကို ကြိုကြလေတော့သည်။ တော်တော်ညာစားတတ်တဲ့ ခွေးနှစ်ကောင်ပဲဟု တွေးလိုက်မိသည်။

"ဒီနှစ်ယောက်က သိပ်ချစ်စရာကောင်းတာကွ။ တစ်အိမ်လုံးက ချစ်ကြတယ်။ မျက်စိအောက်က အပျောက်ကို မခံနိုင်အောင် ချစ်ကြတယ်။ သူတို့ကလည်း သိတတ်တယ်ကွ။ ကြည့်ပါလား၊ ငါအိမ်အပေါ်ထပ်က ဆင်းလာတာကို လာပြီးကြိုတယ်ကွာ။ အေး… ဒီလိုပဲ၊ ငါအပြင်က ပြန်လာပြီဆိုရင်လည်း ဒီနှစ်ယောက်က လူတွေထက် အရင် ဦးအောင်ကြိုတယ်ကွာ"

ထိုအချိန်တွင် အအေးဖန်ခွက်ယူလာသော သမီးက ဝင်၍ 'ခွေးချီးမွမ်းခန်း' ဖွင့်လေသည်။

"ဟုတ်တယ်ဆရာရေ၊ ဆန်းမီ အကြီးမက မနက်မနက်ဆိုရင် နှာနီချိုချိုအေးအေးလေး တိုက်ရတယ်။ ယွန်းမီ အငယ်မက အကြီးမနဲ့ မတူဘူး။ သူ့အတွက် နို့ထမင်းကျိုပြီး သကြားရည်အေးအေးနဲ့ တိုက်ရတယ်။ သူတို့ကို တစ်နေ့နှစ်ခါ ရေချိုးပေးရတယ်ဆရာ။ ရေချိုးရင်လည်း ခွေးဆပ်ပြာရည်နဲ့ ပွတ်တိုက်ပေးရတယ်၊ သန့်ရှင်းပေးရတယ်။ ဟောဒီမှာကြည့် ဆရာ"

ခွေးနှစ်ကောင်၏ အမွေးများကို လက်ဖြင့်ကိုင်ပြီး ပြောလေသည်။ သူတို့ပို့ မရွံမရှာဗျာ။

"အမွေးလေးတွေကိုက ငွေရောင်လေးတွေ တောက်နေတယ်။ ရေချိုး

www.burmeseclassic.com

www.burmeseclassic.com

ပေးရင် သူတို့က သိပ်ပျော်တယ်ဆရာရဲ့။ ရေချိုးပြီးရင် သူတို့အမွေးတွေကို ခြောက်အောင် လေမှုတ်စက်နဲ့ မှုတ်ပေးရသေးတယ်။ ဟောဒီ 'ဘီး'က လူဖြီးတဲ့ 'ဘီး' မဟုတ်ဘူး ဆရာ၊ ခွေးဖြီးတဲ့ 'ဘီး'။ သတ်သတ်ဝယ်ပေးထားရတာ၊ လူဖြီးတဲ့ ဘီးထက် ဈေးကြီးတယ်ဆရာ''

ကျွန်တော့်စိတ်ထဲတွင် ဘုရားတ,လိုက်မိသည်။

ဘုရား... ဘုရား...။ ကျွန်တော်က သူ့လက်ထဲတွင် ကိုင်ထားသော ဘီးကို လူဖြီးတဲ့ဘီး မှတ်နေတာ။

''ဟုတ်တယ်... ကိုဘုန်းရေ။ ဒီနှစ်ယောက်က သိပ်ပြီးကြီးကျယ်တာကွ။ တော်ရုံတန်ရုံ အစားအစာဆို မစားဘူး။ ငါတို့စားလို့ ကျန်တဲ့ထမင်းဟင်းကို ချက်ချင်းတောင် မစားဘူး။ သူတို့အတွက် အစားအစာကိုလည်း သတ်သတ်ဝယ်ပြီး ကျွေးရတယ်။ ပြီးတော့ သူတို့အတွက် သီးသန့်ချက်ပြုတ်ပေးရတယ်''

''ဖေဖေ၊ သူတို့ကို ညနေစာကျွေးရင် အားဆေးထည့်ပြီး ကျွေးဖို့ မမေ့နေဦးမယ်နော်''

သမီးငယ်လေးက သူခွေးတွေအတွက် စိုးရိမ်စိတ်ဖြင့် ဝင်ပြီးပြောသည်။

''မမေ့ပါဘူး သမီးရဲ့၊ သူတို့အမေကို အဖေ မှာထားပါ့မယ်''

သူတို့သားအဖ ပြောနေတဲ့စကားတွေကို ကြားပြီး ပြုံးချင်ချင်ဖြစ်သွားမိသည်။ သူတို့အမေကို မှာထားမယ်လို့ပြောတော့ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်း သူတို့ မစဉ်းစားမိဘူးနဲ့ တူသည်။

ထိုအချိန်တွင် ဧည့်ခန်းအတွင်းသို့ ကျွန်တော့်သူငယ်ချင်း၏ဇနီး ရောက်လာလေသည်။ ခွေးနှစ်ကောင်သည် ဆက်တီခုံပေါ်မှ ခုန်ဆင်းလိုက်ပြီး သူမထံသို့ အလုအယက် ပြေးသွားပြန်သည်။

''ကြည့်စမ်း... ကြည့်စမ်း.... သမီးလေးတွေက လိမ္မာလိုက်တာ၊ လာ... လာ... မေမွေးသီလာ''

ကျွန်တော် ကိုက်ပြီး,ပြုံးလိုက်သည်။ ခွေးကို 'သမီး'လို့ ခေါ်လိုက်မှတော့ သူတို့မိသားစု ဘာဖြစ်သွားပြီလဲဗျာ။ စဉ်းစားသာ ကြည့်ကြပါတော့။

''ဆရာရေ၊ မနေ့ညနေကလည်းလေ ဒီသမီးနှစ်ယောက်ကို ဆေးခန်းပို့နေရတာနဲ့ သူအဖေလည်း မအားဘူး၊ ကျွန်မလည်း မအားဘူး။ ဆေးခန်းမှာလေ

www.burmeseclassic.com

www.burmeseclassic.com

အကြာကြီး စောင့်ရတယ်။ ဆေးခန်းကိုသာ သွားရတာ၊ အခြား ကူးစက်ရောဂါတွေ ပါလာမှာလည်း စိုးရသေးတယ် ဆရာရဲ့။ သူတို့နှစ်ယောက်က ဖျားရင်လည်း အတူတူ၊ နာရင်လည်း အတူတူ။ မနေ့ မနက်ကလေ ဒီနှစ်ယောက် နာစေးတယ် ဆရာရဲ့။ အပြင်မှာလည်း နေပူနေတယ်။ သူတို့က အဲယားကွန်းနဲ့မှ အိပ်တယ်။ အအေးမိတယ်။ ဒါကြောင့် ဆေးခန်းသွားရတာ။ သူတို့နေမကောင်းရင် တစ်အိမ်လုံး ထမင်းမစားနိုင်ကြဘူး ဆရာရဲ့"

တကယ်တော့ ကျွန်တော်က စာမူလာပြီး တောင်းတဲ့သူပါ။ စာအကြောင်း၊ ပေအကြောင်း မကြားရဘဲ ခွေးတရား၊ ခွေးစကားတွေသာ ကြားနေရသည်။ နားကြားပြင်းကတ်လှသည်။

ကျွန်တော့်သူငယ်ချင်းက ပြောသည်။

"ကိုဘုန်းရေ၊ ငါ ဆေးလိပ်ပြတ်သွားပြီကွ၊ ဒီခွေးတွေကြောင့်ပေါ့ကွာ"

"ကိုကိုကလည်း..... ခွေးလို့ မပြောပါနဲ့။ သမီးလို့ ပြောပါရှင့်"

"အေးပါကွာ အေးပါ။ ငါက ဆေးလိပ်သိပ်ကြိုက်တာကွ မင်းသိသားနဲ့။ တစ်နေ့ကို စီးကရက်တစ်ဘူး အမြဲသောက်တဲ့ငါ၊ တစ်နေ့တော့ကွာ၊ ဆေးလိပ်မီးကို ငါက မငြိမ်းဘဲ ဆေးလိပ်ခွက်ထဲကို ထည့်ထားခဲ့မိတယ်။ သူတို့ကလည်း ဆော့တယ်ကွ။ ဆော့ရင်းနဲ့ သူတို့အမွေးတွေကို မီးစွဲတယ်ကွ။ ပြေးလိုက်၊ အော်လိုက်တာကွာ သနားစရာ။ ဒါနဲ့ ငါလည်း ဆေးလိပ်ဖြတ်ဖို့ ဆုံးဖြတ်လိုက်တာ"

ဩော်... ငါ့သူငယ်ချင်းရယ်၊ ခွေးချွတ်မှ မင်းက ကျွတ်တဲ့ကောင်ပါလားဟု စိတ်ထဲတွင် မှတ်ချက်ချမိသည်။

"ဒါကြောင့်ပြောတာပေါ့၊ ဒီသမီးနှစ်ယောက်ကြောင့် အိမ်မှာ လူတွေ လိမ္မာလာတာ။ ငါ့သမီးဆို အပြင်သိပ်မထွက်တော့ဘူး။ သူကြောင့် ငါ့သမီးလည်း အိမ်မြဲလာတယ်"

ထိုအချိန်တွင် အမေက ဝင်ပြောသည်။

"ပြောရဦးမယ် ဆရာရေ၊ ဆန်းမီက ညညဆို အိမ်သာနှစ်ခါသွားတယ်။ ယွန်းမီက အိပ်ရာဝင်ခါနီးမှာတစ်ခါ၊ အိပ်ရာထမှာတစ်ခါ အိမ်သာသွားတတ်တယ်။ သူတို့တွေ ဝမ်းမှန်မှန်သွားဖို့ ဆေးကိုလည်း ပုံမှန်တိုက်ပေးရတယ် ဆရာရဲ့"

"ဟုတ်တယ် ဆရာ"

www.burmeseclassic.com

www.burmeseclassic.com

သမီးက ဝင်ပြီး ထောက်ခံလေသည်။

"ဟိုမှာလှန်းထားတာ သူတို့ကို သုတ်ပေးရတဲ့ တဘက်လေ။ ဟိုစင်ပေါ်မှာ တင်ထားတဲ့ ဆေးပုလင်းတွေက အားဆေးရယ်၊ ဝမ်းပျော့ဆေးရယ်၊ သန်ချတဲ့ ဆေးရယ်၊ အမွေးထဲမှာရှိတဲ့ သန်းတွေကို သေစေတဲ့ဆေးရယ်။ ပြီးတော့ သူတို့ကို ဆေးခန်းသွားပြရင် ယူသွားရတဲ့ မှတ်တမ်းစာအုပ်ပေါ့။ သေချာသိမ်းထားရတယ် ဆရာရဲ့"

ကျွန်တော့်သူငယ်ချင်းက ပြုံးပြုံးကြီး နားထောင်ပြီး ဝင်ပြောလေသည်။

"အေးကွ၊ တစ်လတစ်ခါလည်း ကာကွယ်ဆေးမှန်မှန် ထိုးပေးရသေးတယ်။ မနက်မနက်ဆိုရင်လည်း ခြံထဲကို လမ်းလျှောက်ထွက်ပေးရသေးတယ်။ ဒီနှစ်ယောက်ကြောင့် ငါလည်း လမ်းမှန်မှန်လျှောက်ဖြစ်လာတယ်ကွ။ အခု ဆိုရင် ငါ... ဝိတ်နည်းနည်းကျသွားတယ်၊ သူတို့ကြောင့်ပေါ့"

"ဖေဖေနော်၊ မနက်မနက် လမ်းလျှောက်ရင် သတိထားဦး။ သမီးရဲ့ သမီးနှစ်ယောက် စိတ်ကစားသွားရင် ဘယ်လိုလုပ်မလဲ။ လမ်းမှာတွေ့တဲ့ ပေါက်လွတ် ပဲစားတွေကို စိတ်ဝင်စားသွားမှဖြင့် သမီးတို့တော့ ရင်ကျိုးရချေရဲ့"

သူတို့မိသားစု ပြောနေသော ခွေးဦးကာကို ကျွန်တော်ဆက်ပြီး နားမထောင်ချင်တော့ပါ။ ကျွန်တော့်မှာ သူတို့ပြောသမျှကို စိတ်မဝင်စားဘဲ သည်းခံပြီး နားထောင်ပေးနေရသည်။ ပြောမယ့်သာပြောရတာ ခွေးနှစ်ကောင်ကလည်း တော်တော်လူကင်းပါးတဲ့ ခွေးတွေဗျ။ သူတို့အကြောင်းကို ပြောနေမှန်း သိနေပုံရသည်။ အမြီးကလေးကို တလှုပ်လှုပ်ဖြင့် နားထောင်နေလေသည်။

"ဒါနဲ့ နေပါဦး ကိုဘုန်းရ၊ မင်း ဘာကိစ္စနဲ့ ငါ့ဆီ လာတာတုံး"

ကျွန်တော့်စိတ်ထဲတွင် ထောင်းခနဲ ဒေါသထွက်သွားမိသည်။ အခုမှ မေးရသလားဟု ကျိန်ဆဲလိုက်မိသည်။ ရောက်ကတည်းက 'ခွေး ချီးမွမ်းခန်း'ပဲ နာ့ထောင်နေခဲ့ရသည်။ တော်သေးတာပေါ့၊ မေးဖော်ရလို့။

"မင်းပဲ ဒီနေ့ စာမူလာယူဆို။ ဒါ့ကြောင့် ငါစာမူလာပြီး တောင်းတာကွ။ ဘူမိဗေဒမဂ္ဂဇင်းက စာမူတွေကို စာစီနေပြီ။ မင်းရဲ့ စာမူကို ပါမောက္ခက တောင်းခိုင်းနေပြီကွ"

"ဆောရီးပဲ သူငယ်ချင်းရာ၊ ဒီနှစ်ယောက်ကြောင့် စာလည်း မရေးဖြစ်

www.burmeseclassic.com

www.burmeseclassic.com

ပါဘူး။ ငါ့မှာ သူတို့အတွက် ဆေးဝယ်ရ၊ အစာဝယ်ရ၊ ဆေးခန်းသွားရနဲ့။ ညနေစောင်းဆို ကားပေါ်တင်ပြီး လေညင်းခံ ထွက်ပေးရသေးတယ်ကွ။ နောက် တစ်ပတ်မှ ဆက်ဆက်လာယူကွာ၊ ငါ… ပြီးအောင် ရေးထားပါ့မယ်''

ဒီအချိန်ထိ ခွေးဦးကာက မဆုံးသေးပါလားဟု တွေးပြီး ကျွန်တော် ဒေါသထွက်လိုက်မိသည်။ ဒေါသကို မျိုသိပ်လိုက်သည်။

''ရပါတယ် သူငယ်ချင်းရာ၊ ငါကလည်း မင်းချိန်းထားလို့ ဝင်လာတာ။ နောက်တစ်ပတ်ပေါ့။ ရေးပြီးရင် ငါ့ကို ဖုန်းဆက်လိုက်၊ ငါလာယူမယ်။ ဒီမယ်… မင်းအမေအတွက်တောင် ငါကိတ်မုန့်တွေ ဝယ်လာသေးတယ်။ မင်းအမေရှိလား။ ငါကန်တော့ချင်လို့''

''အပေါ်ထပ်မှာ ရှိတယ်ကွ၊ အမေလည်း အိပ်ရာထဲ လဲနေတာကြာပြီ။ မင်းတက်သွားလိုက်လေ၊ အမေက မင်း 'စာ' တွေဖတ်ပြီး မင်းကို မေးမေးနေတာ''

ကျွန်တော် အိမ်အပေါ်သို့ တက်သွားပြီး သူငယ်ချင်း၏အမေကို တွေ့သည်။ ပါလာသော ကိတ်မုန့်ကို အမေ့လက်ထဲသို့ ထည့်ပြီး ကန်တော့သည်။ အမေက ကျွန်တော့်ကို မျက်ရည်ကြားထဲမှ ပြုံးပြသည်။

''သာခု… သာခု… သာခုပါ သားရယ်၊ ကိုဘုန်းရယ်''

''အမေ ဘာလို့ ငိုနေတာတုံး''

''ခံစားရလို့ပါကွယ်၊ အမေ့ကိုယ် အမေလည်း မေးနေမိတယ်၊ ငါ အပြစ်မြင်တတ်သူလားလို့''

''အမေ ဘာကို ဆိုလိုချင်တာလဲဗျာ''

''သားပဲ စဉ်းစားကြည့်လေ၊ ဆန်းမီနဲ့ ယွန်းမီကို ပြုစုလိုက်ကြတာ၊ ယုယလိုက်ကြတာ၊ ချစ်လိုက်ကြတာ၊ အမေ မနာလိုဖြစ်နေလို့ ပြောတာ မဟုတ်ဘူး။ အမေ့ကိုကျတော့ ဆေးတိုက်ဖို့မေ့နေတယ်။ ဆေးတိုက်ရင်လည်း ခုံပေါ်ပဲ တင်သွားတယ်။ တစ်ခါတလေ အမေ အပြင်ထွက်ချင်တယ်။ ကားလေးစီးပြီး အပြင်ကို ကြည့်ချင် တယ်။ ဘယ်သူကမှ အမေ့ကို မမေးဘူး''

ပြောရင်းဖြင့် မျက်ရည်ကျလာလေသည်။

''တစ်ခါတလေ အမေက စားချင်တာလေးကို ပြောမိတယ်။ သူတို့က မတည့်ဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ နေ့တိုင်း ဆန်ပြုတ်တိုက်တယ်။ ကြာလာတော့

www.burmeseclassic.com

www.burmeseclassic.com

အမေလည်း မစားချင်ဘူး။ ဂလူးကို့စ်ကလည်း နေ့တိုင်းသောက်နေရတော့ အရသာ မရှိတော့ဘူး။ အမေ ဘာစားချင်လဲလို့ သူတို့က မေးဖော်မရပါဘူးကွယ်။ အမေက အသက်ကြီးတော့ မေ့တတ်တယ်ကွဲ့။ တစ်နေ့ကလည်း ဆေးခန်းကိုသွားဖို့ ရက်ကလွန်သွားတယ်၊ ဆရာဝန်က ဆူတယ်။ အမေ ဘာပြောရမလဲ သားရယ်''

ကျွန်တော့်စိတ်ထဲတွင် ကျဉ်ခနဲ ခံစားလိုက်ရသည်။

''အမေက အိပ်ရာပေါ်မှာ အမြဲနေရတော့ ကျောပူတယ်သားရဲ့။ အမေ့ကျောလေးကို လက်ကလေးနဲ့ ပွတ်ပေးစေချင်တာ။ သူတို့က အဲယားကွန်း ဖွင့်ပေးထားရင် ပြီးပြီလို့ထင်တယ်။ ဘယ်သူကိုမှ မပြောချင်ပါဘူးကွယ်။ မင်းကိုတော့ ငါပြောလိုက်မိပြီ''

ကျွန်တော် နားထောင်နေရင်း ငိုချင်လာမိသည်။ သူငယ်ချင်းကိုလည်း ပြန်ပြောချင်သည်။ သူ နားလည်ရင်တော့ အကောင်းသား။

''သားရယ်၊ အမေ့သားတွေ၊ သမီးတွေ၊ မြေးတွေက အမေ့ကို မေ့နေကြတယ်။ အမေ့ခံစားချက်ကို ဂရုမစိုက်ကြဘူး။ အမေ့ကို နေ့တိုင်းတွေ့နေပြီး မမြင်ကြဘူး၊ မချစ်ကြဘူး၊ ငြူစူကြတယ်။ ဟိုအမွေးဖွားဖွား ခွေးနှစ်ကောင်ကိုတော့ ဂရုစိုက်ကြတယ်၊ ချစ်ကြတယ်။ အမေ မသေခင် အမေ့ကို သူတို့ နားလည်စေချင်တယ်၊ မမေ့စေချင်ဘူး။ ဂရုစိုက်စေချင်တယ်၊ ချစ်စေချင်တယ်၊ သိရဲ့လား... သား၊ အမေသေရင်တောင် နောက်ဘဝမှာ တယ်လီယာခွေးများ ဖြစ်လေမလားမသိ''

''ဘာကြောင့်လဲ အမေရယ်''

အမေ့စကားကြောင့် ကျွန်တော် တအံ့တသြ ဖြစ်သွားမိသည်။

''သားရယ်... သူတို့တစ်တွေက ဒီတယ်လီယာခွေးနှစ်ကောင်ကိုပဲ ချစ်နေကြတယ်၊ ယုယနေကြတယ်၊ ဂရုစိုက်နေကြတယ်။ သူတို့အချစ်ကို အမေ ခံချင်တယ်လေ။ ဒီတော့ ဒီခွေးနှစ်ကောင်အပေါ်မှာ အမေ့စိတ်တွေက ရောက်ရောက်နေတယ်။ တစ်ခါတလေ ဒေါသဖြစ်ပြီး စိတ်က စွဲနေတယ်။ တစ်ခါတလေ စိတ်အားငယ်ပြီး ဒီခွေးနှစ်ကောင်ကိုပဲ မနာလိုဖြစ်နေမိတယ်။ တရားအမှတ်နဲ့ နေတာပါပဲကွယ်၊ ဒါပေမဲ့ မရပါဘူး။ သူတို့တစ်တွေ ဒီခွေးနှစ်ကောင်နဲ့ အလုပ်တွေရှုပ်နေကြ၊ ပျော်နေကြတာကို ကြားရင် စိတ်ထဲမှာ ဝမ်းနည်းနေမိတယ်။ အမေသေတဲ့အချိန် ဒီစိတ်ကြီးနဲ့များ သေခဲ့ရင် အမေတော့ နောက်ဘဝမှာ ခွေးများ ဖြစ်လေမလားမသိ''

www.burmeseclassic.com

www.burmeseclassic.com

ဩော်... အမေရယ်။

အိမ်အပေါ်မှ ဆင်းအလာတွင် ခွေးနှစ်ကောင်က ကျွန်တော့်ကို မဟောင်ကြတော့။ လာပြီး နမ်းသည်။ တော်တော်လည်တဲ့ခွေး။ ဒါပေမဲ့ ဒီခွေးနှစ်ကောင်ကိုတော့ ကျွန်တော် ခံစား၍ မရပါ။ သို့သော် ကြေကွဲသော ခံစားမှုတစ်ခုဖြင့် ကျွန်တော် ပြန်လာခဲ့ရသည်။

♥♥♥

လောကကြီးမှာ ခွေးကို လူထက် တန်ဖိုးထားတတ်ကြတဲ့ လူအသိုင်းအဝိုင်းကြီးတစ်ခု ရှိနေပါ့လား။

လူတန်ဖိုးထက် ခွေးကို တန်ဖိုးထားကြတဲ့ ခွေးလိုမိသားစုတွေ ကျွန်တော်တို့ လူပတ်ဝန်းကျင်မှာ အများကြီး ရှိနေပါ့လား။

ထိုနေ့က...

သူငယ်ချင်းထံမှ ကျွန်တော် စာမူ မရခဲ့။

သူငယ်ချင်းအိမ်မှ ကျွန်တော် စာတစ်ပုဒ် ရခဲ့သည်။

မဟေသီမင်္ဂဇင်း

■

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးက

ဆေးကြောင်နေတာဆိုတော့

သူ့အကျီကို သူကိုယ်တိုင်

ဆုတ်ဖြဲပါတော့တယ်။

မြင်မကောင်းအောင်ကို ဆုတ်ဖြဲတာပျာ။

အပေါ်ဝိုင်းကို ဗလာကျင်းလုနီးပါးပဲ။

လူရွယ်ကလည်း

စီးကရက်ကို ဆက်မသောက်ဘဲ

ကြည့်ကောင်းကောင်းနဲ့

တစိမ့်စိမ့် ကြည့်နေရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com

မီးရထား

မိုးညှင်းမြို့သို့ စာပေဟောပြောပွဲ သွားခဲ့စဉ်က ဖြစ်သည်။

စာပေဟောပြောပွဲ ဖြစ်မြောက်ရေးကော်မတီက မန္တလေး-မြစ်ကြီးနား လေယာဉ်လက်မှတ် စီစဉ်ပေးပါသည်။ သို့သော် မြစ်ကြီးနားမှတစ်ဆင့် မိုးညှင်းသို့ မီးရထား ပြန်စီးရဦးမည်တဲ့။ ထို့ကြောင့် လေယာဉ်ဖြင့် မသွားတော့ဘဲ မန္တလေးမှ မိုးညှင်းသို့ မြစ်ကြီးနားရထားဖြင့် သွားခဲ့ရပါသည်။

ရထားသည် မန္တလေးဘူတာကြီးမှ နေ့လယ် (၂)နာရီတွင် ထွက်ခွာပါသည်။ ကျွန်တော်စီးသော မီးရထားတွင် ခရီးသည်များ ပြည့်ကျပ်လျက် ရှိသည်။ သေချာတွေးကြည့်တော့ ပျော်စရာပင် ကောင်းနေပါသေးသည်။ လူတွေကလည်း အစုံစုံ၊ ပစ္စည်းတွေကလည်း အမုံမုံ၊ အာရုံမျိုးစုံဖြင့် ခရီးသွားရသည်မှာ ဝတ္ထုတစ်ပုဒ်ကို ဖတ်နေရသည်နှင့် တူနေပါ၏။

မီးရထားသည် တအိအိဖြင့် မန္တလေးဘူတာကြီးမှ ရုမ်းစု။ ထိုမှတစ်ဆင့် မြို့ဟောင်း၊ အမရပူရ၊ စစ်ကိုင်း၊ ရွာထောင်.... ခရီးနှင်နေပါတော့သည်။ မီးရထားစီးရသည်မှာ အလွန်ပျော်စရာ ကောင်းပါသည်။ သူငယ်တန်း ဖတ်စာထဲကလို 'ရကောက်' ရထားကြီး ပျော်ပျော်စီးဆိုတာ ဒါမျိုးပဲ ဖြစ်မည်ထင်သည်။ ရထားသည် ရံဖန်ရံခါတွင် ကျွဲစီးရသည်နှင့် တူ၏။ ရံဖန်ရံခါတွင် လှည်းကြမ်းစီးရသည်နှင့် တူ၏။ ရံဖန်ရံခါတွင် ခုန်ပေါက်နေသော နွားရိုင်းကို စီးနေရသည်နှင့် တူ၏။

www.burmeseclassic.com

www.burmeseclassic.com

ရံဖန်ရံခါတွင် မြင်းစီးရသလို၊ ဆင်စီးရသလို… အမျိုးမျိုးသော ရသကို ပေးစွမ်းနိုင်ပါသည်။

ကျွန်တော်နှင့်အတူ လိုက်ပါလာသော စာပေဖြစ်မြောက်ရေး ကော်မတီဝင်ထဲမှ လူငယ်များနှင့် ရောက်တတ်ရာရာ စကားပြောကြရင်း မန္တလေး-မြစ်ကြီးနား မီးရထားလမ်းအကြောင်းကို ရောက်သွားလေတော့သည်။

"ဆရာ… သိလား၊ မြစ်ကြီးနားကို သွားဖို့ ဒီတစ်လမ်းပဲရှိတာ၊ လေယာဉ်ကတော့ လူတိုင်း မစီးနိုင်ဘူးပေါ့ဗျာ"

"ဒီမီးရထားလမ်း ဖောက်ခဲ့တာ နှစ် (၁၀၀)ကျော်သွားပြီတဲ့"

"ရထားစီးရတာ အဆီကျတယ်ဗျ၊ ခုနပေါက်နေရလို့"

"ကချင်ပြည်နယ်က ကျောက်စိမ်းထွက်တယ်ဗျာ၊ ရွှေထွက်တယ်ဗျာ၊ သစ်တွေ ထွက်တယ်ဗျာ။ ဒါတွေအားလုံးကို စီးပွားရေးသမားတွေက သူတို့ အိတ်ထောင်ထဲ ထည့်သွားကြတယ်။ ခေါင်းစဉ်မျိုးစုံတပ်ထားတဲ့ ကုမ္ပဏီတွေကလည်း ကိုယ်ကျိုးရှာကြတယ်။ နောက်ဆုံးတော့ သဘာဝပတ်ဝန်းကျင် ပျက်စီးသွားတာပဲ အဖတ်တင်တယ်။ မီးရထားလမ်း၊ ကားလမ်းကို ကောင်းအောင်လုပ်ပေးဖို့ ဘယ်လုပ်ငန်းရှင်ကမှ စဉ်းစားမပေးပါဘူးဗျာ"

"ဖက်စပ်၊ ဖက်စပ်နဲ့ ကျွန်တော်တို့ကို ဖက်သတ်သွားသလိုပါပဲ ဆရာရယ်။ ကချင်ပြည်နယ်ကို ဆက်သွယ်လို့ရတဲ့ လမ်းက ဒီတစ်ခုတည်း ရှိတာ၊ ဒီမီးရထားလမ်းလေးတော့ ကောင်းစေချင်တယ်။ ဆရာ့အမြင်ပဲလေ၊ လူတွေကတော့ ဒုက္ခနဲ့ နေသားကျနေပါပြီ ဆရာရယ်"

သူတို့က ခံစားချက်ဖြင့် စကားကိုပြောသည်။ ကရုဏာစိတ်ကြောင့် ဖြစ်လာသော စကားများ ဖြစ်သည်။

ထိုသို့ စကားလက်ဆုံကျရင်းဖြင့် ချစ်စရာကောင်းသော မြန်မာ့ဓလေ့ယဉ်ကျေးမှု စာပေအကြောင်းများကို မီးရထားပေါ်တွင် ဆွေးနွေးဖြစ်ကြပါသည်။ တစ်ခါတစ်ရံ ကျွန်တော်က နားထောင်သည်။ ဆွေးနွေးသည်။ တစ်ခါတစ်ရံ ကျွန်တော်က ပြောကြားသူ။

ကျွန်တော် ပြောဖြစ်ခဲ့သည့် စကားများကို အမှတ်ရနေမိသည်။

"ကျွန်တော် စင်ကာပူရောက်တုန်းက သူငယ်ချင်းတွေနဲ့ တွေ့တယ်ဗျ။

www.burmeseclassic.com

www.burmeseclassic.com

ခက်တာက မီးရထား မစီးတတ်ဘူး။ ဘူတာတွေကို ကျွန်တော် မမှတ်မိဘူး။ မပြောတတ်ဘူး။ ကျွန်တော့်သူငယ်ချင်းက ဖုန်းဆက်တယ်၊ ပင်နီဆူလားအောက်က မြေအောက်ရထားနဲ့ လာခဲ့တဲ့။ ကျွန်တော်ကလည်း ဘယ်သွားတတ်၊ လာတတ်မှာ တုံး။ သူက ပြောတယ်၊ ည (၈)နာရီခွဲတိတိမှာ ရပ်တဲ့ရထားပေါ် တက်စီးခဲ့၊ နောက် (၂၅)မိနစ်ကြာရင် ရပ်တဲ့ဘူတာမှာ ဆင်းလိုက်၊ ငါရှိမယ်တဲ့"

အားလုံးက စိတ်ဝင်စားနေကြသည်။

"သူပြောတဲ့အတိုင်း ကျွန်တော်က အရဲစွန့်ပြီး စီးရတာပေါ့ဗျာ။ ဟုတ်တယ်ဗျ၊ ရထားက (၅)မိနစ်ကို (၁)စီးလောက် ဆိုက်တယ်ဗျ။ ကျွန်တော်က (၈)နာရီခွဲတိတိမှာ ရောက်လာတဲ့ ရထားပေါ် တက်လိုက်တယ်။ မီးရထားကဗျာ သွားလိုက်-ရပ်လိုက်နဲ့။ ကျွန်တော်က လက်ပတ်နာရီကို ငုံကြည့်နေမိတယ်။ (၂၅) မိနစ်လည်း ကြာရော ဘူတာတစ်ခုကို ရောက်တော့တယ်။ ကျွန်တော်က ဆင်းသွားလိုက်တယ်။ ကျွန်တော့်သူငယ်ချင်းကို တန်းတန်းမတ်မတ်ကြီး တွေ့တော့တာပဲ"

အားလုံးက ကျွန်တော်ပြောသည်ကို ပုံပြင်သဖွယ် နားထောင်နေကြတော့သည်။

လူငယ်တစ်ယောက်က အရှုန်းဝင်ဖောက်သည်။

"ဒီမှာဆိုရင်တော့ ကြိုတဲ့သူနဲ့ လွဲမှားသေချာတယ် ဆရာရေ၊ ဘာကြောင့်လဲ ဆိုတော့ အခြိန်မမှန်တာက များတယ်လေ"

ထိုသို့ဖြင့် အခြိန်မလေးစားတတ်သည့် မြန်မာ့လူအဖွဲ့အစည်းအကြောင်းကို ပြောဖြစ်ကြပြန်တော့သည်။

"ကဲ... နောက်ထပ် မီးရထားနဲ့ ပတ်သက်တဲ့ ဝတ္ထုတိုတစ်ပုဒ်လည်း ကျွန်တော်ဖတ်ဖူးတယ်၊ ဂျပန်ဝတ္ထုတိုဗျ။ ဖတ်ဖူးတာတော့ ကြာပါပြီ၊ တက္ကသိုလ် ကျောင်းသားဘဝတုန်းက ဖတ်ဖူးတာ"

မီးရထားက ဂျုံး... ဂျုံး... ဂျက်... ဂျက်... ဖြင့် မဲဇာကို ကျော်ဖြတ်နေပါသည်။ တစ်ဖက်က တောင်။ တစ်ဖက်က ရေရှိသောချောင်း။ အလွန် အသည်းထိတ်ရင်ဖိုစရာ ကောင်းပါသည်။ မီးရထားတစ်တွဲလုံး အိပ်နေကြသည်။ ကျွန်တော်တို့ အုပ်စုကသာ စကားတွေ များနေကြခြင်း ဖြစ်သည်။

"အဲဒီဝတ္ထုတိုထဲမှာ ဇာတ်လမ်းအစကို မီးရထားတွဲနဲ့ စ,ထားတယ်ဗျ။

www.burmeseclassic.com

www.burmeseclassic.com

မီးရထားတွဲထဲမှာ လှပသပ်ရပ်တဲ့ လူရွယ်တစ်ယောက်ရယ်၊ အင်္ကျီဖရိုဖရဲ ဝတ်ထားတဲ့ အမျိုးသမီး ခပ်ချောချောတစ်ယောက်ရယ်၊ တစ်တွဲလုံးမှာ အဲဒီ (၂)ယောက်တည်း ပါတယ်။ အမျိုးသမီးက မျက်နှာမှာလည်း အလှအပတွေ ခြယ်သထားတယ်၊ ဝတ်ထားတဲ့ အဝတ်အစားကလည်း မပေါ့တပေါ်ပေါ့ဗျာ။ မျက်လုံးကလည်း ယောက်ျားတွေကို ညှို့ယူဖမ်းစားတဲ့ မျက်လုံးမျိုးဗျ။ လက်ထဲမှာလည်း ပိုက်ဆံအိတ်က ပါလိုက်သေးတယ်။ အဲဒီအမျိုးသမီးက မီးရထားစီးရင်းနဲ့ သူ့ပါးကို သူ့လက်နဲ့ တအားပွတ်နေတယ်။ ပြီးတော့ သူ့ပေါင်ကိုလည်း သူ့လက်နဲ့ပဲ တအား ကုတ်ခြစ်နေတယ်။ ဟိုဘက်က လူရွယ်ကို မကြာမကြာ ခိုးကြည့်ပြီး ပြုံးပြတယ်။ လူရွယ်ကတော့ ခပ်တည်တည်ပဲဗျ စီးကရက်သောက်နေတယ်"

အပြင်ဘက်တွင် အမှောင်ထုက ကြီးစိုးနေသည်။ မီးရထားသည် တအိအိဖြင့် မနိုင်ဝန်ကို ထမ်းလျက် ခရီးဆက်နေရရှာသည်။

"အဲဒီမိန်းမက လူရွယ်ဆီကို ထသွားတယ်။ ငါ့ကို ပိုက်ဆံပေးပါတဲ့။ နင့်လက်ထဲက စီးကရက်လည်း ငါ့ကိုပေးပါတဲ့။ ငါ ဆေးလိုနေတယ်။ လူရွယ်က ပြုံးပြီး ကြည့်နေတယ်။ စီးကရက်ကို ဖွာလိုက်တယ်။ ဘာမှ ပြန်မပြောဘူး။ မိန်းမက ထပ်ပြောတယ်။ နင် ငါ့ကို ပိုက်ဆံပေးမလား၊ မပေးဘူးလား။ စီးကရက်ပေးမလား... မပေးဘူးလား။ မပေးရင်... ငါ့အင်္ကျီကို ငါ ဆုတ်ဖြိုပြီး ငါ့ကို နင် ဗလက္ကာရ လုပ်ပါတယ်ဆိုပြီး ရဲကို ခေါ်လိုက်မှာနော်၊ ငါ့ကို ပိုက်ဆံပေးပါ"

အမှောင်ထဲတွင် ကျွန်တော့်စကားကို အားလုံးက စိတ်ဝင်စားနေကြသည်။

"အဲဒီအချိန်မှာ လူရွယ်က ပြန်ပြောလိုက်တယ်။ မပေးနိုင်ဘူး၊ မင်း... သဘောပဲ။ အဲဒီလိုလည်းဆိုရော အမျိုးသမီးက ဆေးကြောင်နေတာဆိုတော့ သူ့အင်္ကျီကို သူကိုယ်တိုင် ဆုတ်ဖြဲပါတော့တယ်။ မြင်မကောင်းအောင်ကို ဆုတ်ဖြဲတာဗျာ အပေါ်ပိုင်းကို ဗလာကျင်းလု နီးပါးပဲ။ လူရွယ်ကလည်း စီးကရက်ကို ဆက်မသောက်ဘဲ ကြည့်ကောင်းကောင်းနဲ့ တစိမ့်စိမ့် ကြည့်နေရှာတယ်တဲ့။ အမျိုးသမီးက အဲဒီလိုလည်း ဆုတ်ဖြဲပြီးရော အရေးပေါ်ခေါင်းလောင်းကို နှိပ်လိုက်တယ်၊ မီးရထားက ရပ်သွားတယ်၊ သူတို့တွဲပေါ်ကို ရဲအရာရှိတွေ ရောက်လာတယ်"

ကျွန်တော်က စကားကို ခဏလေးရပ်လိုက်သည်။ ရေသောက်ဦးမယ်လို့

www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီး ရောဘူး ရှာလိုက်သည်။

"ဆရာကလည်းဗျာ ကောင်းခန်းရောက်မှ ရေသောက်ရတယ်လို့"

"ဆက်ပြောမှာပါကွ၊ ရဲတွေလည်း ရောက်လာရော ကိုယ့်ဆံပင်ကို ကိုယ်ကိုယ်တိုင် ဖွာလန်ကြဲထားတဲ့ အပေါ်ပိုင်းဗလာနဲ့ အမျိုးသမီးက သူ့ကို ဗလက္ကာရ လုပ်ပါတယ်ဆိုပြီး ရဲကို တိုင်ပါတော့တယ်။ ကဲ... ဒီနေရာမှာ ကျွန်တော် မေးမယ်၊ ရဲက အမျိုးသမီးကို ဖမ်းမယ်ထင်လား၊ အမျိုးသားကို ဖမ်းမယ်ထင်လား"

လူတစ်ယောက်က စိတ်ဝင်တစား ဝင်ဖြေသည်။

"ဟာဗျာ... အမျိုးသားကို ဖမ်းရမှာပေါ့ဗျ၊ အမျိုးသမီးက အမျိုးသမီး အခွင့်အရေးရှိတာပဲ"

နောက်တစ်ယောက်က ဝင်ပြီး ဖြေပြန်သည်။

"ကျွန်တော်တို့ဆီလိုဆိုရင်တော့ ရဲစခန်းကို ခဏလိုက်ခဲ့ပါ၊ ရဲစခန်း ရောက်မှ ကြည့်ရှုင်းတာပေါ့"

နောက်တစ်ယောက်က ဖြေပြန်သည်။

"ဘာပဲဖြစ်ဖြစ် အမျိုးသားတော့ ဒုက္ခပဲ"

"ကဲ... ကျွန်တော်ပဲ ဖြေမယ်၊ ဝတ္ထုထဲက အဖြေနော်၊ ရဲတွေက အမျိုးသားကို မဖမ်းဘဲ အမျိုးသမီးကို ဖမ်းတယ်ဗျ"

"ဗျာ..."

နားထောင်နေသူ အားလုံးက အံ့အားသင့်သွားကြသည်။

"ဒီလိုဗျ၊ သူတို့ဆီက ရဲတွေက အခင်းဖြစ်တဲ့နေရာကို မျက်လုံးနဲ့ တစ်ချက်ကလေး ဝေ့ကြည့်ပြီး ဆုံးဖြတ်ချက်ချလိုက်တယ်၊ ဒီပြဿနာမှာ တရားခံက အမျိုးသမီးပဲ"

တစ်ယောက်က ဝင်ထောက်သည်။

"ဆရာကလည်းဗျာ၊ ဟိုမှာက အင်္ကျီကလည်း စုတ်ပြဲ၊ အင်္ကျီက လည်း ဗလာကျင်းနေတာတောင် အမျိုးသမီးကို ဖမ်းရသလားဗျ"

"ဒီလိုရှိတယ်ကိုယ့်လူရ၊ ရဲတွေက လူရွယ်ရဲ့လက်ထဲမှာရှိတဲ့ စီးကရက် တိုကို ကြည့်လိုက်တယ်၊ စီးကရက်တိုမှာ ဆေးလိပ်ပြာက လက်တစ်ဆစ်ခွဲလောက်ရှိ နေတာကို သတိပြုမိတယ်။ ဒါဆိုရင် ဒီအမျိုးသမီးကို ဒီလူရွယ်က မတော်တရော်

www.burmeseclassic.com

www.burmeseclassic.com

ပြုမူတယ်ဆိုတာ မဖြစ်နိုင်ဘူး၊ အမျိုးသမီး လီဆယ်တာပဲ ဖြစ်မယ်။ စီးကရက်တိုမှာ ရှိတဲ့ ပြာလက်တစ်ဆစ်ကြောင့် အမျိုးသမီးကို ရဲတွေက ဖမ်းလိုက်တာပဲဗျ''

''ဩော်... သူတို့ဆီက ရထားက အဲဒီလောက်တောင် ငြိမ်သလားဗျာ၊ အံ့သြပါ့၊ ဒီမှာ ဆိုရင်တော့...''

မြစ်ငယ်မိုးရထား ရာပြည့်

■

www.burmeseclassic.com

www.burmeseclassic.com

လင်းလွန်းခင် စာပေတိုက်မှ ထုတ်ဝေပြီး စာအုပ်များ

၁။ ငွေလရောင်ပုလဲနားဆွဲ	ကြည်ရွှန်း
၂။ တိမ်ယံအိပ်မက် မိုးထက်နရီ	ဆူးငှက်
၃။ ပိုးရည်တောင်စာ	နေဝင်းမြင့်၊ ခင်ခင်ထူး
၄။ ခုနစ်နေ့ ခုနစ်နံ့ မန္တလေး	ကလောင်စုံ
၅။ အလှည့်ကျဇာတ်ကောင်နှင့်အတွေးသစ်ဆောင်းပါးများ	ထက်ခေါင်
၆။ မိုးစပ်တောင်ရိပ်မိုသူများ	မြို့သာမရာထို
၇။ ဘေးတိုက်ဇာတ်လမ်း	ကြည်ရွှန်း
၈။ ချစ်ခြင်း၏အလွန်	ရွှေသင္ဘာ
၉။ ပင်လယ်ဖြတ်တဲ့လှည်း	ခင်ခင်ထူး၊ မိုးဘားဒိုင်
၁၀။ ရွှေရောင်လွှမ်းတဲ့ ပန်းခင်းစကြာ	မောင်သင်းထုံ(ကျောက်မဲ)
၁၁။ ခုနစ်ရောင်ခြယ်မန္တလေး	ကလောင်စုံ
၁၂။ ရင်ချင်းဆက်	ဆူးငှက်
၁၃။ "တွင်း" (အတွေးစာစကား)	ဦးဘုန်း (ဓာတု) မန္တလေး
၁၄။ အိပ်မက်ပြဇာတ်ထဲက ဘယာနကပုစ္ဆာ	ဦးဆွေ
၁၅။ ခုနစ်လွှာဝတ်ရုံ	ကလောင်စုံ
၁၆။ နီးနီးဝေးဝေး အတွေးလက်ဆောင်	ဦးဘုန်း (ဓာတု)
၁၇။ လုပ်ချင်တာတွေ လုပ်နိုင်ဖို့...	ကြည်မင်း
၁၈။ ခုနစ်သွယ်ရောင်စဉ်	ကလောင်စုံ
၁၉။ ငှက်တစ်ကောင်၏ အတွေးရန့်	ဦးဘုန်း (ဓာတု)
၂၀။ ဗျိုင်းမည်းနှင့် အခြားဝတ္ထုတိုများ	နေဝင်းမြင့်
၂၁။ ရွှေအမြုတေ လက်ရွေးစင်ဝတ္ထုရှည်များ	ကလောင်စုံ
၂၂။ တိမ်ပြာဆိုင်းလို့ မြူမှိုင်းမှုန်ရီ	နီမင်းဆွေ
၂၃။ အလူမီနီယံမျက်နှာပြင်ပေါ်မှ ဟသံပဒါးပုံရိပ်များ	ဆူးငှက်
၂၄။ ဂန္ဓဝင်လမင်းနှင့် အခြားဝတ္ထုတိုများ	ဒေါင်းနေမင်း
၂၅။ ပန်းများချစ်တဲ့ ကန္တာရနှင်း	မိချမ်းဝေ
၂၆။ လင်းလွန်းခင်စိတ်ကြိုက် မဂ္ဂဇင်းဝတ္ထုတိုများ	ကလောင်စုံ
၂၇။ ခေတ်သစ်ပုံပြင်များ	ဖေလင်းသစ်
၂၈။ ဓမ္မအလင်းတန်းများ(အလင်းတန်းဂျာနယ် ဝမ္မဆောင်းပါးများစုစည်းမှု)	ကလောင်စုံ
၂၉။ တော်တီလာဖလက်ရပ်ကွက်နှင့် မဂ္ဂဇင်းဝတ္ထုရှည်များ	ကလောင်စုံ
၃၀။ သုည အတွေးရသစာစု	ဦးဘုန်း(ဓာတု)မန္တလေး
၃၁။ အရောင်သွေးစုံစုံ ဘဝဇာတ်ခုံအဖုံဖုံ	ကျော်ရင်မြင့်
၃၂။ ဗိုလ်ချုပ်အောင်ဆန်း၏အဆိုအမိန့်များ	မောင်ပုဆိုးကြမ်း

www.burmeseclassic.com

www.burmeseclassic.com

- ခေါင်းဆောင်ကောင်းဆိုတာ
  ငွေကြေးချမ်းသာဖို့ထက်
  ဂုဏ်သိက္ခာချမ်းသာဖို့က ပိုပြီးအရေးကြီးတယ်

- ခေါင်းဆောင်ကောင်းဆိုတာ
  အုတ်ရိုးနဲ့တည်ဆောက်ထားတဲ့ နန်းတော်ကြီးပိုင်ဆိုင်ဖို့ထက်
  ပြည်သူ့နှလုံးသားနဲ့ တည်ဆောက်ထားတဲ့
  မေတ္တာနန်းတော်ကြီးပိုင်ဆိုင်ဖို့ ပိုပြီးအရေးကြီးတယ်

- ခေါင်းဆောင်ကောင်းဆိုတာ
  စိန်တွေ ရွှေတွေ စီခြယ်ထားတဲ့
  သရဖူကို ဦးခေါင်းမှာ ဆင်မြန်းဖို့ထက်
  အကျင့်သီလသန့်စင်ခြင်းဆိုတဲ့ ခေါင်းပေါင်းကိုသာ
  ဦးခေါင်းမှာ ဆင်မြန်းဖို့ ပိုပြီးအရေးကြီးတယ်

- ခေါင်းဆောင်ကောင်းဆိုတာ
  ကိုယ်မွေးထားတဲ့ သားသမီးတွေက ကိုယ့်ကိုချစ်ဖို့ထက်
  တိုင်းသူပြည်သားတွေက ကိုယ့်ကိုချစ်ဖို့ ပိုပြီးအရေးကြီးတယ်

design Antt Bwere Zin

www.burmeseclassic.com